ကာလေန ဓမ္မသာကစ္ဆာ ဧတံ မင်္ဂလမုတ္တမံ၊ သင့်လျော်သောအခါ၌ တရားဆွေးနွေးခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၃ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇူလိုင် ၂၉ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၁)၊ အမှတ်(၃၀၀)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နီပေါနိုင်ငံဘုရင်မင်းမြတ်ထံ သဝဏ်လွှာပေးပို့

ရန်ကုန် ဇူလိုင် ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နီပေါနိုင်ငံ အရှေ့ပိုင်းတွင် မကြာသေးမီက ရေကြီးမှုနှင့် မြေပြိုခြင်းများကြောင့် လူနှင့် အသက်အိုးအိမ် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် နီပေါနိုင်ငံ ဘုရင်မင်းမြတ် ဂျန်နင်ဒရာ ဘီ၊ ဘီခရမ်ရှားဒေ့ဗ်ထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

စည်းကမ်းပြည့်ဝသည့်ဒီမိုကရေစီနိုင်ငံတော်ကြီးပေါ်ထွန်းလာစေရေး နိုင်ငံတော်ရွေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်ဆောင်ရွက်လျက်ရှိ ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီး၏အပိုင်းတစ်ပိုင်း အောင်မြင်စွာကျင်းပနိုင်

တရားစီရင်ရေးပင်မတာဝန်နှင့်ယှဉ်တွဲပြီး အမျိုးသားညီလာခံကြီးအောင်မြင်ပြီးမြောက်ရေး အမျိုးသားရေးတာဝန်ကို ကျရာအခန်းကဏ္ဍက တာဝန်ကျေပွန်စွာပါဝင်ထမ်းရွက်

ရန်ကုန် ဇူလိုင် ၂၈

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ တရားရုံးချုပ်နှင့် ပြည်နယ်၊ တိုင်း၊ ခရိုင် တရားသူကြီးများ၊ ရှေ့နေချုပ်ရုံးနှင့် ပြည်နယ်၊ တိုင်း၊ ခရိုင် ဥပဒေအရာရှိများအား တွေ့ဆုံပြီး တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များကို မှာကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ ▼

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တရားရုံးချုပ်နှင့် ပြည်နယ်၊ တိုင်း၊ ခရိုင် တရားသူကြီးများ၊ ရှေ့နေချုပ်ရုံးနှင့် ပြည်နယ်၊ တိုင်း၊ ခရိုင် ဥပဒေအရာရှိများအား တွေ့ဆုံပြီး တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များ မှာကြားစဉ်။ (သတင်းစဉ်)

မှန်ကန်သော တရားစီရင်မှု ပြည်သူယုံကြည်ရန်

- ☆ နိုင်ငံတော်က အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အလေးထားတိုက်ဖျက်နေသည့် မူးယစ်ဆေးဝါးမှုများတွင် ထိရောက်ဟန့်တားလောက်သည့် ပြစ်ဒဏ်ချမှတ်၊
- ☆ နိုင်ငံတော်၏စီးပွားရေးကိုသာမက ပြည်သူများ၏ လူမှုစီးပွားရေးဘဝနှင့် အကျင့်စာရိတ္တကိုပါ ပျက်ယွင်းစေသော လောင်းကစားများ ထိထိရောက်ရောက်ကာကွယ်တားဆီးနိုင်မှန်း၊
- ☆ အမျိုးသမီးများ၏ဘဝလုံခြုံရေးနှင့် အမျိုးသမီးများ အကြမ်းဖက်ခံရမှုမှ တားဆီးကာကွယ်ရေးအတွက် တစ်မျိုးသားလုံးက ကြိုးပမ်းဆောင်ရွက်၊
- ☆ ဥပဒေအရာရှိများ ပြစ်မှုဆိုင်ရာမှုခင်းများကို ဥပဒေအကြံပေးရာတွင် ဥပဒေနှင့်ညီညွတ်ပြီး ခေတ်စနစ်အမြင်ဖြင့်လျော်ညီသော ဥပဒေအကြံများပေးရန်လို။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်)

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး ကျရာကဏ္ဍက ညီညီညွတ်ညွတ် လက်တွဲဆောင်ရွက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ပြည်နယ်ခုနစ်ခုနှင့် တိုင်းခုနစ်ခုတို့ဖြင့် ဖွဲ့စည်းဖြစ်တည်နေသော ပြည်ထောင်စုကြီးဖြစ်သည်။ ပြည်ထောင်စုကြီး ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရနှင့်အတူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက စုစည်းညီညာစွာဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက ပြည်ထောင်စုကြီးတစ်ရပ်လုံး ကွက်လပ်မကျန် တစ်ပြိုင်တည်းဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခုစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းတို့ကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ကချင်ပြည်နယ်တွင် ပြည်ထောင်စုဖွား တိုင်းရင်းသားများသည် ရှေးပဝေသဏီကပင် အတူတကွ ဥမကွဲသိုက်မပျက် နေထိုင်လာခဲ့သဖြင့် တိုင်းရင်းသားပေါင်းစုံနေထိုင်သည့် ပြည်ထောင်စုကလေးသဖွယ်ပင်ဖြစ်သည်။ ထို့ကြောင့် ပြည်နယ်အတွင်း စုပေါင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၏ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် ကချင်ပြည်နယ် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် စည်းရုံး ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ဇူလိုင်လ ၂၆ ရက်နေ့ နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ မှာကြားခဲ့သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမှာစကားပြောကြားရာတွင်–

“နိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏ ရှေ့အနာဂတ်ကောင်းမွန်စေရေး၊ ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးနှင့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအနေဖြင့် ထာဝရ ရပ်တည်နိုင်ရေးတို့အတွက် ရေရှည်အကျိုးကို မျှော်မှန်းပြီး နိုင်ငံတော်ကိုတည်ဆောက်နေခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ တည်ဆောက်လျက်ရှိရာတွင် စစ်မှန်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ် ကျင့်သုံးနိုင်ရေးအတွက် မိမိတို့နိုင်ငံနှင့် လိုက်လျောညီထွေသည့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပေးပြီး အမျိုးသားညီလာခံကြီး ကျင်းပဆောင်ရွက်နေပြီဖြစ်ကြောင်း”

ဆွေးနွေးပြောကြားသည်။

ကချင်ပြည်နယ်၏ အကျယ်အဝန်းမှာ ဧရိယာဧက ၂၂ သန်းကျော်ရှိပြီး မြန်မာနိုင်ငံတွင် တတိယ အကျယ်အဝန်းဆုံး ပြည်နယ်တစ်ခုဖြစ်သည်။ ပြည်နယ်အတွင်း နေထိုင်ကြသူဦးရေမှာ ၁၃ သိန်းကျော်သာရှိသဖြင့် မြေအကျယ်အဝန်းနှင့် နေထိုင်သူဦးရေ အချိုးအစားကိုတွက်ကြည့်ပါက စိုက်ပျိုးရေးလုပ်ကိုင်ရန် မြေများစွာ ပိုလျှံနေသေးကြောင်း တွေ့ရှိရသည်။ လက်ရှိအနေအထားကိုကြည့်ပါက ကချင်ပြည်နယ်၏ ဒေသဝမ်းစာဖူလုံမှုမှာ ၁၁၃ ရာခိုင်နှုန်းရှိပြီး ဒေသဝမ်းစာ ဖူလုံပိုလျှံမှုရှိသည်ကို တွေ့ရှိရသည်။

ကချင်ပြည်နယ်တွင် စိုက်ပျိုးလုပ်ကိုင်နိုင်သည့်မြေများ များစွာကျန်ရှိနေသေးသဖြင့် စပါးဧက ခြောက်သိန်း ထပ်မံတိုးချဲ့စိုက်ပျိုးရန် တာဝန်ပေးထားပြီးဖြစ်ရာ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် စီမံချက်များ ချမှတ်ပြီး ဖိဖိစီးစီးဆောင်ရွက်သွားကြရမည် ဖြစ်သည်။

ကချင်ပြည်နယ်သည် စိုက်ပျိုးရေးလုပ်ငန်းအပြင် အခြားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်သည့် သဘာဝကပေးထားသော ကုန်ထုတ်အရင်းအမြစ်များ များစွာရှိသည်။ ထို့ကြောင့် သဘာဝကပေးထားသော ကုန်ထုတ်အရင်းအမြစ်များကို အကျိုးရှိစွာအသုံးပြုပြီး ပြည်နယ်တစ်ခုလုံး စီးပွားရေး သိသိသာသာ ဖြစ်ထွန်းတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုပေသည်။

နိုင်ငံတော်အစိုးရအနေဖြင့် မိမိတို့၏အင်အားသည် ပြည်တွင်းမှာသာရှိသည်ဆိုသည့် အချက်ကို သိရှိယုံကြည်ထားပြီးဖြစ်သဖြင့် ပြည်တွင်းရှိ တိုင်းရင်းသားပြည်သူများ၏ အင်အားများကိုရယူပြီး နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်ကာ အမျိုးသားညီလာခံကြီးကို ကျင်းပဆောင်ရွက်နေခြင်း ဖြစ်သည်။

သို့ဖြစ်ရာ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ နိုင်ငံတော်၏ အစွန်အဖျား နယ်စပ်ဒေသရှိ တိုင်းရင်းသားများအပါအဝင် တစ်နိုင်ငံလုံးရှိ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက နိုင်ငံတော်ရှေ့ ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ကျရာကဏ္ဍက ညီညီညွတ်ညွတ် လက်တွဲဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



စမ်းချောင်းမြို့နယ် နေနတ်သားစာသင်တိုက်၏ (၄၂)ကြိမ်မြောက် စုပေါင်း ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၂၅ ရက်က ကျင်းပရာ ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် ကမ်းနားဈေး ဈေးသာယာရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေး(ခ) ဦးစိန်အေးသောင်း ကိုယ်စား ဒုတိယဥက္ကဋ္ဌ ဦးတင်စိုးက နာယကချုပ်ဆရာတော် ဘဒ္ဒန္တကလျာဏ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)ထံ ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းစဉ်။

(၁၂၉)

ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းဆက်ကပ် အားကစားဝန်ကြီး ကျေးလက်ဖွံ့ဖြိုးရေးအခြေစိုက်စခန်းဖွင့်ပွဲတက်ရောက်

ရန်ကုန် ဇူလိုင် ၂၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ဇူလိုင် ၂၅ ရက် နံနက် ၉ နာရီခွဲက စစ်ကိုင်းတိုင်း မြင်းမူမြို့နယ် ထီးဆောင်းကျေးရွာသို့ ရောက်ရှိပြီး တွဲဖက်အလယ်တန်းကျောင်း၌ ကျေးရွာအတွင်းရှိ ကျောင်းတိုက်များမှ ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဝန်ကြီးသည် ကျောင်းခန်းမ၌ ကျင်းပသော ကျေးလက်ဖွံ့ဖြိုးရေး အခြေစိုက်စခန်းဖွင့်ပွဲနှင့် စုပေါင်းသွေးလှူဒါန်းပွဲသို့ တက်ရောက် အမှာစကားပြောကြားပြီး သွေးလှူရှင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေ ကျပ်တစ်သိန်း၊ ကျေးရွာအတွက် အားကစားပစ္စည်းများ၊ စာအုပ်မဂ္ဂဇင်းမျိုးစုံနှင့် ကျောင်းသုံးဗလာစာအုပ်များကို ပေးအပ်လှူဒါန်းသည်။

ကြည့်ရှုအားပေး

ယင်းနောက် ဝန်ကြီးသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှင့် စေတနာရှင်များ၏ စည်းရုံးမှုဖြင့် ထီးဆောင်းကျေးရွာ ပြည်သူ ၅၀၀ တို့၏ စုပေါင်းသွေးလှူဒါန်းနေမှုများကို ရင်းရင်းနှီးနှီး လိုက်လံကြည့်ရှု အားပေးသည်။ ထီးဆောင်းကျေးရွာ ပြည်သူများသည် ယခုကဲ့သို့ နှစ်စဉ် စုပေါင်းသွေးလှူဒါန်းလျက်ရှိပြီး ဇူလိုင် ၂၆ ရက် သွေးလှူဒါန်းပွဲတွင် မန္တလေးမြို့ သွေးလှူဘဏ်မှ ကျန်းမာရေးဝန်ထမ်းများက နယ်လှည့်သွေးလှူဘဏ်ယာဉ်ဖြင့် လာရောက်၍ စနစ်တကျ သွေးဖောက်လက်ခံယူကြသည်။

လှူဒါန်း

ယင်းနောက် ဝန်ကြီးသည် ထီးဆောင်းကျေးရွာ ကျေးလက်ဖွံ့ဖြိုးရေး အခြေစိုက်စခန်းတွင် ကျင်းပသော ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ကျေးလက်ဖွံ့ဖြိုးရေး အခြေစိုက်စခန်းအဆောက်အအုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး စာအုပ်မျိုးစုံနှင့် မဂ္ဂဇင်းများကိုလှူဒါန်းကာ စခန်းအတွင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ထီးဆောင်းကျေးရွာ စာကြည့်တိုက်ကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး စာကြည့်တိုက်အတွင်း စာအုပ်များ စည်းကမ်းတကျ ဆက်လက်ထိန်းသိမ်းထားနိုင်ရေးနှင့် ပြည်သူများအတွင်း ဗဟုသုတ လေ့လာလိုစိတ် ပိုမိုတိုးတက်လာအောင် စည်းရုံးဆောင်ရွက်သွားရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝါဆိုသင်္ကန်းဆက်ကပ်ပွဲနှင့် ဓမ္မစကြာအခါတော်နေ့

ရန်ကုန် ဇူလိုင် ၂၈

ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်း အမှတ် ၂၂၂ ရှိ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓသာသနာပြုအဖွဲ့ချုပ် သာသနာ့ဗိမာန်တော်ကြီးတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါဆိုသင်္ကန်းဆက်ကပ်ခြင်းနှင့် ဓမ္မစကြာအခါတော်နေ့ အခမ်းအနားကို (၂၇)ကြိမ်မြောက်အဖြစ် ကျင်းပမည်ဖြစ်ရာ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၏ သင်ကြားစီမံ နာယကချုပ်ဆရာတော် အမှူးပြုသော သံဃာတော် ၁၀ ပါးနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓသာသနာပြုအဖွဲ့ချုပ်၏ ဩဝါဒါစရိယ ဆရာတော်ကြီးများအား အရုဏ်ဆွမ်းဆက်ကပ်ခြင်းနှင့် ဝါဆိုသင်္ကန်းဆက်ကပ်ခြင်းတို့ကို ဇူလိုင် ၃၁ ရက် (ဝါဆိုလပြည့်နေ့)တွင် ကျင်းပမည် ဖြစ်သည်။

ယင်းနေ့မွန်းလွဲ ၂ နာရီတွင် သာသနာ့ဗိမာန်တော်၌ ကိုးကွယ်ထားသော ဗုဒ္ဓရုပ်ပွားတော်နှင့် ပဉ္စဝဂ္ဂီငါးပါးတို့အား ကြည်ညိုဖွယ်ရာ အစီအစဉ်ဖြင့် ရွှေကြာသင်္ကန်းဆက်ကပ်ခြင်းနှင့် သင်တန်းသူ သင်တန်းသား ပင်တိုင် ဝတ်အဖွဲ့ဝင်များက ဓမ္မစက္ကပဝတ္တနသုတ်(ဓမ္မစကြာ)တရားတော်တို့ကို ရွတ်ဆိုပူဇော်မည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မိုးကောင်းကျောင်းတိုက် ငါးရက်တရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၂၈

မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း (၁၄)ရပ်ကွက် ရန်ကင်း မိုးကောင်းကျောင်းတိုက်၌ ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက်မှ ၆ ရက်အထိ(မိုးကောင်း)အရှင်စန္ဒိမာဝံသ ဟောကြားမည်ဖြစ်ပြီး ၁၃၆၆ ခုနှစ် ဝါခေါင်လပြည့်ကျော် ၂ ရက်မှ ၆ ရက်အထိ အရှင်ဉာဏောဘာသ (ဓမ္မာစရိယ)မြောက်ဥက္ကလာပ ဆရာတော်က ဟောကြားမည်ဖြစ်ရာ ယောဂီများ လပြည့်ကျော် ၁ ရက်နေ့ ညနေ အရောက်လာရောက်ရမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

ပေးအပ်လှူဒါန်း

ဇူလိုင် ၂၅ ရက်က ဗဟန်းမြို့နယ် ဗိုလ်ချို(၂)ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းခွဲ၏ နှစ်ပတ်လည် အစည်းအဝေးတွင် မြို့နယ်အသင်းဥက္ကဋ္ဌ ဒေါ်နုနုရီနှင့် ရပ်ကွက် အသင်းခွဲဥက္ကဋ္ဌ ဒေါ်သန်းသန်းစိန်တို့က ကျောင်းဝတ်စုံများ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် ဇူလိုင် ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် မကြာသေးမီက နီပေါနိုင်ငံအရှေ့ပိုင်းတွင် ရေကြီးမှုနှင့် မြေပြိုခြင်းများကြောင့် လူနှင့်အသက်အိုးအိမ် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် နီပေါနိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှားဗဟာဒူး ဒူဗားထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မလေးရှားနိုင်ငံကျန်းမာရေးဝန်ကြီးအားလက်ခံတွေ့ဆုံ

ရန်ကုန် ဇူလိုင် ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် မလေးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး H.E. Datuk Dr. Chua Soi Lek အား ယနေ့ညနေ ၅နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် မလေးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီးနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံသံအမတ်ကြီး H.E. Dato Cheah Sam Kip လည်း တက်ရောက်သည်။

(သတင်းစဉ်)

ဖျာပုံပါဒ(ခြေတော်ရာ)စေတီ တန်ဆောင်းတော်ပြုပြင်ရေးငွေလှူဒါန်း

ဖျာပုံ ဇူလိုင် ၂၈

ရေဝတီတိုင်း ဖျာပုံမြို့နယ် ကြက်ဖမွေးစောင်းရွာ ဗလသုခကျောင်းတိုက် မြို့နယ်သံဃနာယကအဖွဲ့ဝင် ဆရာတော် ဘဒ္ဒန္တဥတ္တမ ကြီးမှူး၍ ပြင်ဆင်လျက်ရှိသော ကျပ်သိန်းသုံးရာကျော်ကုန်ကျမည့် ရှေးဟောင်း သာသနိက အဆောက်အအုံ ပါဒ(ခြေတော်ရာ)စေတီတန်ဆောင်းတော်ကြီး ပြုပြင်ရန် ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲကို ဗလသုခကျောင်းတိုက်ကြီး၌ ဇွန် ၂၅ ရက်က ကျင်းပခဲ့သည်။

အလှူငွေပေးအပ်ပွဲတွင် ကြက်ဖမွေးစောင်းရွာ ကိုတူးကော် ညီအစ်ကို တစ်စုက ငွေကျပ်နှစ်သိန်းငါးသောင်း၊ မိခင်ဒေါ်ခင်စိန် သား ဦးတင်အေး–ဒေါ်အေးအေးအောင်(အဇုတ်ကြီးရွာ)က ငွေကျပ်တစ်သိန်းငါးသောင်း၊ ဦးမြင့်–ဒေါ်ကြည်အောင်၊ ဦးကြာစိ–ဒေါ်တင်မြင့်၊ ဦးထွန်းလှဦး–ဒေါ်စုစု၊ ဦးသိန်းဋ္ဌေး(ဥက္ကဋ္ဌ၊ လယ် သ/မ) ဒေါ်အေးလှိုင် မိသားစုတို့က ကျပ်တစ်သိန်းနှစ်သောင်းစီ၊ ဦးပြေဝင်း(ဓမ္မာစရိယ)–ဒေါ်ခင်ဝင်း၊ ဦးကျော်သန်း–ဒေါ်သန်းခင်၊ မိခင် ဒေါ်အေးသွယ်(သမီး) ဦးဝင်းသိန်း–ဒေါ်နက်ထယ်၊ ဦးတင်အေး–ဒေါ်သင်းလှိုင်၊ ဦးသန်းဋ္ဌေး–ဒေါ်မြင့်ဆန်းဝင်း၊ ဦးစိန်ထွန်း–ဒေါ်အုံးမြ၊ ဦးခင်ထွန်း–ဒေါ်သင်းသင်းမော်၊ ဦးမျိုးဝင်း–ဒေါ်ကောက်ပို့ (ဝင်းရွှေရည်ကုမ္ပဏီ၊ ရန်ကုန်မြို့)၊ ဦးကျော်ဝင်း–ဒေါ်ကျင်အေး(အဇုတ်ကြီးရွာ)၊ ဦးထွန်းထွန်း ဦးပဥ္စင်း(ကြီး)–ဒေါ်လှတင်(ဖျာပုံ)တို့က ကျပ်တစ်သိန်းစီနှင့် အခြားစေတနာရှင် ၇၄ ဦးတို့က ကျပ်တစ်ဆယ့်နှစ်သိန်းတို့ကို ဗလသုခဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

အလှူငွေလှူဒါန်းလိုသူများသည် ဦးအောင်ဒင် အမှတ် ၂၇၁၊(၁၂)ရပ်ကွက် မိဂသီလမ်း တောင်ဥက္ကလာပ ဖုန်း–၇၀၇၄၆၄ နှင့် အမှတ် (၆) မြို့ဦးကျောင်းတိုက် အိမ်မဲကျောင်း ဖုန်း–၅၆၁၀၀၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်း စရာများကိုပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်း များအား ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

အမျိုးသမီးရေးရာအဖွဲ့ချုပ်ရည်ရွယ်ချက်အောင်မြင်ရေး အမျိုးသမီးထုကြီးတစ်ရပ်လုံးပူးပေါင်းပါဝင်ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂၈

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာများ ရှင်းလင်းပွဲကို ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားစတူဒီယို(အေ)ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌဒေါ်သန်းသန်းနွဲ့နှင့်ဗဟိုအလုပ်အမှုဆောင်များ၊ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်ဇနီး ပြန်ကြားဆက်သွယ်ရေး လုပ်ငန်းအဖွဲ့အကြံပေးပုဂ္ဂိုလ် ဒေါ်ကြည်ကြည်ဝင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်းနှင့် ဇနီး ဒေါ်တင်တင်နွယ်၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များနှင့် လုပ်ငန်းအဖွဲ့ဝင်များ၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဝန်ကြီးဌာနအောက်ရှိ ဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းမိသားစုများ စုစုပေါင်း အင်အား ၃၂၀ခန့် တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်သို့ လှူဒါန်းသောအလှူငွေကျပ်တစ်သိန်းကိုဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ထံ ပေးအပ်လှူဒါန်းသည်။

ဆွေးနွေးရှင်းလင်း

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က အဖွဲ့ချုပ်ပေါ်ပေါက်လာပုံနှင့် နောက်ခံသမိုင်း၊ အဖွဲ့ချုပ်၏ ရည်ရွယ်ချက်ခုနစ်ရပ်၊ လုပ်ငန်းအဖွဲ့ ၁၆ဖွဲ့၏လုပ်ငန်းတာဝန်များ၊ ဖွဲ့စည်းပုံ အဆင့်ဆင့်နှင့် လုပ်ငန်းစီမံချက်များအကြောင်းကို ကဏ္ဍခွဲ၍ အကျယ်တဝင့် ရှင်းလင်းပြီး မိမိဆန္ဒအလျောက်အဖွဲ့ဝင်အဖြစ် လျှောက်ထားနိုင်မှုနှင့်စပ်လျဉ်း၍ လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မွန်မြတ်သော ရည်ရွယ်ချက်များအောင်မြင်ရေးအတွက် အမျိုးသမီးထုကြီးတစ်ရပ်လုံးပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် ကိစ္စများကိုလည်းကောင်း ဆွေးနွေးရှင်းလင်းသည်။

လက်ဆောင်ပေးအပ်

ယင်းနောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့အား ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး၏ ဇနီး ဒေါ်ကြည်ကြည်ဝင်းက ဝန်ကြီးဌာန၏ အထိမ်းအမှတ်လက်ဆောင်ကို ပေးအပ်ပြီး ရှင်းလင်းပွဲကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် မူဝါဒများနှင့်အညီဆောင်ရွက် ဘက်စုံဗဟုသုတပြည့်စုံသည့် ဥပဒေအရာရှိများဖြစ်ရန်ကြိုးပမ်း

ရန်ကုန် ဇူလိုင် ၂၈

ရှေ့နေချုပ်နှင့် ပြည်နယ်၊တိုင်း ဥပဒေအရာရှိများ၏ (၂၅)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ တတိယ နေ့ကို ယနေ့မွန်းလွဲပိုင်းတွင် ရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ(၂)၌ ဆက်လက်ကျင်းပသည်။

ယင်းလုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲသို့ ရှေ့နေချုပ် ဦးအေးမောင်၊ ဒုတိယ ရှေ့နေချုပ်များဖြစ်ကြသော ဒေါက်တာ ထွန်းရှင်၊ ဦးဟန်ရှိန်၊ ဦးမြင့်နိုင်၊ ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြညိမ်း၊ ရှေ့နေချုပ်ရုံးခွဲ (မန္တလေး) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်မြင့်၊ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်၊ တိုင်း ဥပဒေအရာရှိများ၊ ဒုတိယ ညွှန်ကြားရေးမှူးများနှင့် ရှေ့နေချုပ်ရုံး ရုံးအဖွဲ့မှူးတို့ တက်ရောက်ကြသည်။

ညှိနှိုင်းဆွေးနွေးပွဲတွင် ဒုတိယ ရှေ့နေချုပ်များဖြစ်ကြသော ဒေါက်တာ ထွန်းရှင်၊ ဦးဟန်ရှိန်၊ ဦးမြင့်နိုင်နှင့် ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြညိမ်း၊ ရှေ့နေချုပ်ရုံးခွဲ (မန္တလေး) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်မြင့်တို့က အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ ရှေ့နေချုပ် ဦးအေးမောင်က ယနေ့ နံနက်ပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များကိုမှာကြားပြီး ဖြစ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ မှာကြားချက်ပါ လုပ်ငန်းစဉ်များနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် လုပ်ငန်းစဉ် (၇)ရပ်ကို အကောင်အထည်ဖော်ရာတွင် ဥပဒေအရာရှိများအားလုံးက တက်တက်ကြွကြွ ပူးပေါင်းပါဝင်ကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ မှာကြားချက်များကို မိမိရုံး၊ ဌာန၊ ပြည်နယ်၊တိုင်းအလိုက် အောက်ခြေအထိ အသိပေး ရှင်းလင်းသွားရန် လိုအပ်ကြောင်း၊ မိမိတို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ မူဝါဒများနှင့်အညီ ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ဥပဒေဗဟုသုတကြွယ်ဝရန်လိုအပ်ပြီး ဘက်စုံဗဟုသုတ ပြည့်စုံသည့် ဥပဒေအရာရှိများဖြစ်ရန် ကြိုးပမ်းသွားကြရန်လိုကြောင်း၊ ဥပဒေအရာရှိများအနေဖြင့် မိမိ၏ လုပ်ငန်းတာဝန်များကို နိုင်နိုင်နင်းနင်း ထမ်းဆောင်ကြရန်အတွက် ဘက်စုံပြည့်ဝသော၊ ကိုယ်ကျင့်သိက္ခာ ကောင်းမွန်သော၊ ဥပဒေများနှင့် တရားစီရင်ရေးမဏ္ဍိုင်တို့ကို ထိန်းသိမ်း ကာကွယ်စောင့်ရှောက်နိုင်သော ဥပဒေအရာရှိကောင်းများ ဖြစ်လာကြရေး ကြိုးပမ်းသွားကြရန် ဖြစ်ကြောင်းဖြင့် နိဂုံးချုပ်အမှာစကားပြောကြားပြီး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ကျယ်လောင်သောပေါက်ကွဲသံများကြောင့် ဘဂ္ဂဒက်မြို့လယ်၌ တုန်ဟည်းသွား

ကားဗုံးပေါက်ကွဲပြီး အဆောက်အအုံများ စိန်ပြောင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခံရ

ဘဂ္ဂဒက် ဇူလိုင် ၂၇

ဘဂ္ဂဒက်မြို့လယ်တွင် အင်္ဂါနေ့အစောပိုင်း၌ ကျယ်လောင်သော ပေါက်ကွဲသံများကြောင့် တုန်ဟည်းသွားခဲ့သည်ဟု မျက်မြင်တွေ့ရှိသူတစ်ဦးက ရိုက်တာသို့ ပြောကြားသည်။ ပေါက်ကွဲသံများသည် အီရတ်ကြားဖြတ်အစိုးရနှင့် အမေရိကန်သံရုံးရှိရာ ပြောက်ကျားတို့၏ ထပ်တလဲလဲ တိုက်ခိုက်ခြင်းခံရသော အစိမ်းရောင်ဒေသမှ ဖြစ်ပုံရသည်ဟု ဆိုသည်။

မကြာသေးသောလများအတွင်းက ထိုအစိမ်းရောင်ဒေသသည် စိန်ပြောင်းများဖြင့် မကြာခဏ တိုက်ခိုက်ခြင်းခံခဲ့ကြရပြီး ယင်း၏ဝင်ပေါက်၌ လုံခြုံရေးအစစ်ခံရန် စောင့်နေသော ကားများလည်း အသေခံကားဗုံးခွဲ တိုက်ခိုက်ခြင်းခံခဲ့ကြရသည်။

ပေါက်ကွဲ

တနင်္လာနေ့အစောပိုင်း လူအသွားအလာ စည်ကားချိန်အတွင်း အီရတ်ပညာရေးဝန်ကြီးဌာနနှင့် ရေနံဝန်ကြီးဌာနတို့ကို စိန်ပြောင်းများဖြင့် ပစ်ခတ်ခဲ့ပြီး ဘဂ္ဂဒက်မြို့လယ်ကောင်၌ ကားဗုံးတစ်လုံး ပေါက်ကွဲခဲ့သည်ဟု ရဲအဖွဲ့က ပြောကြားသည်၊ ထိခိုက်သေဆုံးသည့်သတင်း ချက်ချင်းမရရှိဟု ဆိုသည်။

ထွက်ပြေးသွား

ကားဗုံးသည် ဆာရာဖီယာတံတားအနီး၌ နံနက် ၈ နာရီခန့်တွင် ပေါက်ကွဲခဲ့ကြောင်း ရဲသတင်းရပ်ကွက်များက ပြောကြားသည်။ ပေါက်ကွဲခြင်းမရှိမီ ကားမောင်းသူသည် ကားအား တံတားအောက်၌ထားခဲ့ပြီး ထွက်ပြေးသွားသည်ကို မြင်ရကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ကျရောက်

ထိုအတောအတွင်း အီရတ်ပညာရေးဝန်ကြီးဌာနနှင့် ရေနံဝန်ကြီးဌာနတို့ကို စိန်ပြောင်းကျည်နှစ်လုံးဖြင့် ပစ်ခတ်သော်လည်း ပစ်မှတ်လွဲကာ အသုံးမပြုဘဲ ပစ်ထားသောဝင်းထဲသို့ ကျရောက်ခဲ့ကြောင်း ရဲအဖွဲ့က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

နိုင်ငံတကာသတင်းများ

သြစတြေးလျ၏ဝေဖန်မှု စပိန်အစိုးရ ဒေါသတကြီးတုံ့ပြန်

မက်ဒရစ် ဇူလိုင် ၂၇

အီရတ်နိုင်ငံမှ စပိန်တပ်ဖွဲ့ဝင်များကို စပိန်အစိုးရက ရုပ်သိမ်းခဲ့မှုသည် အကြမ်းဖက်သမားများ၏ ခြိမ်းခြောက်မှုကို အားပေးရာရောက်ကြောင်း သြစတြေးလျနိုင်ငံခြားရေးဝန်ကြီး အလက်ဇန္ဒားဒေါင်နာ၏ ဝေဖန်ပြောကြားချက်ကို စပိန်အစိုးရက ဒေါသတကြီး တုံ့ပြန်ပြောကြားလိုက်သည်။

စပိန်နိုင်ငံဆိုင်ရာ သြစတြေးလျသံအမတ်ဖြစ်သူကိုလည်း မက်ဒရစ်မြို့တွင် ပြင်းထန်စွာ သတိပေးပြောကြားခဲ့သည်။ ပြီးခဲ့သော သီတင်းပတ်ကုန်ရက်များအတွင်း အုပ်စုတစ်စုက သြစတြေးလျတို့အား ခြိမ်းခြောက်မှုတစ်ရပ် ထွက်ပေါ်ခဲ့ပြီးနောက် သြစတြေးလျနိုင်ငံခြားရေးဝန်ကြီးက ပြစ်တင် ပြောကြားခဲ့ခြင်းဖြစ်သည်။ **(စီအင်န်အင်န်)**

မိုဆူးလ်ရှိ ကန်အခြေစိုက်စခန်းဝင်ပေါက်အနီး

ကားဗုံးပေါက်ကွဲမှု ဖြစ်ပွား

မိုဆူးလ်(အီရတ်) ဇူလိုင် ၂၇

အီရတ်နိုင်ငံမြောက်ပိုင်းရှိ မိုဆူးလ်မြို့နှင့်ကပ်လျက်ရှိသော အမေရိကန်အခြေစိုက် လေယာဉ်ကွင်းဝင်ပေါက်အနီးတွင် တနင်္လာနေ့က ကားဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ အခြားထိခိုက်သေဆုံးမှုများမရှိကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက ပြောသည်။

မိုဆူးလ်မြို့၏ တောင်ဘက်ရှိ လေယာဉ်ကွင်းဂိတ်ပေါက်သို့ အဆိုပါကားသည် နံနက် ၉နာရီခန့်၌ ရောက်ရှိလာခဲ့ပြီး မပေါက်ကွဲမီ ရပ်ထားခဲ့ပုံရကြောင်း စောစောပိုင်းက ရရှိသည့်သတင်းကို ရည်ညွှန်းလျက် ဗိုလ်မှူးကြီး ဂျိုးဆက်ပီခ်က သတင်းပေးပို့သည်။

တိုက်ခိုက်

တနင်္လာနေ့နံနက်၌ ဘာဆာရာလေဆိပ်သို့ အလုပ်လုပ်ရန် ကားမောင်းလာစဉ် သေနတ်သမားများက ကားကို အတင်းရပ်ခိုင်းပြီး ပစ်ခတ်မှုကြောင့် အီရတ်အမျိုးသမီးနှစ်ဦး သေဆုံးပြီး အခြားအမျိုးသမီးနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း အရာရှိများက ပြောသည်။ တိုက်ခိုက်မှုအကြောင်းရင်းကို ချက်ချင်းရှင်းလင်းစွာ မသိရှိရသေးသော်လည်း လက်နက်ကိုင်များသည် အမေရိကန်တပ်ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်သည်ဟုစွပ်စွဲထားသော အီရတ်အရာရှိများအား မကြာခဏ ပစ်မှတ်ထား တိုက်ခိုက်ခဲ့သည်။

အခက်ကြုံ

အီရတ်ကြားဖြတ်အစိုးရနှင့် အခြားအမေရိကန်တို့နှင့် ပူးပေါင်းဆောင်ရွက်သူများကို နည်းမျိုးစုံဖြင့် တိုက်ခိုက်ခဲ့မှုကြောင့် သေဆုံးဒဏ်ရာရမှုများ မကြာခဏ ဖြစ်ပွားလျက်ရှိရာ နိုင်ငံတည်ငြိမ်ရေးဆောင်ရွက်ရန် အခက်ခဲကြုံရလျက်ရှိသည်။ **အမ်အင်အေ၊ရိုက်တာ**

မိုဆူးလ်မြို့အနီး အမေရိကန်စစ်အခြေစိုက်စခန်းအနီး အသေခံကားဗုံးဖောက်ခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် မီးလောင်နေသော မော်တော်ယာဉ်ကို ဇူလိုင်၂၆ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဗြိတိသျှတပ်ဖွဲ့ဝင်များသတ်ဖြတ်မှုကြောင့် သေဆုံးရသူတို့၏ မိသားစုများ

လူ့အခွင့်အရေးချိုးဖောက်မှုခံရခြင်းဖြစ်ကြောင်း တရားရုံးချုပ်သို့လျှောက်လဲ

လန်ဒန် ဇူလိုင် ၂၇

စစ်ပြီးကာလ အီရတ်နိုင်ငံတွင် ဗြိတိသျှတပ်ဖွဲ့ဝင်များ၏ သတ်ဖြတ်ခြင်းကို မိမိတို့၏ ဆွေမျိုးသားချင်းများ ခံခဲ့ရသည်ဟုဆိုသော အီရတ်မိသားစု ခြောက်စုက လူ့အခွင့်အရေးဥပဒေများ ချိုးဖောက်ခံရကြောင်း လျှောက်လဲရန်အတွက် ၎င်းတို့၏ အမှုတွဲကို ဗြိတိသျှတရားရုံးချုပ်သို့ ယခုသီတင်းပတ်၌ တင်သွင်းလိုက်သည်။

သေဆုံး

ဗြိတိသျှတရားရုံးချုပ်သို့ တင်သွင်းလိုက်သော အမှုတွဲများတွင် နေ့စဉ်စားဝတ်နေရေးအတွက် လုပ်ငန်းဆောင်ရွက်ခိုက် ဗြိတိသျှတပ်ဖွဲ့ဝင်များ၏ ပစ်ခတ်ခြင်းခံရသဖြင့် သေဆုံးသော အီရတ်အရပ်သားငါးဦး၏အမှုလည်း ပါဝင်သည်။ နောက်ထပ်အမှုတစ်ခုမှာ အီရတ်ဟိုတယ်ဧည့်ကြို ဘာဟာမူဆာသေဆုံးရမှု ဖြစ်သည်။ ၎င်းအား ဗြိတိသျှတပ်ဖွဲ့ဝင်များက ထိန်းသိမ်းထားစဉ် ပြင်းပြင်းထန်ထန် ထိုးကြိတ်ခံရမှုကြောင့် သေဆုံးခြင်းဖြစ်သည်ဟု ဘာဟာ၏ ရှေ့နေက ပြောကြားသည်။

ယုံကြည်

မူဆာ(၂၆)နှစ်သည် ဘာဆာရာ၌ ၎င်းနှင့်အခြား အီရတ်လူငယ်ခုနစ်ဦးကို ဗြိတိသျှတပ်ဖွဲ့ဝင်များက ဖမ်းဆီးသွားပြီးနောက် ၂၀၀၃ခုနှစ် စက်တင်ဘာလထဲ၌ သေဆုံးခဲ့ခြင်းဖြစ်သည်။ မူဆာသေဆုံးပြီး လေးရက်အကြာ၌ မိသားစုထံ ၎င်း၏အလောင်း ပြန်ရောက်လာခဲ့သည်။ မူဆာ၏ နှာခေါင်းရိုးနှင့် လက်ကောက်ဝတ်မှာကျိုးနေပြီး ခန္ဓာကိုယ်၌ အတွင်းကြေဒဏ်ရာများရရှိထားကြောင်း မူဆာ၏ဖခင်ဖြစ်သူ ဒါဝုဒ်က အောက်တိုဘာလထဲ၌ ရိုက်တာသို့ ပြောကြားခဲ့သည်။ ဒါဝုဒ်ကမူဆာသည် သေအောင်ညှဉ်းပန်းနှိပ်စက်ခံခဲ့ရသည်ဟု မိမိယုံကြည်ကြောင်း ပြောဆိုသည်။ **အမ်အင်အေ၊ရိုက်တာ**

ဆေးကုသမှုခံယူ

ဘာဆာရာမြို့တွင် ဗြိတိသျှတပ်ဖွဲ့ဝင်များနှင့် အီရတ်လက်နက်ကိုင် ခုခံရေးသမားများ အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားစဉ် ဒဏ်ရာရရှိခဲ့သော အီရတ်အမျိုးသမီးကြီးတစ်ဦး ဆေးကုသမှု ခံယူနေသည်ကို ဇူလိုင် ၂၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်မှရုပ်သိမ်းခဲ့သော နောက်ဆုံးအသုတ် ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များ

ဖိလစ်ပိုင်နိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြ

မနီလာ ဇူလိုင် ၂၆

အီရတ်နိုင်ငံ၌ ဖိလစ်ပိုင်နိုင်ငံက ဖြန့်ချထားခဲ့သော ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များအား ပြန်လည်ရုပ်သိမ်းခဲ့ရာတွင် နောက်ဆုံးတပ်ဖွဲ့ဝင် ၂၇ဦးနှင့် ရဲအဖွဲ့ဝင် ခုနစ်ဦးသည် ကူဝိတ်မှနေ၍ လေကြောင်းဖြင့် ယနေ့ အရှေ့တောင်တက်ချိန်၌ မနီလာသို့ ပြန်ရောက်လာခဲ့ကြသည်။ ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များသည် အီရတ်ခုခံတိုက်ခိုက်ရေး ပြောက်ကျားများက အကယ်၍ မရုပ်သိမ်းလျှင် ဖမ်းဆီးထားသော ဓားစာခံအား သတ်ဖြတ်မည်ဟု ခြိမ်းခြောက်ခဲ့ပြီးနောက် အီရတ်မှ ရုပ်သိမ်းခဲ့ကြခြင်းဖြစ်သည်။

အဆိုပါတပ်ဖွဲ့ဝင် ၂၇ဦးနှင့် ရဲအဖွဲ့ဝင်ခုနစ်ဦးသည် လွန်ခဲ့သည့်အပတ်၌ အီရတ်ရှိ ၎င်းတို့၏စခန်းမှနေ၍ ရုပ်သိမ်းခဲ့ကြပြီးနောက် ကူဝိတ်၌ ရက်အနည်းငယ်မျှ နေခဲ့ကြရသည်။ ထရပ်ကား ယာဉ်မောင်း အင်ဂျလိုဒီလာခရုဇ်အား အကယ်၍ တပ်များမရုပ်သိမ်းလျှင် သတ်ပစ်မည်ဟု ခုခံတိုက်ခိုက်ရေးပြောက်ကျားများက ခြိမ်းခြောက်ခဲ့ပြီးနောက် အစီအစဉ်ထက် တစ်လစောပြီး ဖိလစ်ပိုင်တပ်ဖွဲ့များ ရုပ်သိမ်းခဲ့ခြင်းဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံက ပြန်ပေးသမားတို့၏ တောင်းဆိုချက်ကို လိုက်လျောခဲ့သဖြင့် ဒီလာခရုဇ် လွတ်မြောက်ခဲ့သည်။ **(အင်တာနက်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တောင်ရေ ရေလှောင်တမံဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

■ **ကျောဖုံးမှ**

အဆိုပါ ရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားသို့ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်နှင့် ဌာနဆိုင်ရာများ၊ ဒေသခံ ပြည်သူများ စုစုပေါင်း အင်အား ၁၃၅၀၀ ခန့် တက်ရောက်ကြသည်။

တောင်ရေ ရေလှောင်တမံဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကားပြောကြားရာ၌ ယနေ့ဖွင့်လှစ်သည့် တောင်ရေ ရေလှောင်တမံသည် မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် တည်ပင်တဲ ကျေးရွာအနီး၌ တည်ရှိပြီး ၁၉၆၆ ခုနှစ်က တည်ဆောက်ခဲ့သည့် ကြက်မောက်တောင် ရေလှောင်တမံကို ရေကူပေးရန် တည်ဆောက်ပေးသော ရေလှောင်တမံဖြစ်ကြောင်း။

ကြက်မောက်တောင်ရေလှောင်တမံ၏ ရေလှောင်နိုင်သည့်ပမာဏမှာ ဧကပေ ၇၃၀၀၀ ခန့် ရှိသော်လည်း အကြောင်းအမျိုးမျိုးကြောင့် နှစ်စဉ်ပျမ်းမျှ ရေစီးဝင်မှုသည် ဧကပေ ၃၆၉၀၀ခန့်သာရှိသည့်အတွက် ရေသိုလှောင်နိုင်အား၏ ထက်ဝက်ခန့်သာ ရေဝင်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ဆည်ရေသောက် ဧရိယာအားလုံးကို ရေလုံလောက်စွာ ရေပေးဝေနိုင်မှုမရှိဘဲ အကန့်အသတ်နှင့်သာ ရေပေးဝေခဲ့ရသဖြင့် ကြက်မောက်တောင်ရေလှောင်တမံထဲသို့ ရေပိုမိုဝင်ရောက်ရေးအတွက် နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏လမ်းညွှန်ချက်အရကွင်းဆင်းလေ့လာပြီး နည်းလမ်းများရှာကြရာ တောင်ရေချောင်းပေါ်၌ ရေလှောင်တမံတစ်ခုနှင့် ကျောက်တံခါးချောင်းပေါ်၌ ရေလှောင်တမံတစ်ခု စုစုပေါင်းအကူရေလှောင်တမံ နှစ်ခုကို တည်ဆောက်ပြီး ဆက်သွယ်ရေးတူးမြောင်းစနစ်မှတစ်ဆင့် ကြက်မောက်တောင် ရေလှောင်တမံထဲသို့ ရေကူပေးနိုင်မည့် ဖြစ်နိုင်ခြေကို တွေ့ရှိခဲ့ကြောင်း၊ အဆိုပါစူးစမ်းတွေ့ရှိချက်များအရ တောင်ရေချောင်း ရေလှောင်တမံနှင့်ကျောက်တံခါးရေလှောင်တမံတို့ကိုတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း။

ရေကူရေလှောင်တမံ

တောင်ရေချောင်း ရေလှောင်တမံ၏ ကန်ပြည့်ရေလှောင်ပမာဏသည် ဧကပေ ၃၄၀၀ကျော်ရှိပြီး မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်းကိုဖြတ်သည့်ရေလွှဲဥမင်မှတစ်ဆင့် ကျောက်ပုံချောင်း၊ ယင်းကျောက်ပုံချောင်းမှတစ်ဆင့်၊ ကြက်မောက်တောင်ရေလှောင်တမံထဲသို့ ရေကူရေဖြည့်ပေးသွားမှာဖြစ်သည့် အတွက် ကြက်မောက်တောင် ရေလှောင်တမံ၏ နှစ်စဉ်ရေဝင်မှုပမာဏသည် ပိုလာမှာဖြစ်ပြီး ဆည်ရေသောက်ဧရိယာများကို စိုက်ပျိုးရေတိုးတက်ဖြန့်ဖြူးပေးနိုင်တော့မှာ ဖြစ်ကြောင်း၊ ထို့အပြင် တည်ဆောက်နေဆဲ ကျောက်တံခါးရေလှောင်တမံ ပြီးစီးသွားမည် ဆိုပါက ကျောက်တံခါးမှ ရေကို တောင်ရေရေလှောင်တမံထဲသို့ ထပ်မံထည့်သွင်းသိုလှောင်ပြီး ကြက်မောက်တောင်ရေလှောင်တမံကို ရေပိုမိုဖြည့်ပေးနိုင်မှာ ဖြစ်ကြောင်း၊ ခြုံ၍ဆိုပါက ကြက်မောက်တောင်ဆည်နှင့် ရေသောက်စနစ်၏ လက်ရှိတန်ဖိုးကို ပိုမိုမြှင့်ပေးနိုင်ရေးအတွက် ယခုကဲ့သို့ ရေကူရေလှောင်တမံများတည်ဆောက်ခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့်မန္တလေးတိုင်းအတွင်း၌ ၁၉၈၈ ခုနှစ်မှစ၍ တည်ဆောက်ခဲ့သည့် ဆည်တမံပေါင်းသည် ယနေ့ ဖွင့်လှစ်လိုက်သော တောင်ရေ ရေလှောင်တမံအပါအဝင် ရေလှောင်တမံစုစုပေါင်း ၄၁ ခုရှိပြီး ဆည်ရေသောက်ဧရိယာဧက ၃၃၃၀၀၀ ကျော်ရှိပြီး ဖြစ်ကြောင်း၊ စုစုပေါင်း ရင်းနှီးကုန်ကျငွေ ကျပ်သန်းပေါင်း ၉၇၀၀ ကျော်ရှိကြောင်း။

ဆည်ရေပေးဝေ

မြင်းခြံခရိုင် တစ်ခုတည်းမှာပင် တည်ဆောက်ပြီးသည့် ရေလှောင်တမံများအနေဖြင့်မြင်းခြံမြို့နယ်၌စွန်းလွန်းရေလှောင်တမံ၊တောင်ပင်လယ်နှင့်မြောက်ပင်လယ်ရေလှောင်တမံ၊တောင်သာမြို့နယ်၌ကျောက်တလုံးရေလှောင်တမံ၊ဆင်တဲဝ(သမက္ကူ)ရေလှောင်တမံ၊ စွန်ကန်ရေကာတာ၊ တောင်သာရေလှောင်တမံ၊ဝဲလှောင်ရေလှောင်တမံနှင့်ကျောက်တလုံးရေကူရေလှောင်တမံ၊ နွားထိုးကြီးမြို့နယ်၌ဇီးတောရေလှောင်တမံ၊ငါန်းဇွန်မြို့နယ်၌မြို့သာရေလှောင်တမံ၊ ဖောင်းကတော ရေလှောင်တမံနှင့် နတ်သားတော ရေလှောင်တမံ၊ ကျောက်ပန်းတောင်းမြို့နယ်၌ ပင်းချောင်းရေလှောင်တမံနှင့်ယနေ့ဖွင့်လှစ်သည့်တောင်ရေ ရေကူပေးရေလှောင်တမံတို့ဖြစ်ကြောင်း၊ ယင်းရေလှောင်တမံ ၁၅ ခုမှနေ၍ ဆည်ရေသောက် စုစုပေါင်းဧရိယာ ၃၈၃၀၃ ဧကဆည်ရေပေးဝေလျက်ရှိကြောင်း။

မန္တလေးတိုင်း၌ ဆည်တမံများအပြင် စိုက်ပျိုးရေးကို အကျိုးပြုမည့် မြစ်ရေတင် စီမံကိန်းများကိုလည်း ဆောင်ရွက်ပေးခဲ့ရာ လျှပ်စစ်မြစ်ရေတင်လုပ်ငန်း ၁၈ခုနှင့် ဒီဇယ်မြစ်ရေတင်လုပ်ငန်း ၅၂ ခု စုစုပေါင်းမြစ်ရေတင်လုပ်ငန်း ၇၀ ကိုဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ကြောင်း၊ ၎င်းမြစ်ရေတင်စီမံကိန်းများက စိုက်ပျိုးမြေဧက ၅၃၆၈၆ ကျော်ကိုစိုက်ပျိုးရေ ပေးဝေနိုင်စေရန် စီမံဆောင်ရွက်လျက်ရှိကြောင်း။

ပြည်သူပူးပေါင်းမှုရယူ

မန္တလေးတိုင်း မြင်းခြံခရိုင်သည် မိုးခေါင်ရေရှား ပူပြင်းခြောက်သွေ့သည့် ဒေသဖြစ်ကြောင်း၊ ဒေသခံ တောင်သူလယ်သမားများအနေဖြင့် ဝီရိယနှင့်လုပ်အား မည်မျှပင်စိုက်ထုတ်လုပ်ကိုင်ဆောင်ရွက်နေကြစေကာမူ ရေရာသေချာမှုမရှိဘဲ မိုးရေကိုမျှော်ကိုးပြီး စိုက်ပျိုးလုပ်ကိုင်နေကြရသူများဖြစ်သည့်အတွက် မိုးရွာသွန်းမှုမရှိလျှင် စိုက်ထုတ်ရသည့် ဝီရိယအတိုင်းအကျိုးကျေးဇူးခံစားမှုမရဘဲ ဖြစ်ခဲ့ရကြောင်း။

ထို့ကြောင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပူပြင်းခြောက်သွေ့သည့်အညာဒေသစိမ်းလန်းစိုပြည်ပြီး ရာသီဥတုများ မှန်ကန်လာစေရန် မြင်းခြံခရိုင်အပါအဝင် အညာဒေသစိမ်းလန်းစိုပြည်ရေး စီမံချက်ကိုအကောင်အထည်ဖော်ရန် လမ်းညွှန်ခဲ့ရာ ယနေ့ကာလတွင် အညာဒေသစိမ်းလန်းစိုပြည်ရေး စီမံကိန်း၏ရလဒ်ကောင်းများနှင့် ရုပ်လုံးပေါ်နေပြီ ဖြစ်ကြောင်း၊ ဒေသခံ ပြည်သူများ၏ ပူးပေါင်းမှုအားကိုရယူပြီး စီမံကိန်းများကိုလည်းဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

၎င်းဒေသ၏ အဓိကရေဝေကုန်းတန်းဖြစ်သည့် ပုပ္ပားတောင်ကိုပင်ကြည့်မည်ဆိုပါက ရှေးယခင်နှင့် မတူတော့ဘဲ သစ်တော၊ သစ်ပင်များဖြင့် ပြန်လည်စိမ်းလန်းစိုပြည်လာပြီး ခန်းခြောက်သွားသည့် ရေထွက်များ၊ စိမ့်စမ်းများမှ ရေများ ပြန်ထွက်နေသည်ကို တွေ့ရှိရမှာ ဖြစ်ကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေက **"တိုင်းပြည်ထူထောင်ရာ၌ နိုင်ငံတော်အစိုးရကလည်း ပြည်သူလူထုရဲ့ အကျိုးစီးပွားအတွက် နေ့ညမဟူအားကြိုးမာန်တက် အလုပ်လုပ်ပြီး တပ်မတော်ကလည်း နိုင်ငံတော် ကာကွယ်ရေး တာဝန်သာမက ပြည်သူလူထုရဲ့ အကျိုးစီးပွားကို ဝိုင်းဝန်းကူညီဆောင်ရွက်ကာ ပြည်သူလူထုကလည်း မိမိတို့တတ်နိုင်သည့်ဘက်မှ ပူးပေါင်းဆောင်ရွက်ကြပါက တိုင်းပြည်တိုးတက်လာမှာ ဖြစ်ပါတယ်"**ဟု လမ်းညွှန်မှာကြားခဲ့ခြင်းပင်ဖြစ်ကြောင်း။

ယင်းလမ်းညွှန်ချက်နှင့်အညီ တောင်သူလယ်သမားများနှင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အားကြိုးမာန်တက် အလုပ်လုပ်ကြရန် လိုအပ်ကြောင်း ထပ်လောင်းပြောကြားလိုကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် အားသာသည့် ပြည်နယ်၊ တိုင်းများကိုရော အားနည်းနေသေးသည့် ပြည်နယ်၊ တိုင်းများနှင့်နယ်စပ်ဒေသများပါ မကျန် ဟန်ချက်ညီညီ မျှမျှတတ ဖွံ့ဖြိုး တိုးတက်လာရေးအတွက် ဖွံ့ဖြိုးရေး စီမံကိန်းကြီး(၃) ရပ်ဖြစ်သည့် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ ဖွံ့ဖြိုးရေး အထူးဒေသကြီး (၂၄)ခု စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်းများကို တစ်ပြိုင်တည်း အကောင်အထည်ဖော်ဆောင်ရွက်ပေးနေသည်ကို အားလုံးအသိပင် ဖြစ်ကြောင်း။

ထိုကဲ့သို့ ဆောင်ရွက်သည့် နေရာတွင်နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော် တက်ညီလက်ညီ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် တက်တက်ကြွကြွဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့သည့်အတွက် ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို မြင်တွေ့နေရပြီဖြစ်ကြောင်း၊ ရှေ့ဆက်၍လည်း ယခုကဲ့သို့ပင် တက်ညီလက်ညီ ပူးပေါင်းလုပ်ဆောင်ကြမည်ဆိုပါ နိုင်ငံတော်ကြီးသည် ကမ္ဘာ့အလယ်တွင် တင့်တောင့်တင့်တယ် အစွန့်ရှည်ရှည် တည်တံ့ခိုင်မြဲစွာ ရပ်တည်နိုင်မှာ ဖြစ်သကဲ့သို့ စစ်မှန်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ချမှတ်ထားသော မူဝါဒလမ်းစဉ်အတိုင်း အောင်အောင်မြင်မြင်အကောင်အထည်ဖော်နိုင်မှာ ဖြစ်ကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က အမှာစကားပြောကြားသည်။

ယင်းနောက် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က အမှာစကားပြောကြားသည်။

ဆက်လက်၍ကျောက်ပန်းတောင်းမြို့နယ်မှ ဒေသခံပြည်သူများကိုယ်စား ဒေသခံ ပြည်သူတစ်ဦး ဖြစ်သည့် ဦးအောင်ဇော်လင်းက တောင်ရေ ရေလှောင်တမံဖွင့်လှစ်ပေးခဲ့ခြင်းအတွက် ကျေးဇူးတင်စကားပြောကြားသည်။

ကမ္ပည်းကျောက်စာဖွင့်လှစ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဒေသခံပြည်သူများသည် ရေလှောင်တမံ မုခ်ဦးထိပ်၌ နေရာယူကြပြီး မင်္ဂလာအချိန်ကျရောက်သည်နှင့် တစ်ပြိုင်နက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မော်ကွန်းကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတိုင်းမှူးဗိုလ်ချုပ်ရဲမြင့်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်တို့က တောင်ရေ ရေလှောင်တမံကိုဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် တောင်ရေရေလှောင်တမံကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကြက်မောက်တောင်ဆည်နှင့် ဆက်သွယ်ထားသည့် ဆက်သွယ်မြောင်း ဥမင်အဝင်ကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ တောင်ရေ(ကြက်မောက်တောင်ရေကူ) ရေလှောင်တမံသည် မြေသားတမံဖြစ်ပြီး တမံအမြင့်မှာ ပေ ၇၀၊ တမံအလျား ပေ ၂၉၇၀၊ ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၃၄၃၀၊ ရေဆင်းဧရိယာ ၂၃ စတုရန်းမိုင်ဖြစ်သည်။ ကြက်မောက်တောင်ဆည်ဆက်သွယ်သည့် တူးမြောင်းအလျားမှာ ၁ဒသမ၃၅မိုင်၊ ရေလွှဲဥမင်အလျား ပေ ၄၂၀၊ ရေလွှဲဥမင် အရွယ်အစား ၄ မီတာအချင်းရှိ မြင်းခွာပုံ သံကူကွန်ကရစ်နှင့် ရေလွှဲဥမင်၏ ရေထုတ်စီးနှုန်းမှာ တစ်စက္ကန့်လျှင် ကုဗပေ၂၃၀၀ ဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**

တောင်ရေ ရေလှောင်တမံမှ ရေကူပေးမည့် ကြက်မောက်တောင်ဆည်ကို ဇူလိုင်၁၆ရက်က ဤသို့တွေ့ရသည်။
ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

ခန္ဓာဉာဏ်ရောက် တရားဟောကြားမည်

ရန်ကုန် ဇူလိုင် ၂၈

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် လိမ္မော်ခြံကျေးရွာ မြစိမ်းတောင်ကျောင်းတိုက် ဆရာတော် အရှင်ဇာနေယျက ရွှေဂုံတိုင်လမ်းနှင့် ကမ္ဘာအေးဘုရားလမ်းထောင့်ရှိ ယုဇနတာဝါ ဒုတိယထပ် အစည်းအဝေးခန်းမ၌ ၁၃၆၆ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ခန္ဓာဉာဏ်ရောက်နိဗ္ဗာန်ရောက်ကြောင်း တရားများဟောကြားမည်ဟုသိရသည်။

(က-ပ)

ဗဟိုအလုပ်အမှုဆောင်ဒုတိယဝန်ကြီးဦးသိန်းစိန် အမျိုးသားရေးမူဝါဒ ဟောပြောပို့ချ

ရန်ကုန် ဇူလိုင် ၂၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်သည် ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံစည်းရုံးရေးသင်တန်းအမှတ်စဉ်(၁၄)၌ ယနေ့မွန်းတည့် ၁၂နာရီမှ ညနေ၄နာရီအထိ အမျိုးသားရေးမူဝါဒ၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်ပတ်သက်၍ အကျယ်တဝင့် ဟောပြောပို့ချကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဒေါ်ခင်လေးသက် ချို့တဲ့ကျောင်းသားကျောင်းသူများအတွက်ပညာသင်စရိတ်ထောက်ပံ့ကြေးပေးအပ်လှူဒါန်းပွဲတက်ရောက်

ရန်ကုန် ဇူလိုင် ၂၈

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပညာရေးလုပ်ငန်းအဖွဲ့၏ ကြီးကြပ်စီစဉ်မှုဖြင့် ချို့တဲ့ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ် ထောက်ပံ့ကြေးပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ အမှတ်(၁၆)အခြေခံပညာမူလတန်းကျောင်း၌ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်၊ပညာရေးအဖွဲ့ အကြံပေးပုဂ္ဂိုလ်များဖြစ်ကြသော ဒေါ်ခင်လေးမြင့်၊ ဒေါ်ဝင်းရွှေ၊ ဒေါ်မာလာသိန်းနှင့် အကြံပေးပုဂ္ဂိုလ်များ၊ အတွင်းရေးမှူး အဖွဲ့ဝင် ပါမောက္ခ ဒေါက်တာဒေါ်ခင်မာထွန်း၊ ပညာရေးလုပ်ငန်းအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဗဟန်းမြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းသားကျောင်းသူများ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်က ပညာသင်စရိတ်ထောက်ပံ့ကြေးလှူဒါန်းခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်စောအိထွေးက ကျောင်း၏ နောက်ခံသမိုင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်က ကျောင်းသား ကျောင်းသူ ငါးဦးတို့အတွက် ကျောင်းဝတ်စုံများကိုလည်းကောင်း၊ Max Myanmar Co. မှ ဦးဇော်ဇော်နှင့်ဇနီး ဒေါ်ငွေငွေခိုင်တို့က ကျောင်းသားကျောင်းသူ ငါးဦးတို့အတွက် ပညာသင်စရိတ်ထောက်ပံ့ကြေးငွေကျပ် ၅၀၀၀စီနှင့် ကျောင်းဖွံ့ဖြိုးရေးအတွက် ငွေကျပ် ၃၀၀၀၀ကိုလည်းကောင်း၊ ပညာရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်မင်းသက်မွန်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပညာရေးလုပ်ငန်းအဖွဲ့က လှူဒါန်းသော ကျောင်းသုံးစာရေးကိရိယာများနှင့် ကျောင်းရှိ ကျောင်းသားကျောင်းသူများအတွက် တစ်နေ့တာအာဟာရကျွေးမွေးစရိတ်တို့ကိုလည်းကောင်း အသီးသီးပေးအပ်လှူဒါန်းကြရာ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းသားကျောင်းသူတို့က အသီးသီးလက်ခံရယူကြသည်။

ထို့နောက် ဗဟန်းမြို့နယ်ပညာရေးမှူး ဒေါ်ကြူကြူရွှေက ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်နှင့်အဖွဲ့ဝင်များသည် အဆိုပါကျောင်းအနီးရှိ သပြေတောရဘုန်းတော်ကြီးကျောင်းသို့သွားရောက်၍ ဆရာတော်အားဖူးမြော်ကြည်ညိုကြပြီး အလှူငွေများဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

မြန်မာအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ရည်ရွယ်ချက်များအောင်မြင်ရေး မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံး တစ်တပ်တစ်အားပူးပေါင်းပါဝင်

ရန်ကုန် ဇူလိုင် ၂၈

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း ဟောပြောပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ကမ်းနားလမ်း ခြောက်ထပ်ရုံးရှိ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ တတိယထပ်ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း တက်ရောက်၍ ရှင်းလင်းပြောကြားသည်။ (အပေါ်ပုံ)

ဟောပြောပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မေမေရီ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယကဒေါ်ခင်သက်ငွေ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူးများ၊ အဖွဲ့ဝင် ဒေါ်ကြူကြူ၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးညွန့်ဆွေ၏ဇနီး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ အကြံပေးပုဂ္ဂိုလ် ဒေါ်သက်သက်ဆွေ၊ အဖွဲ့ဝင် ဦးလှမြင့်ဦး၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ အကြံပေးပုဂ္ဂိုလ် ဒေါ်အေးအေးမြင့်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့အောက်ရှိ ဦးစီးဌာနများနှင့် တက္ကသိုလ်များမှ ဌာနအကြီးအကဲများနှင့် ယင်းတို့၏ ဇနီးများ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ စုစုပေါင်း ၂၄၄ဦးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌကိုယ်စား ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးညွန့်ဆွေ၏ဇနီး ဒေါ်သက်သက်ဆွေက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက အဖွဲ့ချုပ်ဖြစ်ပေါ်လာပုံ နောက်ခံသမိုင်း၊ ရည်ရွယ်ချက်(၇)ချက်၊ လုပ်ငန်းအဖွဲ့(၁၆)ဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် လုပ်ငန်းစီမံချက်တို့ကို Power Point များဖြင့် ရှင်းလင်းဟောပြောပြီး "အမျိုးသမီးများ ဘဝဖွံ့ဖြိုးဖို့ ဝိုင်းဝန်းဆောင်ရွက်စို့"ဟူသော ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မွန်မြတ်သော ရည်ရွယ်ချက်များ အောင်မြင်ရေး အတွက် မြန်မာအမျိုးသမီးထုကြီး တစ်ရပ်လုံးက တစ်တပ်တစ်အား ပူးပေါင်းပါဝင်ကြရေးနှင့် မိမိဆန္ဒအလျောက် အဖွဲ့ဝင်အဖြစ် လျှောက်ထားနိုင်ကြကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌကိုယ်စား အဖွဲ့ဝင် ဦးညွန့်ဆွေ၏ဇနီး ဒေါ်သက်သက်ဆွေနှင့် အဖွဲ့ဝင် ဦးလှမြင့်ဦး၏ဇနီး ဒေါ်အေးအေးမြင့်တို့က မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်သို့ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၏ လှူဒါန်းငွေကျပ်တစ်သိန်းကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ဒေါ်မေမေရီအားပေးအပ်ပြီး ဟောပြောပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရခိုင်ကမ်းရိုးတန်းနှင့်မြစ်ဝကျွန်းပေါ်ဒေသများ ရံဖန်ရံခါမိုးသက်လေပြင်းများကျရောက်ပြီးလှိုင်းကြီးနိုင်

ရန်ကုန် ဇူလိုင် ၂၈

ယနေ့နံနက်၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄နာရီအတွင်းက စစ်ကိုင်းတိုင်း အောက်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး မကွေးတိုင်းတွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် မန္တလေးတိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးရွာခဲ့ပြီး မွန်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ သထုံမြို့တွင် ၃ဒသမ၄၆လက်မ၊ ဓနုဖြူမြို့တွင် ၃ဒသမ၂၇လက်မ၊ လှိုင်ကော်မြို့တွင် ၂ဒသမ၇၆လက်မနှင့် မင်းတပ်မြို့တွင် ၂ဒသမ၄၀လက်မ တို့ဖြစ်ကြသည်။

ယနေ့နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းနေကြောင်းသိရသည်။

ဇူလိုင် ၂၉ ရက်ညနေအထိခန့်မှန်းချက်အရ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့၌ နေရာကွက်ကျား ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် မြစ်ဝကျွန်းပေါ်ဒေသများတွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်ပြီး မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင်၃၅မိုင်မှမိုင်၄၀အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပညာရေးလုပ်ငန်းအဖွဲ့၏ ကြီးကြပ်စီစဉ်မှုဖြင့်ကျင်းပသော ဗဟန်းမြို့နယ် သံလွင်လမ်းရှိ အမှတ်(၁၆) အခြေခံပညာမူလတန်းကျောင်းမှ ချို့တဲ့ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ် ထောက်ပံ့ကြေး ပေးအပ်လှူဒါန်းပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်စောအိထွေးထံ အလှူရှင် Max Myanmar Co. မှ ဦးဇော်ဇော်၏ဇနီး ဒေါ်ငွေငွေခိုင်က အလှူငွေများပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

အမျိုးသားညီလာခံပြန်လည်ကျင်းပခဲ့ရာအပိုင်းတစ်ပိုင်းကိုအောင်မြင်စွာကျင်းပနိုင်ခဲ့ ပြည်တွင်းပြည်ပအဖျက်သမားများက ညီလာခံကျင်းပခြင်းအပေါ် နည်းမျိုးစုံဖြင့်နှောင့်ယှက်ဟန့်တားနေ နိုင်ငံတော်နှင့်ပြည်သူစည်းလုံးညီညွတ်စွာပူးပေါင်းပါက မိမိတို့ဆောင်ရွက်မှုများအောင်မြင်မည်

ရန်ကုန် ဇူလိုင် ၂၈

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့သည် ဇူလိုင် ၂၅ ရက် နံနက် ၁၀ နာရီခွဲတွင် စစ်ကိုင်းတိုင်း ပုလဲမြို့နယ် လက်တောင်းကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ နှစ်ထပ်ကျောင်းဆောင်သစ် လွှဲအပ်ပွဲနှင့် ကျေးရွာလူထုများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။

ယင်းအခမ်းအနားသို့ ကျေးရွာပေါင်း ၁၂ရွာမှ ကျေးရွာသူ ကျေးရွာသားပေါင်း ၁၄၀၀ကျော်တက်ရောက်ကြသည်။

အခမ်းအနားတွင် လက်တောင်းကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ နှစ်ထပ်ကျောင်းဆောင်သစ်ကို တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်သာအေးက ကျောင်းဆောင်သစ်ဖွင့်လှစ်လှူဒါန်းခြင်းအထိမ်းအမှတ် မော်ကွန်းကမ္ပည်းကျောက်စာတိုင်ကိုစက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူးနှင့်ဝန်ကြီးတို့က အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။ ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ဆောက်လုပ်ပြီးစီးဖွင့်လှစ်လိုက်သော နှစ်ထပ်ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ နှစ်ထပ်ကျောင်းဆောင်သစ်အား ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို အဆိုပါကျောင်းခန်းမ၌ ဒုတိယပိုင်းအစီအစဉ်အဖြစ်ဆက်လက်ကျင်းပရာ ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်းနှင့် ပတ်သက်သော စာရွက်စာတမ်းများကို လက်တောင်းကြီးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ ကျောင်းအုပ်ကြီးက စစ်ကိုင်းတိုင်း လက်ထောက် တိုင်းပညာရေးမှူး (စစ်ဆေးရေး) ထံသို့ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် တက်ရောက်လာကြသည့် ကျေးရွာများက ကျေးလက်ဒေဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုနှင့် လိုအပ်ချက်များကို တင်ပြကြရာ တိုင်းမှူး ဗိုလ်ချုပ်သာအေးက လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး အမှာစကား ပြောကြားသည်။

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့က ပုလဲမြို့နယ် မင်းတိုင်ပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ကြိုးကြိုးစားစားဆောင်ရွက်

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နိုင်ငံတော်အနေဖြင့် တိုင်းပြည်နှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်သော စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ကျန်းမာရေး၊လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစသည့် လုပ်ငန်းများကို အားလုံးနီးပါး တည်ဆောက်ပေးပြီးဖြစ်ကြောင်း၊ သို့ပါ၍ ဒေသခံပြည်သူများအနေဖြင့်လည်းမိမိတို့၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာအောင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန်၊ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြိုးကြိုးစားစား ပါဝင်ပူးပေါင်း ဆောင်ရွက်ကြရန် တို့ကို မှာကြားသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်သာအေးက လက်တောင်းကြီးအခြေခံပညာအထက်တန်းကျောင်းခွဲအတွက် ကွန်ပျူတာတစ်စုံကိုပေးအပ်လှူဒါန်းပြီး အသင်းဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပုလဲအခြေခံပညာ အထက်တန်းကျောင်းအတွက် ငွေကျပ် ၁၀ သိန်း၊ လက်တောင်းကြီး အခြေခံပညာ အထက်တန်းကျောင်းခွဲနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ကျောင်းများအတွက် ကျောင်းသုံးဖတ်စာအုပ်များ၊ ဗလာစာအုပ်များ၊ ဘောလ်ပင်များနှင့်ကျေးရွာပြည်သူများအတွက် အဝတ်အထည်များနှင့် စောင်များ စသည်တို့ကို ပေးအပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် တိုင်းမှူးဗိုလ်ချုပ်သာအေးနှင့် အသင်းဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့သည် ပုလဲမြို့နယ် မင်းတိုင်ပင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲနှင့် ကျေးရွာလူထုများနှင့် တွေ့ဆုံပွဲသို့ ဆက်လက်တက်ရောက်အားပေးကြသည်။ ယင်းအခမ်းအနားသို့ ကျေးရွာပေါင်း၂၆ရွာမှ ကျေးရွာသူ ကျေးရွာသားပေါင်း ၂၅၀၀ ကျော် တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်

မင်းတိုင်ပင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်ကို တိုင်းမှူးဗိုလ်ချုပ်သာအေးနှင့်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက ကျောင်းဆောင်သစ်ဖွင့်လှစ်လှူဒါန်းခြင်း အထိမ်းအမှတ် မော်ကွန်းကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးပြီး ဝန်ကြီးနှင့် တိုင်းမှူးတို့က ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။ ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့သည် ဆောက်လုပ်ပြီးစီးဖွင့်လှစ်လိုက်သော နှစ်ထပ်ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ နှစ်ထပ်ကျောင်းဆောင်သစ်အား ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို အဆိုပါကျောင်းရှေ့ရှိ ယာယီမဏ္ဍပ်၌ ဒုတိယပိုင်းအစီအစဉ်အဖြစ်ဆက်လက်ကျင်းပရာ ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်းနှင့်ပတ်သက်သော စာရွက်စာတမ်းများကို မင်းတိုင်ပင် အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ကြီးက စစ်ကိုင်းတိုင်း လက်ထောက်ပညာရေးမှူး(စစ်ဆေးရေး) ထံသို့ လွှဲပြောင်းပေးအပ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မင်းတိုင်ပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်လှစ်ခြင်း အထိမ်းအမှတ် ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ပူးပေါင်းပါဝင်ဆောင်ရွက်

ယင်းနောက် တက်ရောက်လာကြသည့်ကျေးရွာများက ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်အား အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် လိုအပ်မှုများကို တင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်သာအေးက လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အသင်းဗဟိုအတွင်းရေးမှူး ဗိုလ်မှူးချုပ်ကျော်ဆန်းက ကျေးရွာပြည်သူလူထုအား အမှာစကား ပြောကြားရာတွင် ယခုကဲ့သို့ ကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးခြင်းသည် ကျေးလက်ဒေသများ ပညာရည်မြင့်မားရေးအတွက် နိုင်ငံတော်၊ ဒေသခံပြည်သူများနှင့် စေတနာရှင်ပြည်သူများ၏ ပူးပေါင်းစွမ်းအားဖြင့် အကောင်အထည်ဖော်ပေးနေခြင်းဖြစ်ကြောင်း၊ အလားတူ ကျန်ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့အတူ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကိုလည်း နိုင်ငံတော်နှင့် ပြည်သူတို့လက်တွဲ၍ အောင်မြင်အောင်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ယခုအခါ မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမလုပ်ငန်းစဉ်ဖြစ်သော အမျိုးသားညီလာခံကိုပြန်လည်ကျင်းပခဲ့ရာ အပိုင်းတစ်ပိုင်းကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ဖြစ်ကြောင်း၊ သို့သော် ပြည်တွင်း ပြည်ပအဖျက်သမားများက ညီလာခံကျင်းပခြင်းအပါအဝင် မူဝါဒလမ်းစဉ်(၇)ရပ် အကောင်အထည်ဖော်မှုများအပေါ် နည်းမျိုးစုံဖြင့် နှောင့်ယှက် ဟန့်တားလျက်ရှိကြောင်း၊ သို့သော်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူအားလုံးတို့ စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ပါက မိမိတို့၏ဆောင်ရွက်မှုများ အောင်မြင်မည်သာဖြစ်ကြောင်း၊ သို့ပါ၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်ကြရန် အရေးကြီးကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အသင်းဗဟို အတွင်းရေးမှူး ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက နွယ်အင်းကျေးရွာ စာသင်ကျောင်းပြုပြင်ရန် ငွေကျပ်ငါးသိန်း၊ အင်းကန်ကျေးရွာပြည်သူများ သောက်သုံးရန် စက်ရေတွင်းတူးခအတွက် အလှူငွေကျပ်ငါးသိန်း၊ ကြက်ရင်းကျေးရွာ ရေအားလျှပ်စစ်လုပ်ငန်းအတွက် ငွေကျပ်ငါးသိန်း၊ ချောင်းဦးကျေးရွာ စာသင်ကျောင်းပြုပြင်ရန် ငွေကျပ် သုံးသိန်း၊ အင်းကန်ကျေးရွာ စာသင်ကျောင်းပြုပြင်ရန် ငွေကျပ်သုံးသိန်း၊ အင်ကြင်းစုကျေးရွာ စာသင်ကျောင်းအတွက် ငွေကျပ်သုံးသိန်း၊ ရုပ်မြင်သံကြားစက်လုံးဝမရှိသေးသော ကွမ်းကိုင်းကျေးရွာနှင့် ညောင်ပင်စောက်ရွာများအတွက် ရုပ်မြင်သံကြားစက်နှစ်လုံး၊ မင်းတိုင်ပင်ကျေးရွာနှင့် ဝန်းကျင်ကျေးရွာများမှ ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးဖတ်စာအုပ်များ၊ ဗလာစာအုပ်များ၊ ဘောလ်ပင်များ၊ အဝတ်အထည်များကို ပေးအပ်လှူဒါန်းသည်။

အခမ်းအနားအပြီးတွင် မင်းတိုင်ပင် ကျေးရွာ ပြည်သူလူထုနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည်ပုလဲမြို့ အခြေခံပညာ အထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပုလဲမြို့နယ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျောင်းအကျိုးတော်ဆောင်များအား ကျောင်းဆောင်သစ်ကို သတ်မှတ်ချိန်အတိုင်း ပြီးစီးအောင်ဆောက်လုပ်ရေး၊ ဆောက်လုပ်ရေးပစ္စည်းများ လေလွင့်မှုမရှိအောင် ထိန်းသိမ်းဆောင်ရွက်ရေး တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခရီးသွားဈေးကွက်ပိုမိုမြှင့်တင်နိုင်ရန်အချိန်ပိုင်းသင်တန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၂၈

မြန်မာ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေရန် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း(UMTA)က ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် ပညာပြန့်ပွားရေးသင်တန်းများနှင့် စာတမ်းဖတ်ပွဲများကို ပြုလုပ်မည်ဖြစ်သည်။ ခရီးသွားဈေးကွက်ပိုမိုမြှင့်တင်နိုင်ရန် Professional Marketing for Hospitality & Tourism အချိန်ပိုင်းသင်တန်းကို ဩဂုတ်၂ရက်မှ ၁၄ ရက်အထိ ရန်ကုန်တက္ကသိုလ်(ဝိဇ္ဇာခန်းမ)၌ဖွင့်လှစ်မည်ဖြစ်သည်။ခရီးသွားလုပ်ငန်းများနှင့်ဟိုတယ်လုပ်ငန်းများတွင် လက်တွေ့လုပ်ကိုင်နေသော ဝန်ထမ်းများနှင့် လုပ်ငန်းရှင်များကို ဦးစားပေးတက်ရောက်ခွင့်ပြုမည်ဖြစ်ပြီး အသင်းဝင်နှင့် အသင်းဝင်မဟုတ်သူများလည်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း ဖုန်း–၅၅၉၆၇၂၊ ၅၅၉၆၇၃ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

29-7 (07).p65 1 03/24/1905, 8:51 PM

တရားဥပဒေစိုးမိုးမှုနှင့် နိုင်ငံတော်တည်ငြိမ်ေ
ပြည်သူများအပြည့်အဝရရှိခံစားနိုင်ရေး တ
တရားရေးမဏ္ဍိုင်တည့်မတ်ခိုင်မာရေး ဥပဒေ
မှန်ကန်သောတရားစီရင်မှု ပြည်သူယုံကြည်

▼ ရှေ့ဖုံးမှ

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ ဒုတိယတရားသူကြီးချုပ်များ၊ ဒုတိယရှေ့နေချုပ်များ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တရားရုံးချုပ်နှင့်ပြည်နယ်၊ တိုင်းတရားသူကြီးများ၊ ရှေ့နေချုပ်ရုံးနှင့် ပြည်နယ်၊ တိုင်းဥပဒေအရာရှိများ၊ ပဲခူးတိုင်း၊ ပဲခူးတိုင်း(အနောက်ပိုင်း)၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းအတွင်းရှိ ခရိုင်တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ ရန်ကုန်တိုင်းအတွင်းရှိ တိုင်း၊ ခရိုင်နှင့်မြို့နယ်တရားသူကြီးများ၊ ဥပဒေအရာရှိများနှင့်တရားစီရင်ရေးနှင့် ပတ်သက်သည့်ဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များတက်ရောက်ကြသည်။

စနစ်တကျကြိုးပမ်း

အခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာ၌ ယနေ့အချိန်အခါသည် နိုင်ငံတော်အစိုးရအနေဖြင့် အမိပြည်တော်စုမြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ဖြစ်ထွန်းလာစေရေးအတွက်မျှော်မှန်းပြီး အနာဂတ်နိုင်ငံတော်သစ်ကြီးနှင့် ဆီလျော်ညီညွတ်မည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများ ပေါ်ထွန်းလာစေရန် ဘက်စုံထောင့်စုံက စနစ်တကျ ကြိုးပမ်းတည်ဆောက်ပေးလျက်ရှိသည့် အချိန်အခါကာလဖြစ်ကြောင်း။

ယခုကဲ့သို့ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးပေါ်ထွန်းလာစေရေးတွင် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုတို့ ပြည့်ပြည့်ဝဝဖြစ်ထွန်းနေစေဖို့ မိမိနိုင်ငံသူ နိုင်ငံသား တိုင်းရင်းသားပြည်သူများအားလုံးက တရားဥပဒေကို လေးစားလိုက်နာပြီး ပြည်သူများအချင်းချင်း တရားဥပဒေနှင့်အညီ အပြန်အလှန် ကျင့်ကြံနေထိုင်တတ်ဖို့နှင့် တရားဥပဒေ၏ အကာအကွယ်အောက်တွင် မိမိတို့၏ဘဝလုံခြုံချမ်းမြေ့မှုကို အပြည့်အဝတည်ဆောက်သွားနိုင်ကြဖို့တို့သည် အလိုအပ်ဆုံး အခြေခံအကြောင်းတရားများပင်ဖြစ်ကြောင်း။

ဒီမိုကရေစီကျင့်စဉ်နှင့်အညီ

ထို့ကြောင့် ဤအခြေခံအကြောင်းတရားများနှင့် ပြည့်စုံလာစေရန် နိုင်ငံတော်အစိုးရအနေဖြင့် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လာခဲ့သည့်အတွက် ယခုဆိုလျှင် နိုင်ငံတော်တစ်ဝန်းလုံး တရားဥပဒေ စိုးမိုးမှုနှင့်အတူ တည်ငြိမ်အေးချမ်းစွာ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည့်အပြင် ဒီမိုကရေစီကျင့်စဉ်နှင့် ညီညွတ်သော တရားစီရင်ရေးစနစ် တစ်ရပ်လည်း ခိုင်ခိုင်မာမာထူထောင်ထားနိုင်ခဲ့ပြီဖြစ်ကြောင်း။

သို့သော်လည်း တရားဥပဒေစိုးမိုးမှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းသာယာဝပြောမှုများ၏အကျိုးရလဒ်ကောင်းများကို ပြည်သူအများ အပြည့်အဝရရှိခံစားနိုင်စေရေးတွင် တရားရေးမဏ္ဍိုင် မယိမ်းမယိုင် တည့်မတ်ခိုင်မာနေစေရန် အလိုအပ်ဆုံးဖြစ်ခြင်းကြောင့် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြဖို့ တရားစီရင်ရေးကဏ္ဍ၌ ပါဝင်ပတ်သက်နေသည့် ပုဂ္ဂိုလ်အားလုံးတွင် တာဝန်အရှိဆုံးဖြစ်ကြောင်း။

တရားရေးမဏ္ဍိုင် မယိမ်းမယိုင်ရအောင် ထိန်းသိမ်းစောင့်ရှောက်ရမည့် ပုဂ္ဂိုလ်များကိုယ်တိုင်က ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် သွေဖည်ပြီး ဆောင်ရွက်နေမည်ဆိုလျှင် ပြည်သူများအနေဖြင့် တရားဥပဒေ၏ အကျိုးရလဒ်ကောင်းများကိုခံစားရန် လွန်စွာမှခဲယဉ်းမည်ဖြစ်ကြောင်း။

မိမိကိုယ်မိမိထိန်းသိမ်း

ထို့ကြောင့် တရားရေးမဏ္ဍိုင်မြဲမြဲ တည့်မတ်ခိုင်မာစေရန် ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ရေးတွင် တာဝန်အရှိဆုံး ပုဂ္ဂိုလ်များဖြစ်ကြသည့် အဆင့်ဆင့်သော တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ ရဲအရာရှိများ၊ တရားရုံးကို အထောက်အကူပြုရသည့် စုံစမ်းစစ်ဆေးရေးအရာရှိများ၊ ဓာတုဗေဒပညာရှင်များ၊ မှုခင်းဆရာဝန်များ၊ ရှေ့နေရှေ့ရပ်များစသည့် တာဝန်ရှိပုဂ္ဂိုလ်အသီးသီးအနေဖြင့် စိတ်ဓာတ်နှင့် ခံယူချက်အပိုင်း၊ ဥပဒေစည်းမျဉ်းလုပ်ထုံးလုပ်နည်းကျွမ်းကျင်မှုအပိုင်း၊ လုပ်ငန်းနည်းစနစ် အတတ်ပညာအပိုင်း၊ ကျင့်ဝတ်နှင့် ဂုဏ်သိက္ခာစောင့်စည်းမှုအပိုင်းစသည့် အပိုင်းကဏ္ဍများအားလုံးတွင် ပြည့်ဝနေကြရန် မိမိတို့ကိုယ်မိမိ လေ့ကျင့်ထိန်းသိမ်းကြရမည်ဖြစ်ကြောင်း။

တရားရေးမဏ္ဍိုင် တည့်မတ်ခိုင်မာစေရေးတွင် တရားသူကြီးများ၏ တရားမျှတမှန်ကန်မှု လိုအပ်သည့်အပြင် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ ဥပဒေအရာရှိများ၊ ရဲအရာရှိများ စသည့်ဆက်စပ်ပတ်သက်နေသည့် အဖွဲ့အစည်းများကပါ လိုအပ်သော ညှိနှိုင်းပေါင်းစပ်မှုများ၊ တရားစီရင်ရေးအာဏာ ထိရောက်မှုရှိစေရေးအတွက် ဥပဒေနှင့်ညီညွတ်သော ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရန် အရေးကြီးလှပါသည်ဟု တစ်ဆက်တည်း ပြောကြားလိုကြောင်း။

တက်ညီလက်ညီပူးပေါင်း

တရားစီရင်ရေးမဏ္ဍိုင် မတိမ်းစောင်းရေးနှင့် မှန်မှန်နှင့် မြန်မြန်တရားစီရင်နိုင်ရေးတို့အတွက် တရားသူကြီးများသာမက တရားစီရင်ရေးကဏ္ဍတွင် ပါဝင်ကြသည့် တရားစွဲအဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာ အာဏာပိုင်များအားလုံးက မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တာဝန်ရှိရှိဆောင်ရွက်ရင်း ဌာနဆိုင်ရာအချင်းချင်း အပြုသဘော ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ကြခြင်းအားဖြင့် မှန်ကန်တည့်မတ်သော တရားစီရင်ရေးစနစ်ဖြစ်ထွန်းလာစေရအောင် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန် ထပ်လောင်းမှာကြားလိုကြောင်း။

ယနေ့တရားစီရင်ရေးကဏ္ဍ၏ လုပ်ငန်းအကောင်အထည်ဖော်မှုများကို ကြည့်မည်ဆိုလျှင် အောင်မြင်ဖြစ်ထွန်းမှုများရှိနေသကဲ့သို့ ချို့ယွင်းချွတ်ချော်မှုများလည်း ရှိနေဆဲအခြေအနေကို တွေ့နေရဆဲဖြစ်ကြောင်း။

မှုခင်းများကြန့်ကြာမှုမရှိ

သို့သော်လည်း တရားစီရင်ရေး အခြေအနေနှင့်ပတ်သက်ပြီး အမှုလက်ကျန် ကျဆင်းရေး စီမံချက်ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်သည့်အပြင် တရားစီရင်ရေးနှင့် ဆက်နွယ်နေသော ဌာနအသီးသီး၏ပူးပေါင်းဆောင်ရွက်ခဲ့မှုများကြောင့် ပြစ်မှုဆိုင်ရာမှုခင်းများ ကြန့်ကြာမှုမရှိတော့ဟု သုံးသပ်တင်ပြထားသည်ကို တွေ့ရကြောင်း။

တင်ပြချက်များအရ ၂၀၀၃ ခုနှစ်အတွင်း စစ်ဆေးပြီးပြတ်ခဲ့သည့် ပြစ်မှုဆိုင်ရာ အမှုပေါင်းသည် တစ်နိုင်ငံလုံး၌ လေးသိန်းသုံးသောင်းကျော်ရှိပြီး ယခု ၂၀၀၄ခုနှစ်အတွင်းတွင် ဇွန်လကုန်အထိ ခြောက်လတာကာလအတွင်း စစ်ဆေးပြီးပြတ်သည့် ပြစ်မှုဆိုင်ရာ အမှုပေါင်းသည် သုံးသိန်းကိုးသောင်းနီးပါးရှိသည့်အတွက် စစ်ဆေးပြီးပြတ်မှုနှုန်းမှာ ယမန်နှစ်ကထက် ပိုမိုလာသည်ဟု သိရကြောင်း။

အလားတူ တရားမမှုခင်းများ စစ်ဆေးစီရင်ဆုံးဖြတ်မှုနှင့် ပတ်သက်၍ ၂၀၀၃ခုနှစ်အတွင်းတွင် စစ်ဆေးပြီးပြတ်မှုပေါင်းမှာ နှစ်သောင်းသုံးထောင်ကျော်ရှိပြီး ၂၀၀၄ ခုနှစ်အတွင်း ဇွန်လကုန်အထိ စစ်ဆေးပြီးပြတ်မှုပေါင်းမှာ တစ်သောင်းနှစ်ထောင်ကျော်ရှိသည့်အတွက် တရားမမှုခင်းများ စစ်ဆေးပြီးပြတ်မှုနှုန်းလည်း ပိုမိုတိုးတက်လာသည်ဟု သိရှိရကြောင်း။

ပြည်သူယုံကြည်ရန်

တရားစီရင်ရာတွင် မြန်ဆန်မှုအပြင် မှန်ကန်မှုလည်းရှိရန် အရေးကြီးကြောင်း၊ မှန်ကန်မြန်ဆန်သော တရားစီရင်ရေး ထွန်းကားမှသာ ပြည်သူတို့စိတ်ချမ်းမြေ့ကြမည်ဖြစ်ကြောင်း၊ ဥပဒေဘောင်အတွင်း မှန်ကန်စွာပြုမူ ကျင့်ကြံပါမှ အန္တရာယ်မရှိဘဲ မကြောင့်မကြကောင်းစွာ အသက်မွေးဝမ်းကျောင်းပြုနိုင်မည်မှာဖြစ်သကဲ့သို့ မမှန်မကန်လုပ်သူများ၊ ပြစ်မှုကျူးလွန်သူများကို အမှန်တရားက စီရင်အပြစ်ပေးမည်ဖြစ်သည်ဆိုသည့် မှန်ကန်သော တရားစီရင်မှု သဘောတရားကို ပြည်သူတို့ ယုံကြည်စွဲမြဲလာအောင် တရားသူကြီးများကိုယ်တိုင်က လက်တွေ့စွမ်းဆောင်ပြကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတစ်ခု၏ ဂုဏ်အင်္ဂါရပ်များနှင့်ညီညွတ်စေရန် နိုင်ငံတော်၏ တရားစီရင်ရေးစနစ်ကို ဥပဒေတတ်သိကျွမ်းကျင်သောပညာရှင်များက တရားစီရင်သည့်စနစ်၊ ပြည်သူအများ၏ အကျိုးစီးပွားကို ဥပဒေပညာရှင်များက ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးရသည့်စနစ်အဖြစ် လိုအပ်သောဥပဒေများ ပြဋ္ဌာန်းပြီး စနစ်တကျထူထောင်ပေးထားပြီးဖြစ်ကြောင်း။

ဥပဒေဘောင်အတွင်းကဖော်ဆောင်

ယခုကဲ့သို့ ဥပဒေပညာရှင်များကို မဏ္ဍိုင်ပြုဖွဲ့စည်းထားသော တရားစီရင်ရေးစနစ်တစ်ရပ်တွင် တရားစီရင်ရေးအာဏာကို ယုံကြည်စွာအပ်နှင်းခြင်းခံရသည့် တရားရေးဝန်ထမ်း အရာရှိများအနေဖြင့် ဥပဒေပညာပိုင်နိုင်ကျွမ်းကျင်မှု၊ တရားစီရင်ရေးစနစ် မှန်ကန်မျှတစွာဖြစ်ထွန်းအောင် စီမံခန့်ခွဲနိုင်မှုနှင့် စိတ်ဓာတ်ရေးရာမြင့်မြတ်တည်ကြည်မှုစသည့် ပင်မအရည်အသွေးများ ပြည့်ပြည့်ဝဝပိုင်ဆိုင်နေမှသာ နိုင်ငံတော်၏ တရားစီရင်ရေးဆိုင်ရာ အခြေခံမူများနှင့်အညီ တရားဥပဒေဘောင်အတွင်းက နည်းလမ်းတကျအကောင်အထည်ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း။

ဥပဒေပညာ ပိုင်နိုင်ကျွမ်းကျင်မှုဆိုရာတွင် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ ကျင့်ထုံးဥပဒေနှင့် လက်စွဲဥပဒေများ၊ တရားရုံးချုပ်ညွှန်ကြားလွှာများ၊ စီရင်ထုံးများကို အချိန်နှင့်တစ်ပြေးညီ ပိုင်ပိုင်နိုင်နိုင်နားလည် တတ်ကျွမ်းနေစေရန် အမြဲမပြတ် လေ့လာဆည်းပူးနေကြရမည်ဖြစ်ကြောင်း။

တရားရုံးအဆင့်ဆင့်ကြီးကြပ်

အလားတူပင် တရားစီရင်ရေးစနစ်မှန်ကန်မျှတစွာ ဖြစ်ထွန်းရေးအတွက် အခြားသော တရားစွဲအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးအပါအဝင် စီမံခန့်ခွဲမှု အရည်အသွေးများ ပြည့်ဝထက်မြက်ရေးအတွက် တရားရုံးအဆင့်ဆင့်ကြီးကြပ်ကွပ်ကဲမှုကို ထက်မြက်သက်ဝင်နေအောင် စီမံခန့်ခွဲနိုင်ရမည်ဖြစ်ကြောင်း။

အထူးသဖြင့် စိတ်ဓာတ်ရေးရာ မြင့်မားခိုင်မာရေးအတွက် အကျင့်၊ သီလ၊ သမာဓိ တည်ကြည်ခိုင်မြဲမှု၊ အဂတိတရားကင်းစင်ပြီး စာရိတ္တမဏ္ဍိုင်တည့်မတ်ခိုင်ကျည်မှု၊ ငွေကြေးဥစ္စာထက် ဖြောင့်မတ်မှန်ကန်ရိုးသားမှုကို အခြေခံသည့် ဂုဏ်သတင်းကျော်စောမှုကို လိုလားမြတ်နိုးမှု၊ တရားစီရင်ရေးဆိုင်ရာ အခြေခံမူများကို အမှန်တကယ် ယုံကြည်သက်ဝင်ခံယူမှု၊ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များနှင့် လိုက်လျောညီထွေစွာ ပြည်သူလူထုအကျိုးရှေးရှုသည့် အပြုသဘောအမြင်ရှိမှု စသည့်မြင့်မြတ်သော စိတ်ပိုင်းဆိုင်ရာ အရည်အသွေးများဖြင့် ပြည့်ဝခိုင်မာစေရန် မိမိတို့ကိုယ်မိမိတို့ အမြဲမပြတ် လေ့ကျင့်ပျိုးထောင်ပေးကြရမည်ဖြစ်ကြောင်း။

ချွတ်ချော်မှုများရှိနေဆဲ

ယနေ့တရားရုံးများ၏ လုပ်ငန်းဆောင်ရွက်မှုများကို စိစစ်ကြည့်သည့်အခါတွင် တရားသူကြီးအချို့၏ ချွတ်ယွင်းအားနည်းချက်များ ရှိနေဆဲဖြစ်သည်ကို တွေ့နေရဆဲပင်ဖြစ်ကြောင်း၊ အလားတူပင် တရားရုံးလုပ်ငန်းများဆောင်ရွက်မှုနှင့်ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်ရန်တာဝန်ရှိသည့် အဖွဲ့အစည်းအပိုင်းကလည်း ချွတ်ချော်မှုများ ရှိနေဆဲဖြစ်သည်ကို တွေ့မြင်နေရကြောင်း၊ တရားသူကြီးအချို့၏ မမှန်မကန် ဆုံးဖြတ်ဆောင်ရွက်မှုကြောင့် ပြည်သူများ စိတ်ဒုက္ခရောက်မှု၊ ဘဝပျက်ယွင်းမှုများ ဖြစ်ပေါ်သွားသည်ကိုလည်း ကြုံတွေ့နေရကြောင်း။

သာဓကအနေဖြင့်ပြောရမည်ဆိုလျှင်–

- **နိုင်ငံတော်က အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် အလေးထား တိုက်ဖျက်နေသည့် မူးယစ်ဆေးဝါးမှုများတွင် ထိရောက်ဟန့်တားသော အပြစ်ဒဏ်မချမှတ်ဘဲ စတိသဘောသာ ပြစ်ဒဏ်ချမှတ်ခြင်းများ၊ တရားခံဖော်ထုတ်ဖမ်းဆီးရာတွင် ပြည့်စုံမှုမရှိခြင်းများ၊ သက်သေခံပစ္စည်းများသိမ်းဆည်းရာတွင် စနစ်တကျ မဆောင်ရွက်ခြင်းများ၊ တရားရုံးကို ခိုင်လုံတိကျသော အထောက်အထားများ လုံလုံလောက်လောက်မတင်ပြမှုများ ရှိနေသေးခြင်းများစသည့် ရည်ရွယ်ချက်ရှိရှိဖြင့် ပြုလုပ်သော ချို့ယွင်းမှုမျိုးများရှိနေဆဲဖြစ်သည်ကို တွေ့ရကြောင်း။**
- **ထို့အတူပင် နိုင်ငံတော်၏ စီးပွားရေးကိုသာမက ပြည်သူများ၏လူမှုစီးပွားရေးဘဝနှင့် အကျင့်စာရိတ္တကိုပါ ပျက်ယွင်းစေသော လောင်းကစားမှုများတွင် ထိထိရောက်ရောက် ကာကွယ်တားဆီးနှိမ်နင်းရန် ပျက်ကွက်ခြင်းများ၊ ထိရောက်ဟန့်တားသော အပြစ်ဒဏ်မချမှတ်ခြင်းများ တွေ့နေရဆဲပင်ဖြစ်ကြောင်း။**
- **ထို့အပြင် အမျိုးသမီးများ၏ ဘဝလုံခြုံရေးနှင့်အမျိုးသမီးများအကြမ်းဖက်ခံရမှုက တားဆီးကာကွယ်ရေးအတွက် တစ်မျိုးသားလုံးကကြိုးပမ်းဆောင်ရွက်နေသည့် ယနေ့ကဲ့သို့ အချိန်အခါမျိုးတွင် အသက်ငယ်ရွယ်သူမိန်းကလေးကို အဓမ္မပြုကျင့်မှုတစ်ခုတွင် ထောင်ဒဏ်နှစ်နှစ်သာ ချမှတ်ခဲ့သည့်မျိုးများလည်း တွေ့နေရဆဲဖြစ်ကြောင်း။**
- **အထူးသဖြင့် ထိရောက်ဟန့်တားလောက်သော အပြစ်ဒဏ်များချမှတ်သင့်သည့်ပြစ်မှုမျိုးများကို ထောင်ဒဏ်အနည်းငယ်သာ ချမှတ်ပိုင်ခွင့်ရှိသည့်တရားရုံးတွင်စွဲတင်သည့်အတွက် အပြစ်ဒဏ်အနည်းငယ်သာချမှတ်နိုင်ခြင်းသည် လုံးဝလျော်ကန်သင့်မြတ်မှုမရှိဟု ဆိုရမည်ဖြစ်ကြောင်း။**

်အေးချမ်းသာယာမှုအကျိုးရလဒ်ကောင်းများ
တရားရေးမဏ္ဍိုင်တည့်မတ်ခိုင်မာရန်လိုအပ်
ဒေနှင့်အညီပူးပေါင်းဆောင်ရွက်ရန်အရေးကြီး
ည်လာရန် တရားသူကြီးများလက်တွေ့ပြသ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တရားရုံးချုပ်နှင့် ပြည်နယ်၊ တိုင်း၊ ခရိုင် တရားသူကြီးများ၊ ရှေ့နေချုပ်ရုံးနှင့် ပြည်နယ်၊ တိုင်း၊ ခရိုင် ဥပဒေအရာရှိများအား တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များ မှာကြားပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

အထူးသဖြင့် ပြစ်မှုတစ်ခုစွဲတင်ရာတွင် ထိုပြစ်မှုအတွက် သတ်မှတ်ထားသော အမြင့်ဆုံးအပြစ်ဒဏ်ကို စီရင်ပိုင်ခွင့်အာဏာမရှိသည့် တရားရုံးများတွင် စွဲတင်မှုမပြုသင့်ဘူးဆိုသည်ကို သာမန်စဉ်းစားရုံဖြင့် သိမြင်နိုင်ကြောင်း။

ဥပဒေအရာရှိများအပိုင်းကို ပြောရမည်ဆိုလျှင်လည်း ပြစ်မှုဆိုင်ရာမှုခင်းများကို တရားစွဲဆိုခြင်းမပြုမီ ဥပဒေအကြံပေးရာတွင် ဥပဒေနှင့် ညီညွတ်ပြည့်စုံခိုင်လုံပြီး ခေတ်စနစ်အမြင်ဖြင့် လျော်ညီသော ဥပဒေအကြံများပေးကြရန် လိုကြောင်း။

တာဝန်ရှိသူများထိန်းသိမ်း

ပြစ်မှုဆိုင်ရာမှုခင်းများ တရားစွဲဆိုတင်ပို့ရာတွင် ထိရောက်ဟန့်တားသော ပြစ်ဒဏ်များချမှတ်သင့်သည့် မှုခင်းများကို သက်ဆိုင်ရာ စီရင်ပိုင်ခွင့်ရှိသော တရားရုံးများသို့ တရားစွဲဆိုတင်ပို့ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ နောက်တစ်ခုက တရားရုံး၌ မှုခင်းတစ်ခု ပေါ်ပေါက်လာလျှင် တရားလိုနှင့် တရားခံဆိုသည့် နှစ်ဖက်ပုဂ္ဂိုလ်၊ နှစ်ဖက်အဖွဲ့အစည်းဆိုသည် ရှိကြရာတွင် တရားသူကြီးလုပ်သူက ဥပဒေနှင့်အညီ မှန်မှန်ကန်ကန် ဘက်မလိုက်ဘဲ တရားစီရင်ကြရမည်ဖြစ်ကြောင်း၊ တံစိုးလက်ဆောင်ယူပြီး ဘက်လိုက်ခြင်းမျိုး၊ တရားလိုက တရားခံလိုဖြစ်သွားခြင်းမျိုး၊ အမှုမကြာသင့်ဘဲ ကြန့်ကြာသွားခြင်းမျိုး၊ အောက်ရုံးက မမှန်မကန်ဆုံးဖြတ်၍ အထက်ရုံးက ပြန်လည်ပြင်ဆင်စီရင်ရခြင်းမျိုးစသည့် တရားသူကြီးများ၊ ရှေ့နေရှေ့ရပ်များ၊ အမှုစွဲတင်သည့် ရဲတပ်ဖွဲ့ဝင်များ၏ မမှန်မကန်ဆောင်ရွက်မှုများမဖြစ်ရအောင် တာဝန်ရှိသူအသီးသီးက ထိန်းသိမ်းကြရန်လည်း လိုအပ်မည်ဖြစ်ကြောင်း။

တရားရုံးကအမိန့်၊ စီရင်ချက်ချမှတ်ပြီးလျှင်လည်း ထိုအမိန့်၊ စီရင်ချက်သည် ဥပဒေနှင့်ညီညွတ်မှု ရှိ မရှိ၊ ပြစ်မှုပြစ်ဒဏ်မျှတမှု ရှိ မရှိ၊ ထိရောက်ဟန့်တားလောက်သောပြစ်ဒဏ် ချမှတ်သင့်သည့်အမှုမျိုးတွင် ထိရောက်ဟန့်တားလောက်သော ပြစ်ဒဏ်ချမှတ်ခြင်း ရှိ မရှိ စသည်တို့ကို စောင့်ကြည့်လေ့လာပြီး တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်မှန်ကန်ရေးအတွက် အမြဲမပြတ်သတိထား၍ ကူညီထိန်းကျောင်းသွားရန်လိုကြောင်း။

ဥပဒေပညာဖြင့် ပံ့ပိုး

ရှေ့နေရှေ့ရပ်များအပိုင်းကို ပြောရမည်ဆိုလျှင်လည်း ရှေ့နေရှေ့ရပ်များသည် တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေးအတွက် အထောက်အကူပြုသည့် အရေးပါသော အခန်းကဏ္ဍ၌ ပါဝင်လျက်ရှိသည့်အတွက် တရားစီရင်ရေးမှန်ကန်အောင် ဥပဒေပညာဖြင့် ကူညီပံ့ပိုးပေးကြရန် တာဝန်ရှိကြကြောင်း။

သို့ရာတွင် ရှေ့နေတို့၏ ကျင့်ဝတ်သိက္ခာနှင့်အညီ ကျင့်သုံးလိုက်နာမှု အားနည်းနေခြင်းများရှိနေသေးသည်ကို တွေ့မြင်နေရဆဲဖြစ်ကြောင်း၊ ထို့ကြောင့် ၂၀၀၄ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ ရှေ့နေများကောင်စီ၌ တရားရုံးချုပ်ရှေ့နေများအပေါ် တိုင်ကြားစာအစောင် ၁၁၀ကို လက်ခံရရှိသည့်အတွက် ရှေ့နေများကောင်စီက ရှေ့နေ၁၅ဦးအပေါ် လိုအပ်သော အရေးယူအပြစ်ပေးမှုများ ပြုလုပ်ခဲ့ရသည်ဟုသိရှိရကြောင်း။

တရားဥပဒေစိုးမိုးရေး

ရှေ့နေရှေ့ရပ်များသည် တရားဥပဒေနှင့် ရှေ့နေတို့၏ ကျင့်ဝတ်သိက္ခာများကို တန်ဖိုးထား ထိန်းသိမ်းလိုက်နာကြမှသာ တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေးကို အထောက်အကူပြုနိုင်ကြမည်ဖြစ်သည်ဟု ထပ်လောင်းပြောကြားလိုကြောင်း။

ရှေ့နေရှေ့ရပ်များသာမက တရားဥပဒေနယ်ပယ်တွင် တာဝန်ထမ်းဆောင်နေကြသူများအားလုံးသည် ကိုယ်ကျင့်တရားစောင့်ထိန်းရာ၌ ထူးကဲသာလွန်သူများ၊ ပြည်သူတွေ ယုံကြည်ကိုးစားနိုင်လောက်သည့် အကျင့်သိက္ခာနှင့် ပညာပြည့်ဝသူများဖြစ်ရန် လိုအပ်သည်ဟု တစ်ဆက်တည်းပြောကြားလိုကြောင်း။

မူဘောင်နှင့်အညီဆောင်ရွက်

တရားစီရင်ရေးကဏ္ဍ၏ အန္တိမတာဝန်သည် အမှန်တရားကို ရှာဖွေဖော်ထုတ်ပြီး ပြည်သူအများ၏ ဥပဒေအရ နစ်နာမှုများကို ဥပဒေနှင့်အညီ ကုစားပေးနိုင်စေရေးပင်ဖြစ်ကြောင်း၊ ၎င်းရည်မှန်းချက် ပြည့်မြောက်အောင်မြင်စေရေးအတွက် တရားရုံးများကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး လုပ်နည်းများ၊ လိုက်နာကျင့်သုံးရမည့် လက်စွဲများ၊ ညွှန်ကြားချက်များအစရှိသည့် စည်းမျဉ်းစည်းကမ်းကျင့်ဝတ်များက ထိန်းကွပ်ပေးထားခြင်းကြောင့် ထိုအထိန်းအကွပ်များ၏ မူဘောင်များနှင့်ညီညွတ်အောင် လုပ်ငန်းတာဝန်များကို အလေးထားဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

တရားစီရင်ရေးစနစ်သည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ဖြစ်ထွန်းနေမှု အခြေအနေများ၊ အနာဂတ်အလားအလာများ၊ နိုင်ငံတော်၏ အမျိုးသားရေးမျှော်မှန်းချက်များနှင့်အညီ ပြည်သူအများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရက ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အမျိုးသားရေးမူဝါဒနှင့် ဆီလျော်ညီညွတ်စွာ တိုးတက်ဖြစ်ထွန်းနေစေရအောင် တရားစီရင်ရေးကဏ္ဍမှ တာဝန်ရှိသူအသီးသီးက အမျိုးသားရေးသတိဖြင့် ကာကွယ်စောင့်ရှောက်ပေးကြရမည်ဖြစ်ကြောင်း။

ထို့အပြင် နိုင်ငံတကာ တိုးတက်ဖြစ်ထွန်းမှုများနှင့် လျော်ညီစွာ နိုင်ငံတကာက အလေးထားအာရုံစိုက်ဆောင်ရွက်နေကြသည့် အမျိုးသမီးများနှင့် ကလေးသူငယ်များ လူမှောင်ခိုကုန်ကူးခံရမှုမှ ကာကွယ်စောင့်ရှောက်ရေး၊ အမျိုးသမီးများ အကြမ်းဖက်ခံရမှုမှ ကာကွယ်စောင့်ရှောက်ရေး၊ နယ်စပ်ဖြတ်ကျော်မှုခင်းများ တားဆီးနှိမ်နင်းရေး၊ ငွေကြေးခဝါချမှုများ တားဆီးနှိမ်နင်းရေး စသည့် မှုခင်းများနှင့် ပတ်သက်ပြီးလည်း တားဆီးကာကွယ်ရေးအပိုင်းကရော တရားစီရင်ရေးအပိုင်းကပါ လိုက်လျောညီထွေစွာ အလေးထားဆောင်ရွက်ကြရန်လိုအပ်သည်ဟု ပြောကြားလိုကြောင်း။

တက်ညီလက်ညီလက်တွဲ

ခြုံငုံပြီး မှာကြားရမည်ဆိုလျှင် အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သော လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်တွင် တရားဥပဒေစိုးမိုးရေးဖြစ်ထွန်းပြီး နိုင်ငံသူနိုင်ငံသားအားလုံးက တရားဥပဒေကို လေးစားလိုက်နာခြင်းနှင့်အတူ ပြည်သူများအနေဖြင့် တရားဥပဒေ၏ အကာအကွယ်ကို ရရှိနိုင်သည်ဆိုသည်ကို ပြည်သူများကိုယ်တိုင် လက်တွေ့သိမြင်ခံစားစေရအောင် တရားစီရင်ရေးကဏ္ဍနှင့် သက်ဆိုင်သော အဖွဲ့အစည်းများအားလုံးက တက်ညီလက်ညီလက်တွဲကြိုးပမ်းဆောင်ရွက်သွားကြပါဟု မှာကြားလိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် တရားဥပဒေစိုးမိုးပြီး ပြည်သူအများတရားဥပဒေဘောင်အတွင်း စိတ်အေးချမ်းမြေ့ ပျော်ရွှင်လွတ်လပ်စွာ နေထိုင်နိုင်စေရေးကို ရေရှည်အာမခံနိုင်မည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးအပိုင်းတစ်ပိုင်းကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီဖြစ်ကြောင်း။

ထည့်သွင်းဆုံးဖြတ်

ဤအမျိုးသားညီလာခံကြီးတွင် တရားသူကြီးများ၊ ဥပဒေအရာရှိများ အပါအဝင်ဖြစ်သည့် လူထုလူတန်းစား အလွှာများ၊ တိုင်းရင်းသားလူမျိုးများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ စုံစုံညီညီတက်ရောက်ပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် အခြေခံရမည့်အခြေခံမူများ၊ အသေးစိတ်အခြေခံမူများကို ဆွေးနွေးညှိနှိုင်း ချမှတ်လျက်ရှိရာတွင် တရားစီရင်ရေးကဏ္ဍနှင့်ပတ်သက်ပြီးလည်း တစ်ပိုင်းတစ်ကဏ္ဍ ထည့်သွင်းဆုံးဖြတ် ချမှတ်လျက်ရှိကြောင်း။

ထို့ကြောင့် တရားသူကြီးများ၊ ဥပဒေအရာရှိများ အပါအဝင် တရားစီရင်ရေးကဏ္ဍမှ တာဝန်ရှိသူများအားလုံးက တရားဥပဒေစိုးမိုးရေး၊ တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာမြဲမြံရေး ပင်မတာဝန်များနှင့် ယှဉ်တွဲပြီး အမျိုးသား ညီလာခံကြီး အောင်မြင်ပြီးမြောက်ရေးဆိုသည့် အမျိုးသားရေးတာဝန်ကိုပါ မိမိတို့ကျရာအခန်းကဏ္ဍက တာဝန်ကျေပွန်စွာ ပါဝင်ထမ်းရွက်သွားကြပါဟု မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ–

- **တရားမျှတပြီး ဥပဒေနှင့်ညီညွတ်သော တရားစီရင်ရေးစနစ် ခိုင်ခိုင်မြဲမြဲဖြစ်ထွန်းပြီး တရားဥပဒေစိုးမိုးမှုနှင့်အတူ ပြည်သူများ စိတ်အေးချမ်းမြေ့လုံခြုံစွာ လူမှုသုခအပေါင်း အပြည့်အဝရရှိခံစားနိုင်စေရအောင် တရားရေးကဏ္ဍက ကြိုးပမ်းစွမ်းဆောင်ပေးကြပါ၊**
- **နိုင်ငံတော်၏ တရားစီရင်ရေးဆိုင်ရာ အခြေခံမူများ အကောင်အထည်ပေါ်ဖြစ်ထွန်းလာစေရေးအတွက် တည့်မတ်မှန်ကန်ပြီး ပြည်သူများ ယုံကြည်ကိုးစားရသော တရားစီရင်ရေးစနစ် ပီပီပြင်ပြင်ပေါ်ထွန်းလာစေရအောင် မြင့်မြတ်သောစိတ်ထားဖြင့် အားထုတ်ကြိုးပမ်းဆောင်ရွက်သွားကြပါ၊**
- **အမိနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ချောမောစွာ ကူးပြောင်းနိုင်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်စွာ အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရအောင် မိမိတို့ကျရာ အခန်းကဏ္ဍက တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်သွားကြပါ**

ဟု တိုက်တွန်းမှာကြားပြီး တွေ့ဆုံမှာကြားသည့် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဒဂုံပရိယတ္တိစာသင်တိုက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

ရန်ကုန် ဇူလိုင် ၂၈

ဒဂုံမြို့နယ် မြို့မကျောင်းလမ်း အိမ်တော်ရာ ဒဂုံပရိယတ္တိစာသင်တိုက်ကြီး၏ ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏာနန္ဒဆရာတော်ကြီးအား အမှူးထား၍ စာသင်တိုက်ကြီး၌ ဝါကပ်တော်မူကြမည့် စာချ စာသင် ဆရာတော်များအတွက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို သြဂုတ်၁ရက် (တနင်္ဂနွေနေ့) မွန်းလွဲ၂နာရီတွင် ကျင်းပမည်ဖြစ်သည်။

အလှူရှင်များအနေဖြင့် ဝါဆိုသင်္ကန်းများ အလွယ်တကူ ဝယ်ယူနိုင်ရန်အတွက် သင်္ကန်းဒွိစုံတစ်စုံလျှင် ငွေကျပ်၂၇၀၀နှုန်းဖြင့် ဒဂုံပရိယတ္တိစာသင်တိုက်အကျိုးဆောင်အဖွဲ့ ဖုန်း–၃၇၁၂၂၈သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

တရားဟောကြားမည်

ရန်ကုန် ဇူလိုင် ၂၈

ရန်ကုန်တိုင်း သန်လျင်မြို့နယ် ဗိုလ်ချုပ်ဝ စတုဘုမ္မိက မင်္ဂရိပ်သာ၏ ပဓာနနာယက ဆရာတော် နိုင်ငံတော်သြဝါဒါစရိယ စတုဘုမ္မိကနိကာယဂဏာဓိပတိ ဆရာတော်ကြီးဘဒ္ဒန္တဣန္ဒကာဓိဝသည် ဒုတိယဝါဆိုလပြည့် (ဇူလိုင် ၃၁ ရက်) နံနက် ၉နာရီတွင် မင်္ဂလာသီလ၊ မဂ်သီလ ချီးမြှင့်ပြီး မွန်းလွဲ၁နာရီတွင် နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

ဝါတွင်းတရားဟောကြားမည်

ရန်ကုန် ဇူလိုင် ၂၈

ဗဟန်းမြို့နယ် လိပ်ပြာကန်တိုက် သုခရိပ်သာကျောင်းဆရာတော် ဗုဒ္ဓသာသနာပြု ဓမ္မကထိက ဦးဓမ္မသာရသည် ရွှေတိဂုံ စေတီတော် မြောက်ဘက်မုခ် မြို့မဗဟိုတံမြက်လှည်းအသင်း တန်ဆောင်း၌ ဝါတွင်း ဥပုသ်နေ့တိုင်း သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

မြန်မာ့ရုပ်မြင်သံကြား

၂၉–၇–၂၀၀၆
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရုအဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကတိပိဋကရေဓမ္မဘဏ္ဍာဂါရိကဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၀	၅။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၈း၀၀	၆။	အကပဒေသာ
၈း၁၀	၇။	အဆိုပြိုင်ပွဲ
၈း၂၀	၈။	ရှမ်းပြည်နယ် (အရှေ့ပိုင်း) နမ့်မွေတံတား
၈း၃၀	၉။	International News
၈း၄၅	၁၀။	Let's Go
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	English for Everyday Use.
၁၆း၄၅	၄။	တေးဂီတအစီအစဉ်
၁၇း၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၁၇း၁၅	၆။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၁၇း၃၀	၇။	ကျေးပင်အက်ရေလှောင်တမံ
၁၇း၄၀	၈။	**"နင်းကြည့်စမ်းပါ"** (မင်းအုပ်စိုး၊ညီဘွား၊ ခင်စိုးပိုင်) (ဒါရိုက်တာ–မင်းအုပ်စိုး)
၁၇း၅၀	၉။	တေးဂီတအစီအစဉ်
၁၈း၀၀	၁၀။	မြန်မာစာ မြန်မာစကား
၁၈း၁၅	၁၁။	တေးဂီတအစီအစဉ်
၁၈း၃၀	၁၂။	ညနေခင်းသတင်း
၁၉း၀၀	၁၃။	မိုးလေဝသအခြေအနေ
၁၉း၀၅	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **"မိုးနတ်မယ်"**(အပိုင်း–၄၃)
၁၉း၃၀	၁၅။	နိုင်ငံ့အဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၁၉း၄၅	၁၆။	ထာဝရအလှူ ကုသိုလ်ယူ
၂၀း၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	ဇာတဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ **"ဆဒ္ဒန်ဆင်မင်း ဇာတ်တော်ကြီး"** (တတိယဆု)(မန္တလေးတိုင်း)
	၂၁။	နောက်တစ်နေ့အစီအစဉ်
	၂၂။	အစီအစဉ်ပြီး၏။

သာသနာ အစ ဝါဆိုလ

သာသနာဆိုသည်မှာ သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်တို့၏ အဆုံးအမဖြစ်သည်။ ထိုသမ္မာသမ္ဗုဒ္ဓဘုရားရှင်တို့၏ အဆုံးအမဖြစ်သော ပရိယတ္တိသဒ္ဓမ္မသာ သတ္တလောကကြီးအတွင်း၌ ထွန်းလင်းတောက်ပခွင့်ကို မရလျှင် သတ္တလောက ဖြစ်သော လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအားလုံးတို့သည် ဆင်းရဲဒုက္ခ ကုန်ဆုံးနိုင်တော့မည်မဟုတ်ပေ။ ထို့ကြောင့် သတ္တလောကသားတို့ ဒုက္ခကင်းဝေးရေး အတွက် ဘုရားရှင်တို့၏ အဆုံးအမခေါ် သာသနာတော် သတ္တလောကကြီး အတွင်း၌ အမြဲတမ်းထွန်းလင်းတောက်ပခွင့် ရစေသင့်သည်။ သို့သော် အမြဲ ထွန်းလင်းတောက်ပခွင့်ကား မရခဲ့ပေ။

ထိုသာသနာတော်ဆိုသည်မှာလည်း သမ္မာသမ္ဗုဒ္ဓဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာမှသာ ထွန်းလင်းတောက်ပခွင့်ရသောတရားမျိုးဖြစ်၏။ ထို့ကြောင့် လောကအတွင်း၌ တရားရောင်ထွန်းလင်းနိုင်ရန်အတွက် ဗုဒ္ဓပွင့်ရန် လိုအပ်၏။ သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်တို့ လောက၌ပွင့်ထွန်းပေါ်ပေါက်ရန်မှာလည်း လွန်စွာ ခဲယဉ်းလှပေသည်။

ဘာကြောင့်ဘုရားပွင့်

ထိုသို့ ပွင့်ပေါ်ရန်ခဲယဉ်းလှသော သမ္မာသမ္ဗုဒ္ဓဘုရားရှင်တို့ လောက၌ ဘာကြောင့်ပွင့်ပေါ်လာရသနည်း?၊ ဘုရားရှင်သည် လောကတွင်း၌ သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်တို့ ပွင့်ပေါ်လာရခြင်းအကြောင်းကိုလည်းကောင်း၊ ဓမ္မရတနာဟူသော သာသနာတော်ကြီး ပွင့်လင်းထွန်းပလာရခြင်းအကြောင်းကိုလည်းကောင်း ဤသို့ ဟောတော်မူ၏။

"ရဟန်းတို့ လောက၌ ဤဆိုလတ္တံ့သော တရားသုံးမျိုးတို့ မရှိကုန်အံ့၊ ပူဇော်အထူးကို ခံယူတော်မူထိုက်သော သစ္စာလေးတန်ကို လမ်းညွှန်သူမရှိ၊ ကိုယ်တော်တိုင်သိတော်မူသော မြတ်စွာဘုရားသည် လောက၌ပွင့်ပေါ်တော်မူလာမည် မဟုတ်ပေ။ ဘုရားရှင်တို့သာ ဟောကြားမြဲဖြစ်သော ဓမ္မဝိနယခေါ် သာသနာတော်သည်လည်း လောက၌ ထွန်းလင်းတောက်ပလာမည်မဟုတ်ပေ။

အဘယ်တရားသုံးမျိုးတို့နည်း။

ပဋိသန္ဓေနေရခြင်း၊

အိုရခြင်း၊

သေရခြင်း တို့တည်း။

ရဟန်းတို့ ဤတရားသုံးမျိုးတို့သာ လောက၌ မရှိကုန်အံ့၊ ပူဇော်အထူးကို ခံယူတော်မူထိုက်သော သစ္စာလေးတန်ကို လမ်းညွှန်သူမရှိ၊ ကိုယ်တော်တိုင်သိတော် မူသော မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူလာမည်မဟုတ်ပေ။ ဘုရားရှင် တို့သာ ဟောကြားမြဲဖြစ်သော ဓမ္မဝိနယခေါ် သာသနာတော်သည်လည်း လောက၌ ထွန်းလင်းတောက်ပခွင့် ရလာမည်မဟုတ်ပေ။

ရဟန်းတို့၊ အကြင်ကြောင့် ဤဆိုခဲ့ပြီးသော တရားသုံးမျိုးတို့သည် လောက၌ ရှိနေကြကုန်၏။ ထို့ကြောင့် ပူဇော်အထူးကို ခံယူတော်မူထိုက်သော သစ္စာလေးတန်ကို လမ်းညွှန်သူမရှိ၊ ကိုယ်တော်တိုင်ထိုးထွင်း၍ သိတော်မူသော မြတ်စွာဘုရားသည် လောက၌ ပွင့်ပေါ်တော်မူလာရ၏။ ထိုသို့ ဘုရားပွင့်ပေါ်တော် မူလာရခြင်းကြောင့် ဘုရားရှင်တို့သာ ဟောကြားမြဲဖြစ်သော ဓမ္မဝိနယခေါ် သာသနာတော်သည် လောက၌ ထွန်းလင်းတောက်ပခွင့်ရလာတော့၏။

(အံ၊ ၃၊ ၃၇၀)

ဤဒေသနာတော်အရ သတ္တလောကကြီးအတွင်း၌ ပဋိသန္ဓေနေရခြင်းဒုက္ခ၊ အိုရခြင်းဒုက္ခ၊ သေရခြင်းဒုက္ခတို့ ရှိနေခြင်းကြောင့် ထိုဒုက္ခတို့မှ ကိုယ်တော် တိုင်လည်း လွတ်မြောက်ရန်၊ ဝေနေယျသတ္တဝါတို့ကိုလည်း လွတ်မြောက်စေရန် ဘုရားဆုကိုပန်ဆင်၍ ပါရမီဖြည့်တော်မူခဲ့ကြောင်း၊ ဘုရားအဖြစ်သို့ ရောက်ပြန် သောအခါ၌လည်း နေ့ညဥ့်မနား သတ္တဝါတို့အတွက် ပရိယတ္တိသဒ္ဓမ္မကို ဟောဖော်ညွှန်ပြတော်မူကြောင်း၊ ထို့ကြောင့် ဓမ္မဝိနယခေါ် သာသနာတော် ထွန်းလင်းတောက်ပလာခဲ့ကြောင်း သိရပေသည်။

အကယ်၍သာ **သတ္တလောကအတွင်း၌ ပဋိသန္ဓေနေရခြင်းဒုက္ခ၊ အိုရခြင်း ဒုက္ခ၊ သေရခြင်းဒုက္ခတို့မရှိခဲ့လျှင် သတ္တလောကအတွင်း၌ ဘုရားရှင်ပွင့်ပေါ်တော် မူလာမည်မဟုတ်ပေ။ ပွင့်ပေါ်ရန်လည်း မလိုအပ်တော့ပေ။ ထိုသို့ဆိုလျှင် ပရိယတ္တိသဒ္ဓမ္မခေါ် သာသနာတော်လည်း အထူးတလည် ပွင့်လင်းထွန်းပစရာ မလိုအပ်တော့ပေ။ စင်စစ်အားဖြင့် သတ္တလောကအတွင်း၌ ဆိုခဲ့ပြီးသော ဒုက္ခသုံးမျိုးတို့သည် သတ္တဝါတို့ကို အမြဲမပြတ်နှိပ်စက်လျက်ရှိကုန်၏။ ထို့ကြောင့် ထိုဒုက္ခသုံးမျိုးတို့မှ ကိုယ်တိုင်လည်းလွတ်မြောက်ခွင့်ရရန်၊ သတ္တဝါတို့ကိုလည်း ကယ်တင်နိုင်ရန် ဒီပင်္ကရာဘုရားအထံတော်၌ ဘုရားဆုကို ပန်ခဲ့ခြင်း၊ ပါရမီဖြည့်ခဲ့ခြင်းဖြစ်၏။** ထိုသို့ သင်္ချေလေးရပ် တစ်သိန်းကပ်တိုင် ပါရမီဆယ်ပါး အပြားသုံးဆယ်စသော ဘုရားဖြစ်ကြောင်း တရားတို့ကို ဖြည့်ကျင့်တော် မူခဲ့ခြင်းကြောင့်လည်း မဟာသက္ကရာဇ် ၁၀၃ခုနှစ် ကဆုန်လပြည့်နေ့တွင် သမ္မာသမ္ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူခဲ့ရ၏။

ဤကား ဆိုခဲ့ပြီးသော ဒုက္ခသုံးမျိုး သတ္တလောက၌ ရှိနေခြင်းကြောင့် ပွင့်တော်မူရန် ခဲယဉ်းလှသော သမ္မာသမ္ဗုဒ္ဓဘုရား ပွင့်တော်မူလာရခြင်း၏ အဓိပ္ပာယ်တည်း။

ဗုဒ္ဓ၏ရှေ့ပိုင်းအဖြစ်တော်စဉ်

ဗုဒ္ဓ၏ အဖြစ်တော်စဉ်ကို ဆင်ခြင်သုံးသပ်လျှင်–

(က) မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်ကျော် ၁ ရက်မှ ဝါဆိုလပြည့် ညနေချမ်းကာလ တရားမဟောမီအထိ တစ်ဆစ်တစ်ပိုင်း။

(ခ) ထိုဝါဆိုလပြည့်နေ့ ညနေချမ်းကာလ ဓမ္မစကြာတရားတော်ကို ဟောတော် မူချိန်မှစ၍ မဟာသက္ကရာဇ် ၁၄၈ခုနှစ် ကဆုန်လပြည့်ညဥ့် ပရိနိဗ္ဗာန် စံတော်မူသည်အထိ တစ်ဆစ်တစ်ပိုင်းဟု နှစ်ပိုင်းတွေ့မြင် ကြည်ညိုနိုင် သည်။ တစ်ဖန် ထိုရှေ့ပိုင်းဖြစ်သော (က)အပိုင်းကို ထပ်မံ ဆင်ခြင် သုံးသပ်ပြန်လျှင်–

(၁) မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်ကျော် ၁ ရက်မှ ထိုနှစ် ဝါဆိုလဆန်း ၅ရက်အထိ တစ်ပိုင်းတစ်ဌာန။

(၂) ဝါဆိုလဆန်း ၆ ရက်မှ ဝါဆိုလပြည့် ညနေချမ်း တရားမဟောမီအချိန်အထိ တစ်ပိုင်းတစ်ဌာန။ ဤသို့နှစ်ပိုင်းနှစ်ဌာနတွေ့မြင်ကြည်ညိုနိုင်ပြန်သည်။

ထိုနှစ်ပိုင်းတွင် ကဆုန်လပြည့်ကျော် ၁ ရက်မှ ဝါဆိုလဆန်း ၅ ရက် အထိ ၄၉ရက်သည် သမ္မာသမ္ဗုဒ္ဓအဖြစ်သို့ ရောက်စကာလ ကိုယ်တော်မြတ် လေးသင်္ချေ နှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး မျှော်လင့်တောင့်တလိုချင်လှသည့် ဝိမုတ္တိသုခခေါ် နိဗ္ဗာန်ချမ်းသာကို ခံစားတော်မူရင်း ရရှိတော်မူပြီးသော သဗ္ဗညုတဉာဏ်တော်ကြီးကို အသုံးချ၍ သိသင့်သိရမည့် ဓမ္မအားလုံးကို ဆင်ခြင်သုံးသပ်တော်မူသည့် ကာလဖြစ်သည်။ တစ်ဖန် ထိုနှစ်ဝါဆိုလဆန်း ၆ရက်မှ ဝါဆိုလပြည့် ညနေချမ်းအထိကာလသည် ဓမ္မဝိနယအားဖြင့် နှစ်မျိုး နှစ်စား ခွဲခြားနိုင်သော သာသနာတော်ကြီး သတ္တဝါတို့၏သန္တာန်၌ ထွန်းလင်း တောက်ပနိုင်ရေးအတွက် ပြင်ဆင်အားထုတ်တော်မူသော ကာလဖြစ်သည်။

သတ္တဌာနစံတော်မူခြင်း

သတ္တဌာနစံတော်မူသည့် လုပ်ငန်းသည် ပွင့်တော်မူသော ဘုရားရှင်တိုင်း ဆောင်ရွက်တော်မူမြဲဖြစ်သည့် လုပ်ငန်းဖြစ်သည်။ ကျွန်ုပ်တို့၏ ဗုဒ္ဓဂေါတမလည်း ထိုလုပ်ငန်းကို အောက်ပါအတိုင်း ဆောင်ရွက်တော်မူသည်။

မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်ကျော် ၁ ရက်မှ ၇ ရက် အထိ ခုနစ်ရက်တို့ပတ်လုံး ဘုရားအဖြစ်သို့ရောက်တော်မူသည့် ပလ္လင်တော်မှာပင် ထိုင်တော်မူရင်း ကုဋေတစ်သိန်းမက များလှစွာသော အရဟတ္တဖိုလ်စတုတ္ထဈာန်

ကထိက ရဟန်း

သမာပတ်တို့ကို ဝင်စားကာ နိဗ္ဗာန်ချမ်းသာဖြစ်သော ဝိမုတ္တိသုခကို ခံစားတော် မူသည်။ ထိုသို့ ခံစားတော်မူရင်း သတ္တလောကကြီးအကြောင်းအကျိုးဆက်စပ် ဖြစ်ပေါ်နေပုံကို အပြန်ပြန်အလှန်လှန် ဆင်ခြင်သုံးသပ်တော်မူသည်။ ထိုသို့သက်ရှိ လောက၏ ဖြစ်စဉ်ကို ဆင်ခြင်တော်မူခြင်းကိုပင် ပဋိစ္စသမုပ္ပါဒ်ကို အနုလုံ၊ ပဋိလုံ ဆင်ခြင်တော်မူသည်ဟု ကျမ်းဂန်တို့၌ မိန့်ဆိုကြခြင်းဖြစ်သည်။

ထိုနောက် ကဆုန်လပြည့်ကျော်၈ရက်မှ ၁၄ ရက်အထိ ခုနစ်ရက်တို့ ပတ်လုံး ပလ္လင်တော်မှ စဉ်းငယ်အရှေ့အရပ်ယွန်းသော မြောက်အရပ်၌ရှိသည့် အနိမိသဌာန၌ရပ်လျက် မမှိတ်သောမျက်လုံးတော်ဖြင့် ဗောဓိပင်နှင့် အပရာဇိတ ပလ္လင်တော်နေရာတို့ကို ကြည့်တော်မူပြီး လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းကြာအောင် ဖြည့်ကျင့်တော်မူခဲ့ရသည့် ပါရမီတော်တို့ကို ပြန်လည်ဆင်ခြင်တော်မူသည်။

သတ္တလောကအတွင်း၌ ပဋိသန္ဓေနေရခြင်းဒုက္ခ၊ အိုရခြင်း ဒုက္ခ၊ သေရခြင်းဒုက္ခတို့ မရှိခဲ့လျှင် သတ္တလောကအတွင်း၌ ဘုရားရှင်ပွင့်ပေါ်တော်မူလာမည်မဟုတ်ပေ။ ပွင့်ပေါ် ရန်လည်း မလိုအပ်တော့ပေ။ ထိုသို့ဆိုလျှင် ပရိယတ္တိသဒ္ဓမ္မခေါ် သာသနာတော်လည်း အထူးတလည် ပွင့်လင်းထွန်းပစရာ မလိုအပ်တော့ပေ။ စင်စစ်အားဖြင့် သတ္တလောကအတွင်း၌ ဆိုခဲ့ပြီးသော ဒုက္ခသုံးမျိုးတို့သည် သတ္တဝါတို့ကို အမြဲမပြတ်နှိပ်စက်လျက်ရှိကုန်၏။ ထို့ကြောင့် ထိုဒုက္ခသုံးမျိုးတို့မှ ကိုယ်တိုင်လည်းလွတ်မြောက်ခွင့်ရရန်၊ သတ္တဝါတို့ကိုလည်း ကယ်တင် နိုင်ရန် ဒီပင်္ကရာဘုရားအထံတော်၌ ဘုရားဆုကို ပန်ခဲ့ခြင်း၊ ပါရမီဖြည့်ခဲ့ခြင်းဖြစ်၏။

ထို့နောက် ကဆုန်လပြည့်ကျော် ၁၅ ရက်(လကွယ်)ရက်မှ နယုန်လဆန်း ၆ ရက်အထိ ခုနစ်ရက်တို့ပတ်လုံး ပလ္လင်တော်နှင့်အနိမိသဌာနတို့၏ အကြား အရှေ့အနောက်အလျားရှိသည့် ရတနာစင်္ကြံတော်၌ ပဋိစ္စသမုပ္ပါဒ်တရား ပါရမီတော်တို့နှင့်ဆက်စပ်သည့် တရားအားလုံးကို ဆက်လက်ဆင်ခြင်တော်မူကာ ဖလသမာပတ်ဖြင့် စင်္ကြံလျှောက်ရင်း သီတင်းသုံးတော်မူသည်။

နယုန်လဆန်း ၇ ရက်မှ ၁၃ ရက်အထိ ခုနစ်ရက်ပတ်လုံး မဟာဗောဓိပင်မှ အနောက်မြောက်ထောင့်အရပ်တွင် နတ်ဗြဟ္မာတို့ ဖန်ဆင်းအပ်သော ရတနာဃရရွှေအိမ်တော်၌ ထက်ဝယ်ဖွဲ့ခွေထိုင်နေတော်မူကာ သက်ရှိသက်မဲ့ အားလုံးတို့၏ သဘာဝဓမ္မများဖြစ်သော အဘိဓမ္မာသဘောတို့ကို ဆင်ခြင်သုံးသပ် တော်မူသည်။ နောက်ဆုံးပဋ္ဌာန်းကျမ်းခေါ်သည့် အကြောင်းအကျိုးဆက်စပ်ဝေဖန် သည့်အပိုင်းသို့ ရောက်သောအခါ ကျယ်ဝန်းလှသဖြင့် စွမ်းရည်အပိုင်းအခြား မရှိသော သဗ္ဗညုတဉာဏ်တော်ကြီး ကွန့်မြူးခွင့်ရပြီး ခန္ဓာကိုယ်တော်မှ ရောင်ခြည်တော် ခြောက်ဆိုင်တို့ ထွက်ပေါ်လာရသည်။

နယုန်လဆန်း၁၄ရက်မှ လပြည့်ကျော် ၅ ရက်အထိ မဟာဗောဓိပင်မှ အရှေ့အရပ်၌ရှိသော အဇပါလနိဂြောဓခေါ် ဆိတ်ကျောင်းညောင်ပင်ရင်း၌ ခုနစ်ရက်ပတ်လုံး သီတင်းသုံးကာ တရားတော်တို့ကို ဆင်ခြင်တော်မူကာ ဝိမုတ္တိသုခကို ခံစားတော်မူရင်း မာရ်နတ်နှင့် မာရ်နတ်သမီးသုံးယောက်တို့၏ နှောင့်ယှက်မှုကို ပယ်ရှားတော်မူသည်။

နယုန်လပြည့်ကျော် ၆ ရက်မှ ၁၂ ရက်အထိ ဗောဓိပင်မှ အရှေ့တောင် အရပ်၌ရှိသော မုစလိန္ဒာအိုင်ကြီးအနီး ကျီးပင်အနီး၌ ဝိမုတ္တိသုခကို ခုနစ်ရက် ပတ်လုံး ခံစားတော်မူသည်။

နယုန်လပြည့်ကျော် ၁၃ ရက်မှ ဝါဆိုလဆန်း ၅ ရက်အထိ ခုနစ်ရက် ပတ်လုံး မဟာဗောဓိပင်၏ တောင်အရပ်၌ရှိသည့် လင်းလွန်းပင်အနီးတွင် ဝိမုတ္တိ ချမ်းသာကို ခံစားရင်း သီတင်းသုံးတော်မူသည်။

ဤသို့လျှင် ဘုရားရှင်သည် ၄၉ရက်လုံးလုံး အချိန်ပြည့် ဝိမုတ္တိသုခကို ခံစားရင်း တရားတော်တို့ကို ဆင်ခြင်တော်မူရာ သတ္တလောက၊ ဩကာသ လောက၊ သင်္ခါရလောက ဟူသော လောကသုံးပါး၌ ရှိနေသမျှ၊ ဖြစ်ပျက်နေသမျှ ဓမ္မအားလုံးကို ဆင်ခြင်သုံးသပ်မိပြီး ဖြစ်တော့၏။ တရားနာ ဝေနေယျသတ္တဝါတို့ အား သူတို့၏ပါရမီအလျောက် ဣန္ဒြေအနုအရင့် အာသယ အနုသယတို့ကို ကြည့်ရှုဝေဖန်ကာ ဒေသနာဉာဏ်ဖြင့် ဟောတော်မူရန်သာ လိုပေတော့သည်။

ဗြဟ္မာတောင်းပန်ခြင်း

မဟာသက္ကရာဇ် ၁၀၃ခုနှစ် ဝါဆိုလဆန်း ၆ ရက်နေ့တွင် အဇပါလ ညောင်ပင်ရင်းသို့ မြတ်စွာဘုရားတစ်ဖန် ကပ်ရောက်သီတင်းသုံးတော်မူပြီး တရားဟောတော်မူရန် ပြင်ဆင်တော်မူသည်။

ရှေးဦးစွာ မိမိသိအပ်၊ ရအပ်ပြီးသော ပဋိစ္စသမုပ္ပါဒ်တရားတော်နှင့် အလုံးစုံ သော ဥပဓိတို့၏ကင်းရာဖြစ်သော နိဗ္ဗာနဓာတ်တို့၏ နက်နဲသိမ်မွေ့လှပုံတို့ ကို ဆင်ခြင်တော်မူပြီး သတ္တဝါတို့ကို ဆင်ခြင်တော်မူသောအခါ သတ္တဝါတို့က အာရုံငါးပါးတို့ဖြင့် ပျော်မွေ့နေပုံတို့ကို မြင်တော်မူလျှင်–

"ငါသည် ခဲခဲယဉ်းယဉ်း ပါရမီဖြည့်ကျင့်အားထုတ်ပါမှ ရအပ်၊ သိအပ်သော သစ္စာလေးပါးတရားကို ယခုအခါဟောပြ၍ အကျိုးမရှိသေး၊ ရာဂ၊ ဒေါသ အလွှမ်း မိုးခံနေကြရသူတို့သည် ဤသစ္စာလေးပါးတရားကို သိရန်လွယ်ကူမည်မဟုတ်ပေ။

တဏှာဒိဋ္ဌိတို့၏ ဆန့်ကျင်ဘက်ဖြစ်၍ ဤသိမ်မွေ့နက်နဲ မြင်နိုင်ခဲလှသော နိဗ္ဗာနဓာတ်ကို သတ္တဝါတို့ ရာဂ၏လွှမ်းမိုးမှု အဝိဇ္ဇာမှောင်၏ ပိတ်ဆီးမှုတို့ကို ခံနေကြရသဖြင့် သိနိုင်ကြလိမ့်မည်မဟုတ်ပေ"ဟု ဆင်ခြင်တော်မူပြီး ခပ်သိမ်း သော ဘုရားရှင်တို့၏ ဓမ္မတာအလျောက် တရားမဟောရန် စိတ်ညွတ်တော် မူလေသည်။ ထိုအခါ သဟမ္ပတိဗြဟ္မာကြီးက လာရောက်တောင်းပန်သည်။ ဘုရားရှင်က တရားဟောရန် ဝန်ခံတော်မူသည်။

ဤကား ဘုရားရှင်တို့၏ ဓမ္မတာတည်း။

အကြောင်းပြည့်စုံမှ

ဘာကြောင့် ဘုရားရှင် တရားမဟောရန် စိတ်ညွတ်တော်မူရသနည်း? အဖန်ဖန်ပဋိသန္ဓေတည်နေရသည့် ဇာတိသံသရာ၊ အဖန်ဖန်အိုနေရသည့် အိုလို့မဆုံးနိုင်သည့် ဇရာသံသရာ၊ အဖန်ဖန်သေနေရသည့် သေလို့မဆုံးနိုင် သည့် မရဏသံသရာမှ သတ္တဝါတို့ကို ကယ်တင်လိုလှသဖြင့်–

ဗုဒ္ဓေါ ဗောဓေယျံ = ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ မရဏဒုက္ခတို့၏ သဘောမှန် ကို ငါသိရလျှင် သတ္တဝါတို့ကိုလည်း သိစေမည်။

တိဏ္ဏော တာရေယျံ = ထိုဇာတိ စသော သံသရာဩဃကို ငါကူးမြောက် နိုင်လျှင် သတ္တဝါတို့ကိုလည်း ကူးမြောက်စေမည်။

မုတ္တော မောစေယျံ = ထိုသံသရာဒုက္ခမှ ငါလွတ်မြောက်ပါက သတ္တဝါ တို့ကိုလည်း လွတ်မြောက်စေမည်

ဟု ကြုံးဝါးကာ လေးသင်္ချေနှင့် ကမ္ဘာ တစ်သိန်း ပါရမီဖြည့်ပြီး ဘုရားဖြစ်လာမှ တရားမဟောရန် စိတ်ညွတ်တော်မူခြင်းသည် ရှေ့နောက်မညီသကဲ့သို့ ဖြစ်နေ၏။ ထို့ပြင် **"နတ္ထိ ဝီရိယသသဟာနိ**= ဘုရားရှင်တို့မည်သည် ဝီရိယလျော့ပါး ပျင်းရိသည့်သဘောတရားမရှိပေ"ဟု **အာဝေနိက**ဂုဏ်တော်ကလည်း ရှိနေ၏။ ထို့ကြောင့် စိတ်တော်ညွတ်ရခြင်း၏ အကြောင်းမှန်ကို သိရန်လိုအပ်၏။ အကြောင်းမှန်မှာ–

(၁) တရားဟောရန် အကြောင်းနိဒါန်း မပြည့်စုံသေးခြင်း၊

(၂) တရားဟောရမည့် အချိန်ကာလသို့ မရောက်သေးခြင်းတို့ကြောင့် ဖြစ်၏။

အကယ်၍ ထိုအချိန်ကာလအတွင်းမှာ တရားဟောတော်မူပါက မည်သူမျှ သစ္စာဉာဏ်ရပြီး ဝဋ်ဒုက္ခမှ လွတ်မြောက်မည် မဟုတ်ဘဲ ကိုယ်တော်မြတ် ပင်ပန်းရုံသာရှိပေမည်။ ထို့ကြောင့် ဤကာလအတွင်း၌ တရားမဟောရန် စိတ်ညွတ်တော်မူခြင်း ဖြစ်၏။

ချဲ့ဦးအံ့၊ ဘုရားရှင် ထိုသို့ စိတ်ညွတ်သောကာလမှာ မဟာသက္ကရာဇ် ၁၀၃ခုနှစ် ဝါဆိုလဆန်း ၆ ရက်နေ့ဖြစ်၏။ ထိုရက်၌ တရားဟောရန် အကြောင်းမပြည့်စုံသေးသည့်အပြင် အချိန်လည်းမကျသေးပေ။ မှန်၏။ သမ္မာ သမ္ဗုဒ္ဓဘုရားရှင် တရားတော်ကို စတင်ဟောတော်မူရန် နိဒါန်းနှစ်ရပ် အကြောင်းအင်္ဂါနှစ်မျိုးရှိသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

နိုင်ငံတော်သမ္မတရုံး ဝန်ထမ်းမိသားစု ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၈

ရှင်စောပုလမ်း ဓမ္မစေတီ ရွှေကျင်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တပညာဝါရနှင့် ပင့်သံဃာတော်များအား နိုင်ငံတော်သမ္မတရုံး ဝန်ထမ်းမိသားစုများက ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ အလုံလမ်း သမ္မတအိမ်တော်ဝင်း ဓမ္မာရုံ၌ ကျင်းပရာ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းနှင့် အရာထမ်း၊ အမှုထမ်းများ၊ မိသားစုများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ နေ့ဆွမ်းကပ်လှူခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြန်မာပါစပက်တစ်အင်္ဂလိပ်ဘာသာစာစောင် အတွဲ IX°1/2004°ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇူလိုင် ၂၈

မြန်မာစာဖတ်ပရိသတ်မျှော်လင့်တောင့်တနေသည့် Myanmar Perspectives အင်္ဂလိပ်ဘာသာ စာစောင်အတွဲ IX°1/2004 ကို ထုတ်ဝေလိုက်ပြီဖြစ်သည်။ (ဝဲပုံ)

ဤစာစောင်တွင် မြန်မာနိုင်ငံအတွင်း ဖွံ့ဖြိုးတိုးတက်နေသည့် ဒေသများအား နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ကြပ်မတ်လမ်းညွှန်လျက်ရှိမှုများ၊ မြန်မာနိုင်ငံတွင် ကျင်းပခဲ့သည့် လေးနိုင်ငံထိပ်သီးစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ညီလာခံအကြောင်း သိကောင်းစရာများအပြင် ကြည်နူးဖွယ်ကောင်းသော မြန်မာ့ယဉ်ကျေးမှုအလှနှင့် မြန်မာ့သဘာဝအကြောင်း စွယ်စုံသိနိုင်ရန် ပင်တိုင်စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ အတွေးနှင့် အရေးတို့ကို စိတ်ဝင်စားဖွယ် ဖတ်ရှုနိုင်သည်။

ဤစာအုပ်ကို အင်းဝစာအုပ်တိုက် ဆူးလေဘုရားလမ်းက ဖြန့်ဝေပြီး စာတိုက်သေတ္တာ အမှတ်(၈၄၆)နှင့် E.Mail: kkh@mptmail.net.mm သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၁၉၆၈ ခုနှစ် ဆေးတက္ကသိုလ်(၁)ဝင်ခွင့်ရ ဆရာဝန်များ ဆရာကန်တော့ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၈

၁၉၆၈ခုနှစ် ဆေးတက္ကသိုလ်(၁)ဝင်ခွင့်ရ ဆရာဝန်များ၏ တတိယအကြိမ် ဆရာကန်တော့ပွဲကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာ၂၆ရက် နံနက် ၉နာရီတွင် မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်)၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

(၁) ဖြဟ္မာ၏ တောင်းပန်ခြင်း၊

(၂) သတ္တဝါတို့ အပေါ်၌ သနားတော်မူသည် မဟာကရုဏာတော်တို့ ဖြစ်၏။ ထိုအကြောင်းနှစ်ပါးနှစ်မျိုးတွင် ဖြဟ္မာ၏တောင်းပန်ခြင်းသည် ဝေးသောအကြောင်း ဗာဟိရနိဒါန်းဖြစ်၏။ သတ္တဝါတို့အပေါ်၌ သနားတော်မူသည် မဟာကရုဏာတော်သည် နီးသောအကြောင်း အဇ္ဈတ္တိကနိဒါန်းဖြစ်၏။ ထိုစိတ်ညွတ်စဉ်က "ဗြဟ္မာ၏တောင်းပန်ခြင်း" ဟူသော အကြောင်းလိုနေသေးသည်။ ထို့ကြောင့် သတ္တဝါတို့အပေါ်၌ သနားတော်မူသော်လည်း တရားမဟောရန် စိတ်ညွတ်တော်မူခြင်းဖြစ်၏။

ထိုလိုအပ်နေသော အကြောင်းနိဒါန်းတစ်ရပ်သည် သဟမ္ပတိဗြဟ္မာမင်းကြီး လာရောက်တောင်းပန်ခြင်း ပြည့်စုံခြင်းသို့ရောက်သည်။ ထိုသို့တရားဟောတော်မူရန် အကြောင်းနိဒါန်းနှစ်ရပ်နှင့် ပြည့်စုံပြီဖြစ်သော်လည်း ဟောတော်မူရမည့် ကာလကားမရောက်သေးပေ။ တရားဟောကာ သာသနာတော်စတင်မည့် ကာလသည် ဝါဆိုလပြည့်နေ့ဖြစ်၏။ ထို့ကြောင့်ဝါဆိုလပြည့်နေ့မတိုင်မီ မဟာဗောဓိပင်၏အနီးမှသာ ရက်ကိုစောင့်ဆိုင်းရင်း သီတင်းသုံးတော်မူကြောင်းကို "ထိုဗာရဏသီ မိဂဒါဝုန်တောသို့သွား၍ ဓမ္မရတနာကို စတင်လည်စေတော်မူမည်ဟု နှစ်ရက်သုံးရက် မဟာဗောဓိ၏ အနီးမှသာ ဆွမ်းခံလှည့်လည်နေတော်မူပြီး အာသဠှီကနတ်နှင့်စန်းယှဉ်သည့် ဝါဆိုလပြည့်နေ့၌ သင်္ကန်းသပိတ်တို့ကို ယူတော်မူ၍ ၁၈ယူဇနာဝေးသည့်ခရီးကို ကြွတော်မူသည်"ဟု မိန့်ဆိုသည်။

(ဇိနတ္ထ၊ ၄၊ ၃၄၃။)

ပွင့်တော်မူသော ဘုရားတစ်ဆူ တရားတော်ကို စတင်ဟောတော်မူခြင်းသည် ထိုဘုရားရှင်၏ သာသနာတော် သတ္တလောကဌ် စတင်လိုက်ခြင်းပင်ဖြစ်သည်။ ဘုရားရှင်တို့ သာသနာကွယ်ရာကာလ သတ်မှတ်ချက်မရှိသော်လည်း စတင်ရာ ကာလမှာမူ ဝါဆိုလပြည့်နေ့သာဖြစ်၏။ ထို့ကြောင့် **"သာသနာအစ ဝါဆိုလ"** ဟု ဆိုရပါသတည်း။

* ဆုဆုဗုဒ္ဓ ပွင့်ပေါ်ကြ၊ မာသကဆုန် လပြည့်တည်း။
မဓ္ဓရတနာ စတင်ပါ၊ နွယ်တာမာသ လပြည့်တည်း။
သံဃရတနာ ပေါ်ထွန်းလာ၊ အခါဝါလ ပြည့်ဝန်းတည်း။
သုံးပါးရတနာ ပြည့်စုံပါ၊ အခါဝါလ ပြည့်ဝန်းတည်း။ ။

(၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းကရာတေးဒိုပြိုင်ပွဲ ရန်ကုန်တိုင်းအသင်း ကိုးနှစ်ဆက်တိုက်ပထမရရှိ

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ – သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် ဇူလိုင် ၂၈

မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၀၆ ခုနှစ် (၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ကရာတေးဒိုပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့နံနက်ပိုင်းကစတင်ကျင်းပရာ အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းအမျိုးသားအသင်းက ရွှေတံဆိပ်ခြောက်ခု၊ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်တစ်ခုဖြင့် ပထမတံခွန်စိုက်ဒိုင်းဆုကြီးအား ကိုးနှစ်ဆက်တိုက်ရရှိသွားသည်။ အမျိုးသမီးပထမတံခွန်စိုက်ဒိုင်းကို မန္တလေးတိုင်းအသင်းက ရွှေနှစ်ခု၊ ငွေနှစ်ခု၊ ကြေးတစ်ခု ရရှိသွားသည်။ ဆုများကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ချီးမြှင့်သည်။

(၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ကရာတေးဒိုပြိုင်ပွဲတွင် ကိုးနှစ်ဆက်တိုက် ပထမဒိုင်းဆုကြီး ဆွတ်ခူးသွားသည့် ရန်ကုန်တိုင်းအသင်းအား မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ဒိုင်းဆုကြီးချီးမြှင့်စဉ်။ ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

ပြိုင်ပွဲအပြီးတွင် ရန်ကုန်တိုင်းကရာတေးဒို ဆပ်ကော်မတီ အတွင်းရေးမှူးဦးစိုးဝင်းအား မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းခဲ့သည်။

ဦးစိုးဝင်းက "မိမိတို့ ရန်ကုန်တိုင်းအသင်းအား ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ မှာကြားချက်နှင့်အညီ တစ်လအတွင်း စုစည်းလေ့ကျင့်ပြီးပြိုင်ပွဲဝင်ခဲ့ကြောင်း၊ မိမိအသင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်း၊ တပ်မ(၁၁)နှင့် အရပ်သား ကရာတေးဒို ကစားသမားများကို ရွေးချယ်စုစည်းလေ့ကျင့်ပေးပြီးပြိုင်ပွဲဝင်ခဲ့၍ ယခုကိုးနှစ်ဆက်တိုက် ပထမရရှိခြင်းဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်ရခြင်း ရည်ရွယ်ချက်မှာ အမိနိုင်ငံအတွက် ထူးချွန်သည့် မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာရန် ရည်ရွယ်၍ပြိုင်ပွဲဝင်ခဲ့ခြင်းဖြစ်ကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

ကုမိတဲ့ပြိုင်ပွဲ

အမျိုးသမီးအသင်းလိုက် ကုမိတဲ့ပြိုင်ပွဲတွင် ပထမရန်ကုန်တိုင်းအသင်း၊ ဒုတိယ ဧရာဝတီတိုင်းအသင်း၊ ပူးတွဲတတိယ(ရှမ်း/တောင်)နှင့် ကချင်ပြည်နယ်တို့ရရှိပြီး ဆုများကို မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် အမှုဆောင် ဒေါ်အယ်လ်ခွန်းရီက ပေးအပ်ချီးမြှင့်သည်။

အမျိုးသားအသင်းလိုက် ခတပြိုင်ပွဲတွင်ပထမမန္တလေးတိုင်း၊ ဒုတိယ ရခိုင်ပြည်နယ်၊ ပူးတွဲတတိယ ရန်ကုန်တိုင်းနှင့်ရှမ်းပြည်နယ်(တောင်ပိုင်း)တို့ ရရှိပြီးဆုများကို J.K.F မှနည်းပြဆရာ မစ္စတာတာနာကာက ပေးအပ်ချီးမြှင့်သည်။

အမျိုးသား ကီလို ၅၅ နှင့်အောက် ကုမိတဲ့ပြိုင်ပွဲတွင် ပထမ ဆန်းလင်းအောင်(ရန်ကုန်)၊ ဒုတိယ သီဟကိုကို (မန္တလေး)၊ ပူးတွဲတတိယ နှင်းမိုးအောင်(ဧရာဝတီ)နှင့် တင်လှိုင်(ရှမ်း/အရှေ့)တို့ရရှိပြီး ဆုများကိုအားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းဇော်က ပေးအပ်ချီးမြှင့်သည်။

အမျိုးသား ကီလို ၆၀နှင့်အောက် ကုမိတဲ့ပြိုင်ပွဲတွင် ပထမ သက်ခိုင်ထွန်း(ဧရာဝတီ)၊ ဒုတိယ ခင်မောင်ထွေး(ရန်ကုန်)၊ ပူးတွဲတတိယ ဝင်းအောင်(ရှမ်း/အရှေ့)နှင့် ထွန်းထွန်းမြတ်(တနင်္သာရီ)တို့ရရှိပြီး ဆုများကို မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်း(မန်နေဂျင်းဒါရိုက်တာ၊ မင်္ဂလာကုမ္ပဏီလီမိတက်)က ဆုများပေးအပ် ချီးမြှင့်သည်။

အမျိုးသား ၆၅ကီလိုနှင့်အောက် ကုမိတဲ့ပြိုင်ပွဲတွင် ပထမ သိန်းထိုက်အောင်(ရန်ကုန်)၊ ဒုတိယ ဝင်းအောင်(ဧရာဝတီ)၊ ပူးတွဲတတိယ ဇော်မိုး(ရှမ်း/အရှေ့)နှင့် ဝင်းအောင်ဟိန်း(မန္တလေး)တို့ ရရှိပြီး ဂျပန်သံရုံးမှ မစ္စတာ Gentaro. Tanaka က ဆုများပေးအပ်ချီးမြှင့်သည်။

အမျိုးသား ကီလို၇၀နှင့်အောက် ကုမိတဲ့ပြိုင်ပွဲတွင် ပထမ ဦးဘဝင်း(ရန်ကုန်)၊ ဒုတိယ ကျော်စိုး(ရခိုင်)၊ ပူးတွဲတတိယ ဇော်မင်းအောင်(ဧရာဝတီ)နှင့် ကျော်ကျော်ဟန် (ကချင်ပြည်နယ်)တို့ရရှိပြီး ဆုများကို မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် နာယက ရဲမှူးကြီး ခင်မောင်ထွန်းက ပေးအပ်ချီးမြှင့်သည်။

အမျိုးသား ကီလို ၇၀နှင့်အထက် ကုမိတဲ့ပြိုင်ပွဲတွင် ပထမ ဇော်မင်းလတ်(ရန်ကုန်)၊ ဒုတိယ ဦးသိန်းအောင်(ရခိုင်)၊ ပူးတွဲတတိယ နိုင်မင်းညို(ဧရာဝတီ)နှင့် ဇော်ထွန်းတို့ ရရှိပြီး ဆုများကို အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က ပေးအပ်ချီးမြှင့်သည်။

အမျိုးသားအသင်းလိုက်

အမျိုးသား အသင်းလိုက် ကုမိတဲ့ပြိုင်ပွဲတွင် ပထမ(ရန်ကုန်)၊ ဒုတိယ (ရှမ်း/အရှေ့)၊ ပူးတွဲတတိယ မန္တလေးနှင့် ကယားပြည်နယ်တို့ ရရှိပြီး ဆုများကို မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာရဲနိုင်ဝင်းက ပေးအပ်ချီးမြှင့်သည်။

အမျိုးသမီး အကောင်းဆုံး အားကစားသမားဆုကို ရွှေနှစ်ခု၊ ကြေးတစ်ခု ရရှိသွားသည့် ရန်ကုန်တိုင်းအသင်းမှ ဖူးဖူးသက်နှင့် အမျိုးသား အကောင်းဆုံး အားကစားသမားဆုကို ရွှေနှစ်ခု ရရှိသွားသည့် ရန်ကုန်တိုင်းအသင်းမှ ဇော်မင်းလတ်တို့ အား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပေးအပ်ချီးမြှင့်သည်။

ပံ့ပိုးကူညီ

ပြည်နယ်နှင့်တိုင်း ကရာတေးဒိုပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကျော်ဇေယျာ Telecommunication Services Co., Ltd. မှ ဒေါက်တာနိုင်ဝင်းနှင့် ဟန်မြန်မာ အီလက်ထရွန်နစ်မန်နေဂျင်းဒါရိုက်တာ ဒေါက်တာစန်းနိုင်တို့က ပံ့ပိုးကူညီခဲ့ကြောင်းသိရသည်။ ။

(မြန်မာ့အလင်း)

(၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ကရာတေးဒိုပြိုင်ပွဲတွင် အမျိုးသားအသင်းလိုက် ကုမိတဲ့ပြိုင်ပွဲ ပထမဆုရ ရန်ကုန်တိုင်းအသင်းအား မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာရဲနိုင်ဝင်းက ဆုချီးမြှင့်စဉ်။ ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

ဧရာဝတီနှင့် သံလွင်မြစ်ရေအခြေအနေ

ရန်ကုန် ဇူလိုင် ၂၈

ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် လေးပေခွဲခန့်နှင့် ချောက်မြို့တွင် ပေပက်ခန့် စိုးရိမ်ရေမှတ်များအထက်တွင် တည်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မှန်းတည့်မှ နောက်နှစ်ရက်အတွင်း စိုးရိမ်ရေမှတ်များ အောက်သို့ ကျဆင်းနိုင်သည်။

ဧရာဝတီမြစ်ရေသည် ပြည်မြို့တွင် ပေပက်ခန့် စိုးရိမ်ရေမှတ်အထက်တွင် တည်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မှန်းတည့်မှ နောက်သုံးရက်အတွင်း စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်ရှိနိုင်သည်။

အလားတူ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ပေပက်ခန့် စိုးရိမ်ရေမှတ်အထက်တွင် ရှိနေသည်။ အဆိုပါ မြစ်ရေသည် ဆက်လက်ကျဆင်းနေပြီး ယနေ့မှန်းတည့်မှ နောက်လေးရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ရောက်ရှိနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(မြန်မာ့အလင်း)



ပြည့်စုံအေးမဟာစည် ဝါဆိုသင်္ကန်းဆက်ကပ်ပွဲနှင့် ဝါတွင်းသုံးလတရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၂၈

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့ (ည)ရပ်ကွက် သုနန္ဒာလမ်း ဂိတ်ဟောင်းမှတ်တိုင်အနီးရှိ ပြည့်စုံအေးမဟာစည်ရိပ်သာတွင် ရိပ်သာပဓာနနာယက တောင်ငူဆရာတော် ဘဒ္ဒန္တသုဇာတ အမှူးပြုသော ရိပ်သာဝါဆိုသံဃာ ၃၀ကျော်နှင့် ပင့်သံဃာ ၂၀ကျော်တို့အား ဝေယျာဝစ္စအဖွဲ့ဝင်များ၊ ယောဂီဟောင်း/သစ်များ၊ ရန်ကုန်ရောက် တောင်ငူမြို့နယ်သူ နယ်သားများက စုပေါင်း၍ (ဝါခေါင်လပြည့်) ဩဂုတ် ၃၀ ရက်တွင် ဝါဆိုသင်္ကန်းများ စုပေါင်းဆက်ကပ်မည်ဖြစ်သဖြင့် သင်္ကန်းအလှူရှင်များ အချိန်မီကြွရောက်ကြည်ညို လှူဒါန်းကြရန် ရိပ်သာပဓာန နာယကဆရာတော်က နှိုးဆော်ထားသည်။ (က-ပ)

မရမ်းကုန်းသာသနာ့အောင်မြေ စာသင်တိုက် ဝါဆိုသင်္ကန်းဆက်ကပ်ပွဲနှင့် စာအောင်သံဃာပူဇော်ပွဲ

ရန်ကုန် ဇူလိုင် ၂၈

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကျောက်ရေတွင်း ဘုရင့်နောင်လမ်း အမှတ် (၅) ရပ်ကွက် သာသနာ့အောင်မြေစာသင်တိုက်၏မဟာနာယကဆရာတော် တိပိဋကဓရ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဏ္ဍည အမှူးပြုသော သံဃာတော် အပါး၇၀ တို့အား စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့်စာအောင်သံဃာတော်များဂုဏ်ပြုပူဇော်ပွဲကို ၁၃၆၆ခုနှစ်ဒုတိယဝါဆိုလပြည့်နေ့ (ဇူလိုင် ၃၁ ရက်) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသော စေတနာရှင်များ သင်္ကန်းဒွိစုံ တစ်စုံလျှင် ကျပ် ၂၀၀၀ နှုန်းဖြင့် ဖုန်း-၆၅၀၂၆၅သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဘီးလင်းမြို့ ဂိုဏ်းပေါင်းစုံကျောင်းထိုင်ဆရာတော်ကြီးများ ပူဇော်ပွဲကျင်းပ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို တက်ရောက်ကြည်ညို၊ လှူဖွယ်ပစ္စည်းများဆက်ကပ်

ရန်ကုန် ဇူလိုင် ၂၈

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဂိုဏ်းပေါင်းစုံကျောင်းထိုင်ဆရာတော်ကြီးများအား ပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဇူလိုင်၂၄ရက် မွန်းလွဲ ၁၂နာရီခွဲက မွန်ပြည်နယ် ဘီးလင်းမြို့ ဆရာစံရပ်ကွက် ၄က်ပျောတောစာသင်တိုက်ရှိ သာသနဇောတိပါလဓမ္မဗိမာန်တော်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို တက်ရောက်ကြည်ညိုသည်။

အခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်စား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက မြန်မာနိုင်ငံ၌ ဗုဒ္ဓဘာသာစတင်ထွန်းကားရာ သုဝဏ္ဏဘုမ္မိ ဘီးလင်းမြို့နယ်အနေဖြင့် ဗုဒ္ဓသာသနာတော်ကြီး အဓွန့်ရှည်တည်တံ့ ခိုင်မြဲပြန့်ပွားလာစေရန်အတွက် ကျိုက်ထီးဆောင်းဆရာတော်ကြီးအမှူးပြု၍ ရှေးဟောင်းသမိုင်းဝင်ဆံတော်ရှင်စေတီတော်များဖြစ်သည့် ကျိုက်ထီးရိုးဆံတော်ရှင်၊ ဇင်းကျိုက် ဆံတော်ရှင်၊ ကေလာသဆံတော်ရှင်၊ မြသပိတ်ဆံတော်ရှင်၊ ကျိုက်ဒေးယျုံဆံတော်ရှင်၊ ကျိုက်ထီးဆောင်းဆံတော်ရှင်၊ ကုသိနာရုံဆံတော်ရှင်၊ သတ္တထူပမြသိန်းတန်ဆံတော်ရှင်စသည့် စေတီတော်ပေါင်း ၄၅ဆူအား ဘက်စုံပြုပြင်မွမ်းမံခြင်း၊ တောင်တက်လမ်းများဖောက်လုပ်ခြင်းနှင့် ဆံတော်ရှင်သာသနာပြုစခန်းပေါင်း ၄၇ခုရှိ သံဃာတော်များအား ပစ္စည်းလေးပါးထောက်ပံ့ခြင်းတို့ ပြုလျက်ရှိသဖြင့် ဗုဒ္ဓသာသနာတော်ကြီး အရှည်ခံ့တည်တံ့ပြန့်ပွားလာခြင်းအား သောမနဿဖြစ်လျက်ရှိပါကြောင်းနှင့် ကျိုက်ထီးဆောင်းဆရာတော်ကြီးအမှူးပြုသည့် ပရိယတ်၊ပဋိပတ်၊ပဋိဝေဓ သာသနာတော်သုံးရပ်နှင့် စေတီတော်လေးရပ်တို့ကို အရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြသည့် သံဃာတော်အရှင်မြတ်တို့အား ကာယ၊ ဝစီ၊ မနောချီးကျူးလျက်ရှိပါကြောင်းဖြင့် လျှောက်ထားသည်။

ဆက်လက်၍ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ဘီးလင်းမြို့နယ်အတွင်းရှိ ဂိုဏ်းပေါင်းစုံ ကျောင်းထိုင်ဆရာတော်ကြီးများ ပူဇော်ပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ လျှောက်ထားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ဘီးလင်းမြို့နယ်ရှိ ဂိုဏ်းပေါင်းစုံကျောင်းထိုင်ဆရာတော်ကြီးများအနက် သက်တော်၊ ဝါတော် အကြီးဆုံးဖြစ်တော်မူသော ပိန္နဲကျွန်းကျောင်းဆရာတော် ဘဒ္ဒန္တသောဘိတအားလည်းကောင်း၊ ကျိုက်ထီးဆောင်းဆံတော်ရှင်ဘုရား ကျောင်းဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ကျိုက်ထီးဆောင်းဆံတော်ရှင်များသာသနာပိုင် ဘဒ္ဒန္တပညာဒီပအားလည်းကောင်း လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တပညိန္ဒ၊ ကျိုက်ထီးဆောင်းဆရာတော် ဆံတော်ရှင်ဘုရားကျောင်းတိုက် တိုက်အုပ်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာဂိန္ဒနှင့် မြို့နယ်သံဃနာယကအဖွဲ့ (သုဓမ္မာ)ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသတို့အားလည်းကောင်း၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများက မြို့နယ်သံဃနာယကအဖွဲ့(ရွှေကျင်)ဥက္ကဋ္ဌ ဆရာတော်နှင့် ဆရာတော်များအားလည်းကောင်း လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် သထုံတပ်နယ်မှ အလှူရှင်များက သီလရှင်ဆရာကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ကျိုက်ထီးဆောင်းဆံတော်ရှင်ဘုရားကျောင်းတိုက် တိုက်အုပ်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာဂိန္ဒက ဆုတောင်း ပတ္ထနာပါဠိဂါထာနှင့် မြန်မာပြန်ကိုရွတ်ဆိုဆုတောင်းပြီး ဘီးလင်းမြို့နယ် သံဃနာယကအဖွဲ့(ရွှေကျင်)ဥက္ကဋ္ဌ ဆရာတော် ဦးသောဘဏက ကောင်းမှု ကုသိုလ်ပြုမှုအတွက် ဆုတောင်းပတ္ထနာပြုသည်။

ဆက်လက်၍ ကျိုက်ထီးဆောင်း ဆံတော်ရှင် ဘုရားကျောင်း ဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဘဒ္ဒန္တပညာဒီပက လှူဒါန်းမှုအစုစုအတွက် အနုမောဒနာတရား ဟောကြားချီးမြှင့်တော်မူပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် ဧည့်ပရိသတ်များက လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဘီးလင်းမြို့နယ် ဂိုဏ်းပေါင်းစုံကျောင်းတိုက်ကြီး ၁၀၈တိုက်မှ ကျောင်းထိုင်ဆရာတော်များနှင့် ပင့်သံဃာ၁၁၆ပါး၊ သီလရှင်ဆရာကြီးကိုးပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကို ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် အလှူရှင်များက ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်ဆရာကြီးများအား လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆန်စိမ်းတို့ကို လောင်းလှူကြသည်။ **(သတင်းစဉ်)**

ဝါဆိုသင်္ကန်းဆက်ကပ်

ဇူလိုင် ၂၄ ရက်က ရန်ကုန်မြို့တွင်းရှိ ပရိယတ္တိစာသင်တိုက် ၇၈ ကျောင်းမှ ဆရာတော်၊ သံဃာတော် ၉၃ပါးအား မင်္ဂလာဈေးမိသားစု၏ စတုတ္ထအကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်း ကပ်လှူပွဲကို မင်္ဂလာဈေးမွှာရုံတွင်ကျင်းပရာ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် ဦးဝိလာသထံ ဈေးသာယာရေးဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အမှုဆောင်များက ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (၂၅၉)

မြဝတီရုပ်မြင်သံကြား

၂၉-၇-၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၄:၅၅ ၈။ မျိုးချစ်တပ်မတော်
၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Soil Erosion and Soil Convervation (တတိယနှစ်-ပထဝီဝင် အထူးပြု)
၅:၃၅ ၁၀။ တိုင်းကျိုးပြည်ပြုဒို့ရှေးရှု
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၆။ မြန်မာ့ရှုခင်း
၆:၄၀ ၁၇။ လျှပ်တစ်ပြက်
၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရတနာရွှေအိုး"**(အပိုင်း-၂၀)
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ လျှပ်တစ်ပြက်
၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မိုးကြိုးကွန်ရက်နှင့် လျှပ်စီးဓား"** (ဒုတိယတွဲ) (အပိုင်း-၁)

ရွှေပြည်သာမြို့နယ် အမှတ်(၄) အခြေခံပညာမူလတန်းကျောင်းတွင် ဇူလိုင် ၇ ရက်က အလှူရှင်များ ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၈၀နှင့် အလှူငွေကျပ် နှစ်သောင်းလေးထောင် ပေးအပ်လှူဒါန်းပွဲကျင်းပရာ အလှူရှင်တစ်ဦးက သူငယ်တန်းကျောင်းသား မောင်ဝဏ္ဏကိုကိုကျော်အား ဗလာစာအုပ်နှင့် လှူဒါန်းငွေများ ပေးအပ်စဉ်။ (က-ပ)

ဇူလိုင် ၂၄ရက်က ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေး ဈေးသာယာရေးအဖွဲ့က ကြီးမှူး၍ ပထမအကြိမ် သွေးလှူဒါန်းပွဲနှင့် ငွေလှူဒါန်းပွဲ အခမ်းအနားကျင်းပရာ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်သို့ သံဃာတော်များနှင့် ဈေးသူဈေးသားများ သွေးလှူဒါန်းကြစဉ်။
(သတင်းစဉ်)

တောင်ကိုရီးယား အုပ်စုပထမ၊ ဂျော်ဒန်ဒုတိယဖြင့် ကွာတားတက် ဇူလိုင် ၃၀ ရက်တွင် ကွာတားဖိုင်နယ်ပွဲစဉ်များ စတင်ယှဉ်ပြိုင်မည်

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ

ရန်ကုန် ဇူလိုင် ၂၈

အာရှဖလားဘောလုံးပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲလက်ကျန်များကို တရုတ်နိုင်ငံ၌ ဆက်လက်ကျင်းပလျက်ရှိရာ အုပ်စု(ခ)မှ ဂျော်ဒန်နှင့် ယူအေအီး၊ တောင်ကိုရီးယားနှင့် ကူဝိတ်တို့ ဇူလိုင် ၂၇ရက်က ကစားခဲ့ကြရာ ဂျော်ဒန်နှင့် ယူအေအီးတို့ ဂိုးမရှိသရေကျပြီး တောင်ကိုရီးယားနှင့် ကူဝိတ်ပွဲတွင် တောင်ကိုရီးယားက လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အုပ်စု(ခ)တွင် တောင်ကိုရီးယားအသင်း ကူဝိတ်ကို အနိုင်ရရှိခဲ့သဖြင့် သုံးပွဲကစားနှစ်ပွဲနိုင်၊ တစ်ပွဲသရေဖြင့် ခုနစ်မှတ်ရရှိကာ အုပ်စုဗိုလ်အဖြစ် ကွာတားတက်ပြီဖြစ်သည်။

ဇူလိုင် ၂၇ ရက်က တရုတ်နိုင်ငံ ပေကျင်းမြို့ ပေကျင်းအလုပ်သမားကွင်း၌ ကျင်းပသော ဂျော်ဒန်နှင့် ယူအေအီးတို့ပွဲတွင် ဂျော်ဒန်အသင်း ပွဲစသည်နှင့် တိုက်စစ်ဆင်ကစားကာ ယူအေအီးဘက်သို့ ထိုးဖောက်ကစားသည်။

ဂျော်ဒန်အလယ်တန်း ကစားသမားဖြစ်သည့် ကူဆေးအဘူအယ်လစ်၊ ဟက်ဆစ်နစ်ကာဆင်တို့ ဘောလုံးအဖြတ်အတောက် အပေးအပို့ကောင်းကောင်းဖြင့် တိုက်စစ်ကို လိုက်ပါအားဖြည့်ပေးနိုင်ကြသည်။နောက်တန်းတွင် ခါလစ်ဆိဒ်၊ ဆာအာဘာနီယာဆင်နှင့် ဖီဆယ်အီဘရာဟင်တို့ကလည်း ယူအေအီးတို့၏ တိုက်စစ်မှူးများကို ထိန်းသိမ်းဟန့်တားနိုင်သည်ဖြစ်ရာ ဂျော်ဒန်အသင်း ရှေ့နောက်အတွဲညီညီ ကစားနိုင်သည်။

ယူအေအီးကလည်း ရှေ့တန်းတွင် အယ်မက်ဟိုင်နီ၊ အယ်အဘာဒီတို့နှင့်အတူ အလယ်တန်းမှ ဆူလ်တန်ရာဆရိုတ်၊ မူဘာရက်အယ်ဒါမာကီတို့နှင့် အတွဲညီစွာ ဂျော်ဒန်ဘက်သို့ တန်ပြန်တိုက်စစ်ကစားရာ အပြန်အလှန်အကြိတ်အနယ်ရှိသည်။

ပွဲချိန်ပြည့်သည်အထိ အပြန်အလှန်ထိုးဖောက်ကစားရင်း ဂိုးမရှိသရေပွဲဖြစ်ခဲ့ရာ ဂျော်ဒန်အသင်းသုံးပွဲကစား၊ တစ်ပွဲနိုင်၊ နှစ်ပွဲသရေဖြင့် ငါးမှတ်ရပြီး ကွာတားသို့ ဒုတိယတန်းလက်မှတ်ဖြင့် တက်ခွင့်ရခဲ့ပြီဖြစ်သည်။ သို့သော် အုပ်စုပွဲသုံးပွဲကစားခဲ့ရာတွင် ဂျော်ဒန်တို့ တစ်ဂိုးမှ အသွင်းမခံခဲ့ရသည့် အချက်ကို အသိအမှတ်ပြုရမည်ဖြစ်သည်။

အုပ်စု(ခ)အုပ်စု နောက်ဆုံးပွဲစဉ်အဖြစ် တောင်ကိုရီးယားနှင့် ကူဝိတ်အသင်းတို့ တရုတ်နိုင်ငံ ဂျီနန်မြို့ ရှန်ဒေါင်း စပေါ့တ်စင်တာကွင်း၌ ဇူလိုင် ၂၇ ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ တောင်ကိုရီးယားအသင်းက လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အုပ်စု(ခ)နာမည်ကြီးကိုရီးယားအသင်း အာရှဖလားပြိုင်ပွဲ မစတင်မီကပင် အုပ်စုဗိုလ်စွဲနိုင်ပြီး ချန်ပီယံဖြစ်နိုင်သည့် အသင်းဟု ရေပန်းစားခဲ့ရာ အုပ်စုပွဲများကစားသည့်အခါ ရှုံးပွဲမရှိသော်လည်း တိုက်စစ်မှူးများ ဂိုးသွင်းစွမ်းရည်နိမ့်ကျနေသဖြင့် ဝေဖန်ပြစ်တင်ခံနေရရာ ယခု ကူဝိတ်နှင့်ပွဲတွင် ချန်ပီယံခြေစွမ်းရှိကြောင်း ကိုရီးယားတိုက်စစ်မှူးများ ပြသခဲ့သည်။

ကူဝိတ်အသင်းသည် ကိုရီးယားတို့၏ ထိုးဖောက်တိုက်စစ်ဆင်မှုကို မနားတမ်း ဖျက်ထုတ်နေရပြီး ခံစစ်သက်သက်ဖြင့်သာ ကစားနေရာမှ ပွဲချိန် ၂၅ မိနစ်တွင် ကိုရီးယားတို့ ပြစ်ဒဏ်ဘောရရှိရာ တိုက်စစ်မှူး လီဒေါင်ဂွတ်က ကူဝိတ်လူတံတိုင်းကာရံထားသည့်ကြားမှ တိုက်ရိုက်ကန်သွင်းခဲ့သဖြင့် ကိုရီးယားတို့ အဖွင့်ဂိုးရရှိခဲ့သည်။

တောင်ကိုရီးယားနှင့် ကူဝိတ်တို့ အုပ်စု(ခ) နောက်ဆုံးပွဲစဉ် ယှဉ်ပြိုင်ကစားရာ တောင်ကိုရီးယားတိုက်စစ်မှူး လီဒေါင်ဂွတ် ပြစ်ဒဏ်ဘောကန်သွင်းသည့်ဘောလုံး ဂိုးဝင်သွားစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တောင်ကိုရီးယားတို့ တစ်ဂိုးစတင်ရရှိပြီးနောက် ကစားအားတင်ကာ ထိုးဖောက် ကစားရာမှ ပွဲချိန် မိနစ် ၄၀တွင် ကူဝိတ်ဂိုးရှေ့သို့ ဖြတ်တင်ပေးသည့် ဘောလုံးကို တောင်ကိုရီးယားတိုက်စစ်မှူး လီဒေါင်ဂွတ်ကပင် ခေါင်းတိုက်သွင်းယူခဲ့ရာမှဒုတိယဂိုးရရှိခဲ့သည်။

တောင်ကိုရီးယားတို့ကွင်းတစ်ဝက်ထိဖိကစားထားရာမှ ပွဲချိန် ၄၅ မိနစ်တွင် ကူဝိတ်ဂိုးဧရိယာအစပ်မှ တောင်ကိုရီးယား တိုက်စစ်မှူးချာဒူရီက ကန်သွင်းသဖြင့် တတိယဂိုးရရှိခဲ့ရာ ပထမပိုင်းတွင်ပင် ကိုရီးယားတို့ သုံးဂိုးအသာဖြင့် ဦးဆောင်နေခဲ့သည်။

ဒုတိယပိုင်းတွင်လည်း တောင်ကိုရီးယား အသင်းက တစ်ချိန်လုံးနီးပါး ထိုးဖောက်ကစားကာ ကစားကွက်ကို ထိန်းချုပ်ထားနိုင်ခဲ့ပြီး စိတ်ကြိုက် ဖန်တီး ကစားနိုင်ခဲ့သည်။ ပွဲချိန် မိနစ် ၆၀ တွင် ကူဝိတ်တို့ ပထမဆုံး ထောင့်ကန် ဘောရရှိခဲ့သော်လည်း အကျိုးရှိစွာ အသုံးမချနိုင်ခဲ့ပေ။

ပွဲချိန် ၇၅ မိနစ်တွင် ခြေစွမ်းပြ ဂိုးသွင်းနေသော တောင်ကိုရီးယား တိုက်စစ်မှူး လီဒေါင်ဂွတ်အစားဝင်လာသူ အန်ဂျုန်ဝှမ်က ကူဝိတ်ဂိုးနှင့် ခပ်လှမ်းလှမ်းမှ အမှတ်မထင်အပြင်းကန်သွင်းရာ တောင်ကိုရီးယားတို့ စတုတ္ထဂိုး ရရှိခဲ့သည်။ ယင်းဂိုးမှာ ကူဝိတ်ဂိုးသမား ကာကွယ်မှု ညံ့ဖျင်းခြင်းကြောင့် ဖြစ်ပြီး မပေးသင့်သောဂိုးပင်ဖြစ်သည်။

အုပ်စု(ခ)အုပ်စုပွဲစဉ်များပြီးဆုံးသွားပြီးဖြစ်ရာတောင်ကိုရီးယားနှင့် ဂျော်ဒန်တို့ ကွာတားတက်ခဲ့ပြီဖြစ်သည်။ အုပ်စု(ခ)မှ အုပ်စုပထမရသော တောင်ကိုရီးယားနှင့် ဒုတိယရသော ဂျော်ဒန်အသင်းတို့သည် အာရှဖလား ကွာတားတက်ခဲ့သည့် အသင်းများတွင် တစ်ဂိုးမှ အသွင်းမခံရခဲ့သောအသင်းများအဖြစ် ထူးခြားလျက်ရှိသည်။

အာရှဖလား ၂၀၀၄ ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များပြီးဆုံးသွားပြီဖြစ်ရာ အုပ်စုလေးစုမှ ကွာတားတက်သည့် အသင်းများလည်း ပေါ်ထွက်လာခဲ့ပြီဖြစ်သည်။ အုပ်စု(က)တွင် တရုတ်က သုံးပွဲပေါင်း ခုနစ်မှတ်ဖြင့် အုပ်စုပထမရပြီး ဘာရိန်းက သုံးပွဲကစား ငါးမှတ်ဖြင့် အုပ်စု ဒုတိယရရှိသည်။ အုပ်စု(ခ)မှ ကိုရီးယားနှင့် ဂျော်ဒန်၊ အုပ်စု(ဂ)မှ ဥဇဘက်ကစ္စတန်နှင့် အီရတ်၊ အုပ်စု(ဃ)မှ ဂျပန်နှင့် အီရန်တို့ ကွာတားတက်လာခဲ့ကြသည်။

အုပ်စု(က)တွင် အုပ်စုပထမရသော တရုတ်နှင့် အုပ်စု(ဂ)မှ အုပ်စု ဒုတိယရသော အီရတ်တို့ ကွာတားဖိုင်နယ်ကစားရမည်ဖြစ်ပြီး အုပ်စု(က) ဒုတိယရသော ဘာရိန်းနှင့် အုပ်စု(ဂ)ပထမရသော ဥဇဘက်ကစ္စတန်တို့ ဇူလိုင် ၃၀ရက်တွင်ကစားကြရမည်ဖြစ်သည်။

ထို့အတူ အုပ်စု(ခ)မှ ပထမနှင့် အုပ်စု(ဃ)မှ ဒုတိယရသော အသင်းတို့ တရုတ်နိုင်ငံ ချုံကင်းမြို့ ချုံကင်းအိုလံပစ်စင်တာကွင်း၌ ကစားရမည်ဖြစ်ပြီး အုပ်စု(ဃ) ပထမရသောအသင်းနှင့် အုပ်စု(ခ)ဒုတိယရသောအသင်းတို့ ဂျီနန်မြို့ စီချွမ်စပေါ့တ်စင်တာကွင်း၌ ဇူလိုင်၃၁ရက်တွင် ကစားကြရတော့မည်ဖြစ်သည်။

အာရှဖလား အုပ်စုပတ်လည်ပွဲများ စုစုပေါင်း၂၄ပွဲ ကစားခဲ့ကြရာတွင် အုပ်စုပွဲများအတွင်း ဂိုးအများဆုံးသွင်းယူနိုင်ခဲ့သည့် အသင်းမှာ တရုတ်အသင်းဖြစ်သည်။ စုစုပေါင်းရှစ်ဂိုးသွင်းယူနိုင်ခဲ့ပြီး အများဆုံးစံချိန်ချိုးခဲ့သည်။ ထို့ပြင် တစ်ပွဲချင်းအလိုက် ဂိုးအများဆုံးသွင်းယူနိုင်ခဲ့သည့်အသင်းမှာလည်း တရုတ်အသင်းပင်ဖြစ်ရာ အုပ်စုပွဲစဉ်အတွင်း အင်ဒိုနီးရှားကို ငါးဂိုးသွင်းခဲ့သောပွဲဖြစ်သည်။

အာရှဖလားပွဲ ၂၀၀၄ အုပ်စု(ဃ)မှ အီရန်နှင့် အိုမန်တို့ကစားခဲ့သောပွဲတွင် အီရန်အသင်းနောက်ခံလူများဖြစ်သော ရာမန်ရေဇာအီနှင့် အလီဘောဒါဗီတို့ အချင်းချင်းစကားများ ရန်ဖြစ်ခဲ့ကြသဖြင့် ဒဏ်ငွေအမေရိကန်ဒေါ်လာ ၃၅၀၀စီဒဏ်ရိုက်ပြီး အာရှဖလားပွဲမှ ထုတ်ပယ်ခဲ့ရာ အာရှဖလားနှစ်၅၀ သမိုင်းတစ်လျှောက် မိမိအသင်းသားအချင်းချင်းရန်ဖြစ်ပြီး ပြိုင်ပွဲမှထုတ်ပယ်ခံရခြင်း ပထမဆုံးအကြိမ်အဖြစ် မှတ်တမ်းဝင်သွားသည်။

ထို့အတူ ယင်းပွဲတွင် ပြိုင်ပွဲကို စနစ်တကျ ထိန်းသိမ်းမှုအားနည်းပြီး ဆုံးဖြတ်ချက်မှားယွင်းသဖြင့် ဘာရိန်းကွင်းလယ်ဒိုင်လူကြီး အဗ္ဗဒူရာမန်ကိုလည်း အာရှဘောလုံးအဖွဲ့ချုပ်၏ စည်းကမ်းထိန်းသိမ်းရေးကော်မတီက ဒေါ်လာ၇၀၀၀ ဒဏ်ရိုက်ခဲ့ပြီး အာရှဖလား၂၀၀၄ပွဲစဉ်များတွင် ဒိုင်လူကြီးအဖြစ်ပါဝင်ထမ်းဆောင်ခွင့် ရုပ်သိမ်းခဲ့ရာ အာရှဖလားပြိုင်ပွဲတွင် အာရှဘောလုံးအဖွဲ့ချုပ်က ဒဏ်ရိုက်ပြီး ပွဲပိတ်အရေးယူခံရသော ဒိုင်လူကြီးဖြစ်သွားခဲ့ပြန်သည်။

အာရှဖလားအုပ်စုပွဲစဉ်များကစားရာတွင် ဇူလိုင်၁၈ရက်က ကစားခဲ့သော အင်ဒိုနှင့် ကာတာပွဲတွင်အင်ဒိုနီးရှားကို ကာတာတို့နှစ်ဂိုး-တစ်ဂိုးဖြင့်ရှုံးခဲ့သဖြင့် နည်းစနစ်ပိုင်းညံ့ဖျင်းလှသည်ဟုဆိုကာ ကာတာဘောလုံးအဖွဲ့ချုပ်က ကာတာ နည်းပြ ထရောက်ဆီယာကို ဖယ်ရှားလိုက်သဖြင့် အာရှဖလား ၂၀၀၄တွင် ပထမဆုံးထုတ်ပယ်ခံရသော နည်းပြဖြစ်သွားသည်။ ထရောက်ဆီယာ ကာတာအသင်းကို တာဝန်ယူစဉ်ကာလအတွင်း ပင်လယ်ကွေ့ ဖလား တတိယသာ ရရှိခဲ့ပြီး ၂၀၀၆ခုနှစ် ကမ္ဘာ့ဖလား ခြေစစ်ပွဲတွင်လည်း အီရန်နှင့် ဂျော်ဒန်တို့ကိုရှုံးထားသဖြင့် စွမ်းဆောင်မှုအားနည်းသည့် နည်းပြဖြစ်ကြောင်း ကာတာဘောလုံးအဖွဲ့ချုပ်က ပြစ်တင်ဝေဖန်ခဲ့သည်။

ထို့အတူ ကွာတားတက်ရန် အဆုံးအဖြတ်ပေးမည့် ဆော်ဒီနှင့် အီရတ်တို့ပွဲတွင် အီရတ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးကာ အာရှဖလားပြိုင်ပွဲမှ ဆော်ဒီအသင်း အုပ်စုမှပင် ထွက်ခဲ့ရသဖြင့် ဆော်ဒီနည်းပြ ဂျရတ်ဗန်ဒါလမ်းကိုလည်း ဆော်ဒီဘောလုံးအဖွဲ့ချုပ်က နည်းပြအဖြစ်မှ ထုတ်ပယ်လိုက်သဖြင့် အာရှဖလား၂၀၀၄တွင်ဒုတိယမြောက် ဖယ်ရှားခံရသည့် နည်းပြအဖြစ် မှတ်တမ်းဝင်သွားပြီဖြစ်သည်။ ။

(မြန်မာ့အလင်း)

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များ အသင်း၏ သတ္တမ အကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ကျေးလက်ဖွံ့ဖြိုး တိုးတက်ရေး အတွက် ကျေးရွာ ဆေးပေးခန်း တည်ဆောက်ရန်အလှူငွေကျပ် ၂၅ သိန်းပေးအပ် လှူဒါန်းပွဲကို ဇူလိုင် ၁၉ ရက်က ရန်ကုန်တိုင်း သန်လျင်မြို့နယ် ကရင်ဆိပ်စံပြကျေးရွာ အောင်မင်္ဂလာဘုန်းတော်ကြီးကျောင်းတွင်ကျင်းပရာ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း အကြံပေးအငြိမ်းစားပါမောက္ခ ဒေါ်ရီရီမြင့်၊ ဒုတိယဥက္ကဋ္ဌ ဒေါ်သက်ရီ၊ အတွင်းရေးမှူး ဒေါ်လှဝတီနှင့် အလှူရှင်များတက်ရောက်ပြီး အောင်မင်္ဂလာကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တမဏ္ဍလထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ **(က-ပ)**

ဘင်္ဂလားဒေ့ရှ် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးနှင့် ကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌတို့တွေ့ဆုံဆွေးနွေး

ရန်ကုန် ဇူလိုင် ၂၈

ရန်ကုန်မြို့၌ ရောက်ရှိနေသော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး Air Vice Marshal (Retd) Altaf Hossain Choudhury ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. A.B Manjoor Rahimလိုက်ပါ၍ယမန်နေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံးသို့ လာရောက်၍ ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် ဦးအောင်လွင်၊ အထွေထွေအတွင်းရေးမှူးဦးစိန်ဝင်းလှိုင်၊ ဗဟိုအလုပ်အမှုဆောင်များအား တွေ့ဆုံပြီး နှစ်နိုင်ငံစီးပွားကုန်သွယ်မှု လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုမြှင့်တင်နိုင်ရေးအတွက် Myanmar-Bangladesh Friendship Association ဖွဲ့စည်းနိုင်ရန်ကိစ္စ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် Working Groups များဖွဲ့စည်းရေးကိစ္စ၊ လယ်ယာစိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် Contract Farming လုပ်ဆောင်နိုင်မည့်အခွင့်အလမ်းများကိစ္စ၊ ဆေးနှင့်ဆေးပစ္စည်းကိရိယာများ တင်ပို့ရောင်းချနိုင်ရေးအတွက် မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စနှင့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စများကို ရင်းနှီးစွာ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးတစ်ကြိမ်နှစ်ကြိမ်

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

အာရှဖလားဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ ဂျပန်နှင့် အီရန်ကွာတားဖိုင်နယ်တက်ပြီ

ရန်ကုန် ဇူလိုင် ၂၈

၂၀၀၄ ခုနှစ် အာရှဖလား ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ အုပ်စု(ဃ)မှ အိုမန်အသင်းက ထိုင်းအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဂျပန်အသင်းနှင့် အီရန်အသင်းတို့ ဂိုးမရှိ သရေပွဲ ဖြစ်သွားသည်။

အိုမန်အသင်းက ထိုင်းအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသောပွဲစဉ်တွင် အိုမန်အသင်းအတွက် ပထမဂိုးကို ပွဲချိန် ၁၁မိနစ်တွင် ထိုင်းအသင်းမှ ရိုင်ဆန်ဗီဗက်ချိုင်ချော့စ်က ကိုယ့်ဂိုး ကိုယ်သွင်းမိ၍ ရရှိသည်။ ဒုတိယဂိုးကို ပွဲချိန် ၄၉ မိနစ်တွင် အီမက်အလီက သွင်းယူပေးသည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို အိုမန်အသင်းမှ အီမက်အလီက ရရှိသည်။

ဂျပန်အသင်းနှင့် အီရန်အသင်းတို့ ဂိုးမရှိသရေကျသောပွဲစဉ်တွင် ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို အီရန်အသင်းမှ အလီခါရီမီက ရရှိသည်။

အုပ်စု(ဃ)

အုပ်စု(ဃ)ပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်ရာ ဂျပန်အသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲသရေ ခုနစ်မှတ်ဖြင့် အုပ်စုပထမ၊ အီရန်အသင်းက တစ်ပွဲနိုင်၊ နှစ်ပွဲသရေငါးမှတ်ဖြင့် အုပ်စုဒုတိယရရှိပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားသည်။ အိုမန်အသင်းက တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး လေးမှတ်၊ ထိုင်းအသင်းက သုံးပွဲရှုံး အမှတ်မရဘဲ အုပ်စုအဆင့်မှပင် ထွက်သွားရပြီဖြစ်သည်။

(မြန်မာ့အလင်း)

ဝါတွင်းယမိုက်နှင့် ပဋ္ဌာန်းသင်တန်းပို့ချမည်

ရန်ကုန် ဇူလိုင် ၂၈

ရန်ကုန်မြို့ ဆူးလေစေတီတော်ရင်ပြင်အနောက်မုခ်ရှိအဘိဓမ္မာပြန့်ပွားရေးအသင်းကြီးက ဝါတွင်းယမိုက်နှင့်ပဋ္ဌာန်းသင်တန်းများကိုကျေးဇူးတော်ရှင်မူလပဋ္ဌာန်းဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တနာရဒ၏နည်းနာနိဿယအတိုင်းသံဃာတော်များနှင့်သီလရှင်များအားဆူးလေစေတီတော်ရင်ပြင်ရှိအသင်းတိုက်၌ ဝါဆိုလပြည့်ကျော် ၂ ရက် (ဩဂုတ် ၂ရက်)မှ စ၍ ဥပုသ်နေ့မှအပ နေ့စဉ်မွန်းလွဲ ၁နာရီမှ ညနေ ၄ နာရီအထိ ဓမ္မဒါန ပို့ချမည်ဖြစ်ရာ ရုံးချိန်အတွင်း စာရင်းပေးသွင်းတက်ရောက်နိုင်ကြောင်းသိရသည်။

(က-ပ)

မြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော ပုံနှိပ်လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန်တင်ဒါခေါ်ယူခြင်း

၁။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါ ပုံနှိပ်လုပ်ငန်းသုံးပစ္စည်းများကို ဝယ်ယူလိုပါသည်။

1.	Web Offset Ink		
	(1) Black	15000	Kg
	(2) Yellow	1000	Kg
	(3) Red(Magenta)	1000	Kg
	(4) Blue(Cyan)	1000	Kg
2.	Sheetfed Offset Ink		
	(1)Black	3000	Kg
3.	P/S Negative Plates		
	(1) 915x626x0.3 mm	1000	Shts
	(2) 889x586x0.3 mm	4000	Shts
	(3) 685x745x0.24 mm	600	Shts
	(4) 650x550x0.24 mm	4050	Shts

၂။ တင်ဒါပေးသွင်းမှုကို ၁၀-၈-၂၀၀၄ရက် ၁၆း၃၀နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်
ထုတ်ခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့၊
ဖုန်း- ၂၄၅၆၃၁၊ ၂၄၅၆၂၄၊ ၂၄၅၆၄၅။

မင်္ဂလာဆွေခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ သဇင်လမ်း၊ လှိုင်ရတနာအိမ်ရာ၊ အမှတ် -B(၃)နေ
(ဦးအံ့ကျော်)(ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန-FERD)-ဒေါ်တင်လှ တို့၏သား

မောင်ဝင်းလင်းထွန်း B.Sc(Physics)
Dip.in Japanese Language (Tokyo,Japan)
Dip.in Computer Programming (Tokyo,Japan)
Managing Director (M.J.R.C Co.,Ltd.)

နှင့်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ၁၆/၃ရပ်ကွက်၊ ပြည်သာယာလမ်း၊ အမှတ် ၃၁၇/၃၁၈နေ
ဦးကျော်တင့်(ဥက္ကဋ္ဌ-သာကေတစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ၊ "နေခြည်ဝင်း"ခတ်မြေသြဇာနှင့်
မွေးမြူရေးအစာကြိတ်လုပ်ငန်း)-ဒေါ်ခင်လှိုင်း ("နေခြည်ဝင်း"စားသောက်ကုန်လုပ်ငန်း)
တို့၏ သမီးငယ်

ဒေါက်တာမျိုးပပအောင် M.B.,B.S(Ygn)
လက်ထောက်ဆရာဝန်
တောင်ဥက္ကလာပ အမျိုးသမီးနှင့်ကလေးဆေးရုံ

တို့၏ ၁၈-၇-၂၀၀၄ရက်(တနင်္ဂနွေနေ့) Traders Hotelတွင် ထိမ်းမြားမင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော တရားသူကြီးချုပ် ဦးအောင်တိုးအားလည်းကောင်း၊ ၂၅-၇-၂၀၀၄ရက်(တနင်္ဂနွေနေ့) Sedona Hotel Grand Ball Room ၌ကျင်းပပြုလုပ်သော မင်္ဂလာဆွေခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဇနီးဒေါက်တာဒေါ်ခင်ဆန်းနွယ်၊ မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်ကျော်သိန်းနှင့်ဇနီး ဒေါ်ယုဇနအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ကြသော စစ်ဘက်နယ်ဘက်မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဇနီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော တေးသံရှင် ရတနာဦး၊ စန္ဒရားဦးသိန်းမြင့်သန်းနှင့် တေးသံရှင်အပေါင်းတို့အားလည်းကောင်း၊ မိတ်ကပ်ဆံပင် ပွင့်နှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံ မရတနာ၊ မလတ်လတ်၊ ပန်းအလှပြင် ကိုထင်အောင်လင်း၊ ဓာတ်ပုံ ဝဏ္ဏခွာနီး၊ ဗီဒီယိုအကိုင်းနှင့်အဖွဲ့၊ မင်္ဂလာပွဲဖြစ်မြောက်အောင်မြင်ရန်ကူညီဆောင်ရွက်ပေးသော သူငယ်ချင်းမိတ်ဆွေသင်္ဂဟအပေါင်း၊ Sedona Hotelမှမန်နေဂျာနှင့်ဝန်ထမ်းများအားလုံးကိုလည်းကောင်း၊ ၂၅-၇-၂၀၀၄ရက်ည Sedona Hotel Executive Lounge ၌ ကျင်းပပြုလုပ်သော ညစာစားပွဲအခမ်းအနားသို့ တက်ရောက်ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိအပ်ပါသည်။

နှစ်ဖက်မိဘများနှင့်
မောင်ဝင်းလင်းထွန်း-ဒေါက်တာမျိုးပပအောင်။

ခုနစ်ရက်သတင်းဂျာနယ် အတွဲ(၃)၊အမှတ်(၁၉)ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၂၈

စစ်တွေမှ ကူမင်းသို့ ရေနံပိုက်လိုင်းသွယ်တန်းဖွယ် အန္တရာယ်ပြွမ်းသော မလက်ကာ ရေလက်ကြားကိုရှောင်ရှားရန်ဖြစ်၊ မှတ်သုံမိုးကောင်း၍ မြန်မာပြည်အထက်ပိုင်း၊ ဧရာဝတီနှင့်ချင်းတွင်း စိုးရိမ်ရေမှတ်ကျော်နေ၊ မြစ်အောက်ပိုင်းဒေသများလည်း စောင့်ကြည့်သတိထားရမည်၊ နိုင်ငံခြားနည်းပညာကို အခြေခံကာ ပြည်တွင်းနှင့် ကိုက်ညီသည့် ဆန်စက်ငယ်များစက်မှုဇုန်များက တွင်ကျယ်စွာ ထုတ်လုပ်မည်၊ သမဝါယမလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးလာမည်လော သမဝါယမဘဏ် လီမိတက်က ချေးငွေများထုတ်ပေးမည်စသည့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ထွက်ရှိလာသည်။

ဟိုက်ဒရိုဂျင်သုံး မာစီဒီးကားသစ် စင်ကာပူလမ်းပေါ်ရောက်၊ စစ်တုရင်မဟာဂုရုဘော်ဘီဖစ်ရှားကို ဂျပန်က ပြည်နှင်ဒဏ်ပေးရန်ရှိ၊ ကုလသမဂ္ဂ အထွေထွေညီလာခံက အစ္စရေး၏ လုံခြုံရေးတံတိုင်းကို ဖြိုချရန် မဲခွဲဆုံးဖြတ်အစရှိသည့် နိုင်ငံတကာရေးရာ သတင်းဆောင်းပါးစုံလင်စွာကို e-Empire Media Houseဖုန်း- ၇၀၃၈၁၃က ဖြန့်ချိလိုက်သည်။

(က-ပ)

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်
(ကမ-၃) မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် သ/၂၈၂၆ မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူလျှောက်ထားလာပါသဖြင့်ကန့်ကွက်လိုသူများသည် သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကညန၊ တိုင်းရုံး(ရန်ကုန်)သို့လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။
ကညန၊ရန်ကုန်တိုင်း။

လှိုင်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း (ယခင်ဒေါ်သာထက်ကျောင်း) အတွက်အသုံး ပြုရန် နှစ်(၅၀)ပြည့်ရွှေရတုမဂ္ဂဇင်းကော်မတီ ကျောင်းသားဟောင်းများအဖွဲ့က ကျပ်၃၅၃၉၀၀ တန်ဖိုးရှိကွန်ပျူတာတစ်စုံ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်လှလှဗိုလ်က လက်ခံရယူစဉ်။ (က-ပ)

ယုဇနဥယျာဉ်မြို့တော်မြန်မာကန္ဒီကျောင်းတိုက် စတုတ္ထအကြိမ်ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၂၈

သီရိလင်္ကာနိုင်ငံ ကန္ဒီမြို့ ကန္ဒီမြန်မာကျောင်းတိုက်နှင့် မြန်မာနိုင်ငံ ရန်ကုန်မြို့ ယုဇနဥယျာဉ်မြို့တော် မြန်မာကန္ဒီကျောင်းတိုက်များ၏ ပဓာနနာယက ကမ္ဘာ့သာသနာပြု ဆရာတော်ကြီး ဘဒ္ဒန္တသုမနသာဂရ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)အား အမှူးထား၍ မြန်မာကန္ဒီကျောင်းတိုက်ဥပတ္ထမ္ဘကအဖွဲ့က ကြီးမှူးပြီး စတုတ္ထအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် ၁ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်သည်။ ပါဝင်လှူဒါန်းလိုသူများသည် မြန်မာကန္ဒီကျောင်းတိုက် ဖုန်း-၅၉၃၃၅၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

Y.E.S.

Basic Spoken English : AUG - 9,16,21,23,30
Pre-Intermediate English : AUG-16,21,30
Basic Writing, Intermediate English: AUG - 21
Grammar Foundation Course : AUG - 23
Vocabulary Enrichment Course : AUG - 30
SAT (I), TOEFL, IELTS : AUG - 3,23,28
No.119, YWCA Building, Bogalayzay Street, Botataung TSP.
- 245821

SUCCESS LANGUAGE ACADEMY

SPOKEN ENGLISH	1:00 - 3:00 p.m.	14.8.04	Sat + Sun
	1:00 - 2:30 p.m.	16.8.04	Mon to Thu
	3:30 - 5:00 p.m.	16.8.04	Mon to Thu
INTERMEDIATE	10:00 - 12:00 a.m.	2.8.04	Mon to Wed

ဖုန်း 202046

အခြေခံပညာကျောင်းများဝမ်းမြောက်ဖွယ်

INFORMATICS
Computer Centre (သမ်းဘေတော)
Certificates
- Basic Information Technology (BIT) / C&C ++ Programming
- Windows & Office 2003 Course / Java Programming
- Desktop Publishing (DTP) / Visual Basic
- Graphic Design Course / Auto CAD
- Software Engineering Course / ACCPAC

တာချီလိတ်မြို့နယ်စည်ပင်သာယာလုပ်ငန်းများ ရှမ်းပြည်နယ်(အရှေ့ပိုင်း)စည်ပင်ညွှန်မှူးလှည့်လည်စစ်ဆေး

ရန်ကုန် ဇူလိုင် ၂၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်စိုး၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးနေဦးအဖွဲ့သည် တာချီလိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၂၅ရက်တွင် တာချီလိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ နိုင်ငံတော်ထောက်ပံ့ငွေကျပ် ၉၉သိန်းခွဲဖြင့် ဆောင်ရွက်ခဲ့သော တာချီလိတ်မြို့ လွယ်တော်ခမ်းကျေးရွာအုပ်စု အဒီးစံပြကျေးရွာသွားလမ်းကျောက်ချောလမ်းခင်းကျင်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လွယ်တော်ခမ်းကျေးရွာအုပ်စု နမ့်ဖလောက်ချောင်းကို ပိတ်၍ ဆည်ပြုလုပ်ကာ တာချီလိတ်မြို့ပေါ်ရှိ ရပ်ကွက် လေးရပ်ကွက်သို့ ရေပေးဝေလျက်ရှိသည့်အခြေအနေ၊ မယ်ခေါင်ရပ်ကွက်ရှိအဖွဲ့ပိုင် ရွှေဝါနဒီပန်းခြံ သန့်ရှင်းသာယာလှပရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်မှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။ **(က-ပ)**

ဖွံ့ဖြိုးဝေဆာ ပြည်ဥသာ

မိုးထက်မြင့်
(မြစ်ဝကျွန်းပေါ်)

"နန္ဒဝန်က၊ သတ္တမနှင့်
မျှတနိုင်းချိန်၊ တာဝတိံမှာ
နန္ဒဝါသို့၊ ကြိုင်ချာပျံ့လှောင်း
နံ့ကောင်းပန်းမန်၊ ကျိုက်ပွန်ကျိုက်ပေါ
မယ်စောကေသာ၊မဟာစေတီ
လျှံညီရောင်မောင်း၊ ရွှေကျောင်းဗိမာန်။ ။"

(ဟံသာဝတီမြို့ဖွဲ့ရတု)

သုံးလောကထွတ်ထား ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ဇောင်းတူမြို့သား မဟာသာလနှင့် စူဠသာလကုန်သည် ညီနောင်တို့အား ဆံတော်နှစ်ဆူကို ပေးသနားတော်မူခဲ့ရာ ကုန်သည် ညီနောင်တို့က ဆံတော်နှစ်ဆူကို သုဒဿန တောင်တော်တွင် ဌာပနာ၍ ဥဏှိတော် ၇၅ ပေရှိ ရွှေမော်ဓောစေတီတော်ကို စတင်တည်ထားကိုးကွယ်ခဲ့ကြသည်။

စာရေးသူသည် ရွှေမော်ဓော စေတီတော်မြတ်ကြီး အားဖူးမြော်ကြည်ညိုရင်း တန်ခိုးကြီးရွှေမော်ဓောဆံတော်ရှင် သမိုင်းကို ပြန်လည်တမ်းတ အမှတ်ရနေမိသည်။

ရွှေမော်ဓောစေတီတော်သည် ပဲခူးမြို့ အရှေ့ဘက် သုဒဿနကုန်းမြင့်ထက်တွင် ကိန်းဝပ်စံပယ်တော်မူလေသည်။

စာရေးသူတို့ကားလေးသည် ရွှေမော်ဓောဆံတော်ရှင် စေတီတော်ခြေတော်ရင်းမှ သနပ်ပင်၊ အုံးနဲ့မှကဝသို့ မောင်းနှင်လာခဲ့သည်။ ကဝတွင် စာရေးသူဇနီး၏ ဆွေမျိုးများအား ဝင်ရောက်တွေ့ဆုံခဲ့သည်။

ကဝမြို့နယ် ရွှေလှေရေထိန်းတံခါးသို့ သွားရောက်လေ့လာခဲ့ကြသည်။ ထိုရေထိန်းတံခါးကြီးကို ၂၈-၂-၂၀၀၄ ရက်က ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ထိုဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားခဲ့သည်။

"ပဲခူးမြစ်နှင့် စစ်တောင်းမြစ်အကြားက ကျယ်ပြောလှသည့် ရေကြီးရေနက်ကွင်းများကို စိုက်ပျိုးဖြစ်ထွန်းနိုင်မည့် အဖိုးတန်လယ်မြေများအဖြစ် ဖော်ထုတ်နိုင်စေရန် ရေထိန်းတံခါးကြီးများကို နိုင်ငံတော်အစိုးရက စနစ်တကျ ဖြန့်ကြက်အကွက်ချ တည်ဆောက်ပေးလျက်ရှိရာတွင် ယနေ့စတုတ္ထမြောက် ရေထိန်းတံခါးကြီးကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီ ဖြစ်ကြောင်း။

ယခုလို ရေထိန်းတံခါးကြီးများ တစ်ခုပြီးတစ်ခု စီစဉ်တည်ဆောက် ဖွင့်လှစ်ပေးနိုင်သည့်အတွက် ယခင်အခါက မိုးအခါမှာ ရေကြီးနစ်မြုပ်ပြီး နွေအခါမှာ ပင်လယ်ရေငန်ဝင်ရောက်သဖြင့် စိုက်ပျိုး၍ မဖြစ်ထွန်းနိုင်ခဲ့သည့် ပဲခူး–စစ်တောင်းတူးမြောင်း ဝဲယာတစ်လျှောက်က ရေနက်ကွင်းမြေများသည် ယခုဆိုလျှင် နွေရောမိုးပါ စိုက်ပျိုးဖြစ်ထွန်းနိုင်ခဲ့ပြီ ဖြစ်ကြောင်း။

ထို့ကြောင့်လည်း ပဲခူးကွင်းထဲမှာ အဖိုးတန် လယ်မြေများအတွက် အကျိုးကျေးဇူးများစွာ ပွားများဖြစ်ထွန်းစေမှာဖြစ်သည့်အပြင် နိုင်ငံတော်အတွက် ရိက္ခာဖူလုံရေးကို အထောက်အကူပြုလာမှာဖြစ်တာကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် အလွန်တရာမှ နှစ်ထောင်းအားရ ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါသည်ဟု ပြောကြားလိုကြောင်း။

စိုက်ပျိုးရေးကဏ္ဍသည် ပြည်သူအများ စားဝတ်နေရေး ပြည့်စုံဖူလုံစေရေးအတွက်သာမက အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေးအတွက်ပါ ပဓာနကျသည့် အမျိုးသားရေး အနှစ်သာရရရှိသော အဖိုးတန် အရင်းအမြစ်တစ်ခု ဖြစ်ကြောင်း။

ဒေသတစ်ခုချင်းအနေဖြင့် ကြည့်လျှင်လည်း စိုက်ပျိုးရေးလုပ်ငန်းသည် ဒေသတွင်းစားနပ်ရိက္ခာ ဖူလုံပြည့်စုံရေး၊ ဒေသ၏ စီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်းရေးနှင့် ဒေသခံတောင်သူလယ်သမား ပြည်သူများ၏ လူနေမှုဘဝ အဆင့်အတန်းတိုးတက်မြင့်မားရေးတို့ကို အဓိကဖော်ဆောင်ပေးနေသည့် အခြေခံကောင်းတစ်ခုလည်း ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာအလယ်မှာ တင့်တင့်တယ်တယ် ဝင့်ဝင့်ကြွားကြွား ရင်ပေါင်တန်း ရပ်တည်နိုင်စေရေးအတွက် တိုင်းတစ်ပါး၏ အမှီအခို ကင်းရှင်းစွာဖြင့် အမျိုးသားစီးပွားရေးဘဝထူထောင်နိုင်စေရအောင်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးနိုင်မည့်စီးပွားရေး အခြေခံများ ဖြစ်ထွန်းလာစေရအောင် ကြိုးပမ်းတည်ဆောက်လျက်ရှိရာ မိမိတို့၏ ကိုယ်ပိုင်ရေမြေသယံဇာတနှင့် အမျိုးသားရေးစွမ်းအားတို့ကို အခြေခံသည့် စိုက်ပျိုးရေးကဏ္ဍကို အဓိကအားထားပြီး မြှင့်တင်ဆောင်ရွက်ပေးနေခြင်း ဖြစ်ကြောင်း။

ယနေ့ နိုင်ငံတော်အစိုးရ၏ စီးပွားရေးဆိုင်ရာ မူဝါဒများကို ကြည့်မည်ဆိုလျှင် စိုက်ပျိုးရေးကို အခြေခံပြီးစက်မှုဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေးအတွက် စက်မှုအခြေခံသော စိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းလာအောင် ပထမအဆင့်အနေဖြင့် ကြိုးပမ်းဆောင်ရွက်နေတာကို တွေ့ကြရမှာဖြစ်ကြောင်း"

ဟူ၍ နိုင်ငံတော်ဝန်ကြီးချုပ်က မိန့်ကြားခဲ့ပါသည်။

ပဲခူးတိုင်းတွင် အခြားသောဒေသဖွံ့ဖြိုးရေး စီမံကိန်းများနည်းတူ ဆည်မြောင်းတာတမံများနှင့် ရေထိန်းတံခါးကြီးများသည် အစီအရီ ပေါ်ထွန်းလာခဲ့သည်။

ထို့ကြောင့် ၁၉၈၈ ခုနှစ်မှသည် ယနေ့အထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖြန့်ကြက် တည်ဆောက်ခဲ့သည့် ဆည်မြောင်းတာတမံပေါင်း ၁၆၁ ခု အနက် ပဲခူးတိုင်းအနေဖြင့် ရွှေလှေရေထိန်းတံခါး အပါအဝင် ဆည်မြောင်းတာတမံပေါင်း ၄၀ ခုအထိရှိနေပါပြီ။ တစ်နိုင်ငံလုံးရှိ ဆည်မြောင်းတာတမံပေါင်း ၁၆၁ ခုအတွက် နိုင်ငံတော်ဘဏ္ဍာငွေကျပ်သန်းပေါင်း ၇၀၄၇၃ ကျော် ကျခံသုံးစွဲခဲ့ရာ ပဲခူးတိုင်းမှ ဆည်တမံ ၄၀ ခုအတွက် ငွေကျပ်သန်းပေါင်း ၂၃၈၀၀နီးပါး ပါဝင်နေပါသည်။

ပဲခူးတိုင်းသည် တောတောင်ထူထပ်ပြီး ချောင်းမြောင်းပေါများသည့်အပြင် ပင်လယ်နှင့်ဆက်စပ်နေသည့်ဒေသဖြစ်သည့်အတွက် ဆည်မြောင်းတာတမံ အကြီးစားများ တည်ဆောက်၍ မရနိုင်ခြင်းကြောင့် ဆည်တမံအလတ်စား၊ အငယ်စားများစွာကို စုဖွဲ့တည်ဆောက်ရသည့်အတွက် ဆည်မြောင်းအကြီးစားများ တည်ဆောက်ရမှုထက်ကုန်ကျစရိတ် ပိုမိုများပြားစွာ သုံးစွဲခဲ့ရပါသည်။

လယ်မြေဧက ၃၅၀၀၀ အကျိုးပြုမည့် ရွှေလှေရေထိန်းတံခါးအပါအဝင် လယ်မြေဧက ၂၅၀၀၀ အကျိုးပြုသည့် ဝေါမြို့နယ်မှ ရှမ်းကိုင်းရေထိန်းတံခါး၊ လယ်မြေဧက ၃၂၀၀၀ အကျိုးပြုသည့် သနပ်ပင်မြို့နယ်က တာဝရေထိန်းတံခါးတို့က ပဲခူးတိုင်း ပဂိုင်တာတောင်ပိုင်း ပဲခူး–စစ်တောင်း တူးမြောင်းဝန်းကျင်မှ မိုးရာသီတွင် ရေကြီးနစ်မြုပ်သည့် ကေသိန်းကျော်သည့် ရေနက်ကွင်းမြေများကိုစိုက်ပျိုးရေးဖြစ်ထွန်းသည့် အဖိုးတန်လယ်မြေများဖြစ်လာအောင် ပြုပြင်ပေးနိုင်ခဲ့သည့်အတွက် ပဲခူးတိုင်းသည် ရေဝတီတိုင်းကဲ့သို့ နိုင်ငံတော်၏ စပါးကျီသဖွယ် ဖြစ်ထွန်းလာနေပြီဖြစ်သည်။

ရွှေလှေရေထိန်းတံခါးကြီးသည် ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်း ဆက်စပ်ရာ နယ်မြေတွင်တည်ရှိပြီး ပဲခူးတိုင်း ကဝမြို့နယ်နှင့် ရန်ကုန်တိုင်း ခရမ်းမြို့နယ်တို့ကို တိုက်ရိုက်အကျိုးပြုပေးလျက်ရှိသည်။

ပဲခူးရိုးမသည် မမြင့်လွန်း၊ မနိမ့်လွန်းသော တောင်တန်းငယ်ဖြစ်ပြီး ကျွန်း၊ ပျဉ်းကတိုး၊ ကြိမ်၊ အင်ကြင်း၊ ပိတောက်စသော အဖိုးတန်သစ်များထွက်သည်။ သစ်တောကြိုးဝိုင်းဧရိယာမှာ ၅၁၁၇ စတုရန်းမိုင်အထိ ကျယ်ပြန့်စွာ တည်ရှိနေသည်။

ရွှေလှေရေထိန်းတံခါးသည် ရန်ကုန်မြို့တော် မိုင်၃၀ ဝန်းကျင်ဒေသများ စိမ်းလန်းစိုပြည်ရေး၊ အထူးသဖြင့် စိုက်ပျိုးရေလုံလောက်စွာ ပေးဝေခြင်းအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းစေရေးအတွက် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ရန်ကုန်မြို့တော် မိုင်၃၀ဝန်းကျင် စိမ်းလန်းစိုပြည်ရေး စီမံကိန်းကြီးကိုလည်း ဆက်စပ်အထောက်အကူ ပြုမည်ဖြစ်သည့်အတွက် အရေးပါသည့် ရေထိန်းတံခါးကြီး တစ်ခုဖြစ်ပါသည်။

ရန်ကုန်မြို့တော် မိုင်၃၀ ဝန်းကျင်ဒေသများ စိမ်းလန်းစိုပြည်ရေးစီမံကိန်းကြီးအရ ရန်ကုန်တိုင်းရှိ မြို့နယ်များအတွက် စိုက်ပျိုးရေရရှိရေး စီမံဆောင်ရွက်ရာ၌ ပဲခူးတိုင်းအတွင်းရှိ မိုးယွန်းကြီးအင်းတွင် ရေသိုလှောင်ပြီး ယင်းရေများကို တူးမြောင်းရှည်ကြီးဖြင့် ခရမ်း၊ သုံးခွ၊ သန်လျင်၊ ကျောက်တန်းဒေသများသို့ ရောက်အောင်ဆက်သွယ်ယူပြီး စိုက်ပျိုးရေပေးဝေရန် စီမံဆောင်ရွက်လျက်ရှိနေပါသည်။

ယင်းရေဝေရေးစနစ်အရ ပထမအဆင့်အနေဖြင့် ခရမ်းမြို့နယ်သည် ပထမဆုံးအကျိုးရရှိခံစားနိုင်မည်ဖြစ်သည်။ ခရမ်းချောင်းကို ရေထိန်းတံခါးဖြင့် ပိတ်ကာ မိုးယွန်းကြီးအင်းမှ တူးမြောင်းရှည်ကြီးဖြင့် သယ်ယူလာသော ရေများကို ခရမ်းချောင်းသို့ ပေးသွင်းသိုလှောင်ပြီး ရေသွယ်တူးမြောင်းများဖြင့် ခရမ်းမြို့နယ်အတွင်း စိုက်ပျိုးရေပေးဝေသွားမည်ဖြစ်သည်။

ရွှေလှေရေထိန်းတံခါးသည် ကဝမြို့နယ်နှင့် ခရမ်းမြို့နယ်အတွက် အကျိုးဖြစ်ထွန်းစေသည်သာမက ရန်ကုန်မြို့တော်ဝန်းကျင် မိုင်၃၀ ဒေသစိမ်းလန်းစိုပြည်ရေး စီမံကိန်းအတွက်ပါ အထောက်အကူပြုမည်ဖြစ်သဖြင့် ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းရှိ တောင်သူလယ်သမားများအတွက်လည်း များစွာအကျိုးဖြစ်ထွန်းစေမည့် အကြီးဆုံးရေထိန်းတံခါးကြီးဖြစ်သည်။

တည်ဆောက်ပြီးဖြစ်သည့် ရေထိန်းတံခါးများကို ပေါင်းစပ်ပြီး ပဲခူး– စစ်တောင်းတူးမြောင်းဝဲယာရှိ ယခင်က ရေနက်ကွင်းများအတွက် မြစ်ရေကျချိန်များတွင် ရေထုတ်နုတ်ပေးရန်၊ မြစ်ရေတက်ချိန်တွင် မြစ်ရေမဝင်အောင်၊ မိုးနှောင်းကာလတွင် ရေချိုသိုလှောင်နိုင်အောင် ထိန်းသိမ်းပေးရန်၊ နွေရာသီတွင် ဆားငန်ရေနှင့် သဲနုန်းများ မဝင်ရောက်အောင် တားဆီးပေးရန်စသည့် မြေယာပြုပြင်မြှင့်တင်မှုလုပ်ငန်းများကို ဟန်ချက်ညီညီဆောင်ရွက်ပေးလျက်ရှိခြင်းကြောင့် ဤဒေသအတွင်း ဧကသိန်းချီပြီး ကျယ်ပြန့်သည့်အဖိုးတန် လယ်မြေများအား စိုက်ပျိုးရေးထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်ပေးနိုင်နေပြီဖြစ်သည်။

ရွှေလှေရေထိန်းတံခါးကြီးသည် ပဲခူးတိုင်း ကဝမြို့နယ်အတွင်းရှိ လယ်မြေဧက ၂၀၀၀၀၊ ရန်ကုန်တိုင်း ခရမ်းမြို့နယ်အတွင်းရှိ လယ်မြေဧက ၁၅၀၀၀ စုစုပေါင်း လယ်မြေဧက ၃၅၀၀၀ ကို အကျိုးပြုနေသည့်အတွက် မြို့နယ်နှစ်ခုအတွင်း တောင်သူလယ်သမားများအတွက်သာမက ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းအတွက်ပါ လက်တွေ့အကျိုးပွားများနေကြောင်း သိရှိရသည်။

ယင်းကဲ့သို့ တောင်သူလယ်သမားကြီးများအတွက် လက်တွေ့အကျိုး ဖြစ်ထွန်းစေမည့် အစီအမံများကို စနစ်တကျ ဖန်တီးဖော်ဆောင်ပေးနေခြင်းသည် မိမိနိုင်ငံသူ နိုင်ငံသား ပြည်သူများအားလုံး စီးပွားရေး၊ လူမှုရေး အခြေခံများ ပြည့်ပြည့်ဝဝဖြစ်ထွန်းလာမှုနှင့်အတူ သာယာချမ်းမြေ့သော လူမှုဘဝကို ထူထောင်နိုင်စေရမည်ဆိုသည့် နိုင်ငံတော်အစိုးရ၏ ဖြူစင်မွန်မြတ်သော စေတနာက ပေါက်ဖွားလာသည့် ရလဒ်ကောင်းများပင်ဖြစ်သည်။

နိုင်ငံနှင့်အဝန်း လယ်မြေဧက နှစ်သန်းကျော်ကို ဆယ်စုနှစ်သာသာကာလအတွင်း အကျိုးခံစားနိုင်ရအောင် ငွေကျပ်သန်းပေါင်း ခြောက်သောင်းကိုးထောင်ကျော် အရင်းအနှီးပြုပြီး ဆည်တမံရေရရှိရေးနှင့် ရေဘေးကာကွယ်ရေး စီမံကိန်းများ တည်ဆောက်လုပ်ကိုင်ခဲ့ရာမှာ ပဲခူးတိုင်းအတွင်းမှာလည်း တည်ဆောက်ပြီးခဲ့သည့် ဆည်တမံရေထိန်းတံခါးစီမံကိန်းလုပ်ငန်း ၄၀ ခုက လယ်ယာမြေဧက ခြောက်သိန်းနှစ်သောင်းခုနစ်ထောင်ကျော်တွင် သီးနှံများ အောင်အောင်မြင်မြင်ဖြစ်ထွန်းစေပြီး သီးထပ်သီးညှပ်များ တိုးတက်စိုက်ပျိုးလာနိုင်နေပြီဖြစ်သည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက လယ်ယာမြေဖွံ့ဖြိုး တိုးတက်ရေးစီမံကိန်းကြီးများ တည်ဆောက်ပေးလျက်ရှိသည့်အနက် ရွှေလှေ ရေထိန်းတံခါး စီမံကိန်းသည် မြန်မာနိုင်ငံမှာ လက်ရှိအကြီးဆုံး ရေထိန်းတံခါးကြီး ဖြစ်သည်။

ကဝမြို့နယ်အတွင်း ဆည်မချောင်းနှင့်ပဲခူးမြစ်ဆုံရာ ရွှေလှေရွာအနီးမှာ ၆ပေ **X** ၁၆ပေအကျယ် အပေါက်၄၀ပါ ကွန်ကရစ်ရေထုတ်ရေထိန်းတံခါးကြီးနှင့် ၂၂ပေ အကျယ် ကွန်ကရစ် ရေယာဉ်ဝင်ထွက်တံခါးကို တည်ဆောက်ပြီး မိုးရာသီ၌ ကွင်းများဆီသို့ စီးဝင်လာမည့် ရေပိုရေလျှံများကို ပဲခူးမြစ်ရေကျချိန်တိုင်း ရေထုတ်ပေးနိုင်သည့်အပြင် မြစ်ရေတက်ချိန်များမှာလည်း ကွင်းများအတွင်း မြစ်ရေဝင်ရောက်မှုကို ရွှေလှေရေထိန်းတံခါးက တားဆီးကာကွယ်ပေးလျက်ရှိသည်။

ပဲခူးတိုင်းအတွင်း ရိုးမကစီးဆင်းလာသည့် ဘိုင်းဒါး၊ ကောလိယ၊ ရဲနွယ်ချောင်းတို့မှရေများကို မိုးယွန်းကြီး ရေလှောင်ကန်ကြီးက သိုလှောင်ပြီး ရွှေလှေရေထိန်းတံခါးနှင့် ထိန်းသိမ်းလွှတ်ပေးနိုင်တော့မည် ဖြစ်သည့်အတွက် ရန်ကုန်မြို့တော် မိုင် ၃၀ ပတ်လည် စိမ်းလန်းစိုပြည်ရေးအတွက် သန်လျင်၊ ခရမ်း ဒေသများ၏ သီးနှံစိုက်ပျိုးရေးကို အကျိုးပြုလျက် ရှိနေသည်။

ဒေသအတွင်း လယ်ယာထွက်ကုန်များ အဆင်ပြေချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်မည့် ရေဝင်ရေထွက် အဆောက်အအုံကိုပါ ယှဉ်တွဲဖန်တီး ထားခြင်းကြောင့် ဤဒေသဖွံ့ဖြိုးတိုးတက်မှုအတွက် ရွှေလှေရေထိန်း တံခါးကြီးသည် ဘက်စုံအသုံးဝင်သည့် လယ်ယာအခြေခံဖွံ့ဖြိုးမှု အဆောက်အအုံတစ်ခု ဖြစ်သည်။

ပဲခူးတိုင်းသည် မြန်မာနိုင်ငံ အောက်ပိုင်းဒေသတွင် လယ်ယာကဏ္ဍ သီးနှံစိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းအတွက် အားကိုးအားထားပြုရသည့် ဒေသကြီးဖြစ်သည်။ ဆန်စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ စက်မှုကုန်ကြမ်းအတွက် ဝါ၊ ကြံ၊ ဂုန်လျှော်၊ ချဉ်ပေါင်လျှော်အပြင် နိုင်ငံ့ဝင်ငွေ တိုးတက်ဖြည့်ဆည်းနိုင်မည့်သီးနှံများ အစုံအညီစိုက်ပျိုးထုတ်လုပ်နိုင်သည့် ရေခံမြေခံကောင်းများ ဖြစ်ထွန်းတည်ရှိသည်။

အလယ်ရိုးမကိုမှီတွယ်ပြီး ဖြစ်ထွန်းတည်ရှိနေသည့် မြစ်ချောင်းများကို အဆင့်ဆင့်စူးစမ်းလေ့လာပြီး ရေလှောင်တမံ၊ ရေလွှဲဆည်နှင့် ရေထိန်းတံခါးစီမံကိန်းများကို တည်ဆောက်ခဲ့သလို ဆက်လက်ပြီး စိုက်ပျိုးရေးအတွက်သာမဟုတ်ဘဲ ရေအားလျှပ်စစ်ပါ တွဲဖက်ထုတ်လုပ်ပေးနိုင်မည့် ရဲနွယ်၊ ဖြူးချောင်း၊ ခပေါင်းဘက်စုံဆည်မြောင်းစီမံကိန်းများကိုလည်း စီမံအကောင်အထည်ဖော်လျက်ရှိနေသည်။

ဤဒေသအတွင်း ရှမ်းကိုင်း၊ ပိုင်ကျုံ၊ တာဝ ရေတံခါးကြီးများနှင့်အတူ ရွှေလှေရေထိန်းတံခါးကြီး ဖြစ်ထွန်းလာခဲ့ပါပြီ။ ဖြစ်ထွန်းတည်ရှိလာသည့် အခြေခံ စွမ်းအားစုများကို အမိအရအသုံးချပြီး မိမိဒေသ ဖွံ့ဖြိုးတိုးတက်လာအောင်၊ နိုင်ငံတော်၏ ရည်မှန်းချက်များ ပြည့်ဝအောင်မြင်လာအောင် လယ်ယာကုန်ထုတ်လုပ်ငန်းကြီးပိုမိုတိုးတက်စေရေးအတွက် ဆက်လက်ကြိုးပမ်းအားထုတ်လုပ်ဆောင်သွားကြရမည်ဖြစ်သည်။

စာရေးသူသည် ရွှေလှေရေထိန်းတံခါးကြီးပေါ်တွင် မတ်မတ်ရပ်၍ တဟူးဟူးတိုက်ခတ်လာသော လေအလျဉ်ကြားတွင် ဖွံ့ဖြိုးဝေဆာလာသော တိုင်းဥသာ၏ပုံရိပ်ကို ခံစားမိသမျှ ရေးသားတင်ပြလိုက်ရပါသည်။ ။

လယ်မြေဧက ၃၅၀၀၀ အကျိုးပြုမည့် ရွှေလှေ ရေထိန်းတံခါး အပါအဝင် လယ်မြေဧက ၂၅၀၀၀ အကျိုးပြုသည့် ဝေါမြို့နယ်မှ ရှမ်းကိုင်းရေထိန်းတံခါး၊ လယ်မြေဧက ၃၂၀၀၀ အကျိုးပြုသည့် သနပ်ပင်မြို့နယ်က တာဝရေထိန်းတံခါးတို့က ပဲခူးတိုင်း ပဂိုင်တာ တောင်ပိုင်း ပဲခူး–စစ်တောင်း တူးမြောင်းဝန်းကျင်မှ မိုးရာသီတွင် ရေကြီးနစ်မြုပ်သည့် ကေသိန်းကျော်သည့် ရေနက်ကွင်း မြေများ ကို စိုက်ပျိုးရေးဖြစ်ထွန်းသည့် အဖိုးတန်လယ်မြေများဖြစ်လာအောင် ပြုပြင်ပေးနိုင်ခဲ့သည့်အတွက် ပဲခူးတိုင်းသည် ရေဝတီတိုင်းကဲ့သို့ နိုင်ငံတော်၏ စပါးကျီသဖွယ် ဖြစ်ထွန်းလာနေပြီဖြစ်သည်။

တိုင်းမှူးဗိုလ်ချုပ်စိုးနိုင် ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများတွေ့ဆုံ သတ်မှတ်လျာထားချက် အပြည့်အဝ စိုက်ပျိုးရေးမှာကြား

ဖျာပုံ ဇူလိုင် ၂၃

ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်သည် တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဖျာပုံခရိုင် သီရိအဏ္ဏဝါမြို့တော်ခန်းမတွင် ဇူလိုင် ၁၆ရက် နံနက် ၉နာရီခွဲက ကျင်းပသည့် ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်မှာကြားသည်။

မြို့နယ်ဥက္ကဋ္ဌဦးခင်မောင်ရီက ဖျာပုံမြို့နယ်အတွင်း သတ်မှတ်လျာထားချက် အပြည့်အဝ စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို တင်ပြရာခရိုင်ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီး ရဲထွဋ်က ဖျာပုံခရိုင်အတွင်း စိုက်ပျိုးဆောင်ရွက်မှုများဖြည့်စွက်တင်ပြသည်။

ထို့နောက်ခရိုင်ဥက္ကဋ္ဌနှင့် မြို့နယ်ဥက္ကဋ္ဌတို့၏ တင်ပြချက်များနှင့် ပတ်သက်၍ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ဆွေးနွေးမှာကြားရာတွင် ဧရာဝတီတိုင်းအတွင်း သတ်မှတ်လျာထားချက် အပြည့်အဝ စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ကြရန်၊ နိုင်ငံတော်ရှေ့ဆက်ဆောင်ရွက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် စည်းရုံးဆောင်ရွက်သွားရန် လက်ရှိနိုင်ငံတော် တည်ငြိမ်အေးချမ်းသာယာရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်နိုင်ရေးအတွက် အားလုံးတက်ညီလက်ညီ ဆောင်ရွက်သွားကြရန် ရှင်းလင်း ဆွေးနွေးမှာကြားသည်။ **(ခရိုင် ပြန်/ဆက်)**

မြန်မာအမျိုးသမီးများနေ့ ကော့သောင်းမြို့၌ ကျင်းပ

ကော့သောင်း ဇူလိုင် ၅

မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင်၃ရက် နံနက် ၉နာရီက ကော့သောင်းမြို့ မဥ္ဇူသကခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အလုပ်အမှုဆောင် နာယကဒုတိယဗိုလ်မှူးကြီး တင်စိုးက အမှာစကား ပြောကြားပြီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မေခိုင်ဦးက အမျိုးသမီးဘဝ ဖွံ့ဖြိုးရေး ရည်ရွယ်ချက် ခုနစ်ရပ် ကွင်းဆင်းစည်းရုံးရေးကဏ္ဍများကို ရှင်းလင်းပြောကြားသည်။**(အပေါ်ပုံ)**

ထို့နောက် တာဝန်ရှိသူများက ထူးချွန်ဆုများ ချီးမြှင့်ပြီး အလှူရှင်များအား ဂုဏ်ပြုလွှာများ ပေးအပ်ကြကြောင်း သိရသည်။ **(၃၈၉)**

အမြို့မြို့ အနယ်နယ် သတင်းများ

ဇူလိုင် ၁၅ ရက်က တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက မြို့သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် ပြည်လမ်း မြို့အဝင်ဆိုင်းဘုတ်အနီး လမ်းဘေးဝဲယာတစ်လျှောက်တွင် နှယ်သာကီပန်း အလှပင်၁၀၀၀စိုက်ပျိုးမှုကို မြို့နယ်စည်ပင်သာယာ ဒုတိယ ညွှန်ကြားရေးမှူးဦးညိုဝင်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးအောင်ကြီးတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

၂၀၀၃-၂၀၀၄ ခု ပညာသင်နှစ် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့်အထက်တန်းဆင့် ပညာသင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို တွံတေးမြို့နယ် တမံကြီးကျေးရွာ အခြေခံပညာ အထက်တန်း ကျောင်းခွဲခန်းမ၌ ဇူလိုင်၂၄ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီးဒေါ်မေစောရွှေက အဋ္ဌမတန်းမှမတင်မာဝင်းအားပညာသင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်စဉ်။ (က-ပ)

မူးယစ်ဆေးဝါးအန္တရာယ် ရေဦး၌ပညာပေးဟောပြော

ရေဦး ဇူလိုင် ၁၀

ရေဦးမြို့နယ် ရဲတပ်ဖွဲ့မှ ကြီးမှူးကျင်းပသော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲကို ဇွန် ၂၅ ရက်က အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ကံ့ကော်ဆောင်ခန်းမတွင် ကျင်းပသည်။

ရေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးလှမြင့်အေးက အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဦးတိုးမြင့်က မူးယစ်ဆေးဝါး နောက်ခံသမိုင်းနှင့် တားမြစ်ဥပဒေများအကြောင်းကိုလည်းကောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါ်တင်တင်အုန်းက မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း သိကောင်းစရာများကို ဟောပြောကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပဲခူးမြို့သာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ဇန္ဒုလလမ်းဘေးဝဲယာတစ်လျှောက် ပေါင်းမြက်ပင်များ ရှင်း လင်းခြင်းနှင့် ရေနုတ်မြောင်းများတူးဖော်ဆယ်ယူခြင်း လုပ်ငန်းများကိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှဝန်ထမ်းများဇူလိုင်၁၀ရက်ကဆောင်ရွက်မှုကို ပဲခူးမြို့နယ်စည်ပင်သာယာ လက်ထောက်ညွှန်ကြားရေးမှူးဦးမြင့်လွင် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အကြိမ်(၈၀)မြောက်သွေးလှူ

ရန်ကုန် ဇူလိုင် ၂၈

မြန်မာနိုင်ငံကြက်ခြေနီအသင်း ရာသက်ပန်အသင်းဝင် စာပေဗိမာန် စာမူဆုရ စာရေးဆရာ စမ်းမောင်မောင်မြင့် (လူမှုထူးချွန်-ပထမဆင့်) **(အပေါ်ပုံ)**သည် ဇူလိုင် ၂၀ ရက်က ရန်ကုန် ဆေးရုံကြီး ဗဟိုအမျိုးသားသွေးလှူဘဏ်၌ အကြိမ်(၈၀)မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က-ပ)**

ပညာရေးထောက်ပံ့ငွေ တမူးမြို့၌ ပေးအပ်

တမူး ဇူလိုင် ၅

တမူးအထက ကဘော်ခန်းမ၌ စာအုပ်လှူဒါန်းပွဲနှင့် ပညာသင်ထောက်ပံ့ငွေ ပေးအပ်ပွဲ အခမ်းအနားကို ဇွန်၂၃ရက်က ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မင်းဇော်နှင့် ကျောင်းအုပ်ဆရာကြီး ဦးရှက်ိန်းတို့က အမှာစကားပြောကြားပြီး တမူးအထက ပညာရေးဝန်ထမ်း သမီးများအား ပညာရေးထောက်ပံ့ငွေများကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မင်းဇော်က ပေးအပ်ရာ ကျောင်းအုပ်ဆရာကြီး ဦးရှက်ိန်းက လက်ခံရယူကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဇူလိုင် ၅ရက်က ငပုတောမြို့ မဂ္ဂင်လမ်းမကြီး တစ်လျှောက် ပလက်ဖောင်းကပ်တုံး ပြုလုပ်ခြင်းနှင့် မြေယာရှုခင်း အလှပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်မှုကို ငပုတောမြို့နယ် စည်ပင်သာယာ အမှုဆောင်အရာရှိ ဦးအောင်ဌေးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂)(မြို့ပြ) ဦးသူရလွင်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ဗန်းမော်မြို့နယ်၌အရန်သားဖွားသင်တန်းဆင်း

ဗန်းမော် ဇူလိုင် ၂၀

စစ်ကိုင်တိုင်း ကသာခရိုင် ဗန်းမော်မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် စေတနာ့ဝန်ထမ်း အရန်သားဖွားသင်တန်းဆင်းပွဲ အခမ်းအနားကို ဇူလိုင် ၁၄ ရက် နံနက် ၁၁ နာရီက ဆေးရုံဝင်းအတွင်း သင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်နှင့် မြို့နယ်ဆရာဝန် ဒေါက်တာအောင်သိန်းတို့က အမှာစကား ပြောကြားကြပြီး သင်တန်းဆင်းလက်မှတ်ပေးအပ်ခြင်းနှင့် ထူးချွန် သင်တန်းသူများကို ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။ သင်တန်းသို့ သင်တန်းသူ ၂၂ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ နှစ်လခွဲကြာမြင့်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သင်ယူပြီးမြောက်ခြင်းလက်မှတ် သထုံမြို့နယ် တွဲဖက်အထက၌ ပေးအပ်

သထုံ ဇူလိုင် ၁၇

၂၀၀၃-၂၀၀၄ခုနှစ်ပညာသင်နှစ်အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းဆင့်သင်ယူပြီးမြောက်ခြင်း လက်မှတ်ချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၃ ရက်က နောင်ကုလားကျေးရွာ တွဲဖက်အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ မိဘဆရာအသင်းအမှုဆောင်များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီးများနှင့်ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြပြီး အဆိုပါကျောင်းသားကျောင်းသူများအား သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ချီးမြှင့်ကြသည်။**(ယာပုံ)** **(ခရိုင် ပြန်/ဆက်)**

ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်နေ ဦးမျိုးမြင့်ဦး မှတ်ပုံတင်အမှတ် ၅/ငဇန(နိုင်)၀၆၆၈၅၄ ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

၎င်းသည် မြန်မာပြည်အနှံ့ အောက်ပါတံဆိပ်များဖြင့် ပြိုးစုပ်ခရများကို ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

မှတ်ပုံတင်အမှတ်-၁၁(၂၀၀၄)

အထက်ပါ မှတ်ပုံတင်ထားသော ကုန်အမှတ်တံဆိပ်ပါ ပစ္စည်းများကို ဆင်တူယိုးမှား အတုပြုလုပ်ရောင်းချခြင်း အသုံးပြုခြင်းကို ပြုလုပ်ပါက တရားဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း ကြေညာအပ်သည်။

ဦးခင်မောင်ဗွေး(B.Sc)၊ စဉ်-၃၁၀၉
အထက်တန်းရှေ့နေ
မန္တလေးမြို့။

ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး
၂၀၀၄ ခုနှစ် တရားမကြီးမှု အမှတ် ၂၅

စရီသန်ဒါယုသပါဏိ ဘုရားကျောင်းတော်(ဂေါပကအဖွဲ့) (ဦးလှရွှေ-ဂေါပကအဖွဲ့၏အခွင့်ရ ကိုယ်စားလှယ်) ဂန္ဓာမာလမ်း၊ (၅)ရပ်ကွက်၊ ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်း။	**နှင့်**	ဦးဇော်မင်း အမှတ် ၂၃၄၊ မြင်တော်သာလမ်းမကြီး (၃)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်း။
တရားလို		**တရားပြိုင်**

တရားမကျင့်ထုံး အမိန့်-၁၊ နည်းဥပဒေ-၈(၁)အရ အထက်ပါအမှုတွင် သက်ဆိုင်သူများ အားလုံးသိစေရမည်။

အထက်အမည်ပါ တရားလို (ဂေါပကအဖွဲ့ စရီသန်ဒါယုသပါဏိ ဘုရားကျောင်းတော်)သည် တရားပြိုင်အပေါ် စရီသန်ဒါယုသပါဏိဘုရားကျောင်းသည် နှစ်ပေါင်း ၁၀၀ ကျော် အသုံးပြုလာခဲ့သည့် ဘုရားကျောင်းတည်ရှိသောမြေနှင့် အဆောက်အအုံသည် ဘုရားကျောင်းပိုင် မြေနှင့်အဆောက်အအုံဖြစ်ကြောင်း မြွက်ဟကြော်ငြာပေးစေလိုမှုဖြင့် တရားစွဲဆိုလာပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ၎င်းအမှုတစ်ခုလုံးတွင် အကျိုးသက်ဆိုင်သူ မည်သူမဆို ပါဝင်လိုပါက ၂၀၀၆ ခုနှစ် ဩဂုတ်လ ၁၀ ရက်နေ့ နံနက် ၁၀ နာရီအတွင်း သက်ဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများတင်ပြ၍ လူကိုယ်တိုင်ဖြစ်စေ၊ နည်းလမ်းတကျလွှဲအပ်ထားသော အခွင့်အမိန့်ရ ကိုယ်စားလှယ်ဖြစ်စေ၊ ရန်ကုန်တောင်ပိုင်းခရိုင် တရားရုံးသို့ လာရောက် လျှောက်ထားနိုင်ကြောင်း ကြော်ငြာလိုက်သည်။

အကယ်၍ လျှောက်ထားခြင်းမရှိပါလျှင် ခရိုင်တရားရုံးက သင့်တော်သည်ဟု ထင်မြင်သည့်အတိုင်း ကြားနာစစ်ဆေးစီရင်ဆုံးဖြတ်လိမ့်မည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

၂၀၀၆ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့တွင် ဤခရိုင်တရားရုံး တံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်ဆွေရီ
ခရိုင်တရားသူကြီး
ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး။

ကျေးဇူးတင်လွှာ

ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ နာယက ဘဒ္ဒန္တဝါသဝ(အဂ္ဂမဟာပဏ္ဍိတ) မြစ်သား ဆရာတော် မကျန်းမာ၍ ဆေးကုသမှုခံယူစဉ် အဘက်ဘက်မှ လိုလေသေးမရှိအောင် အထူးဂရုစိုက်ပြီး ပြုစုစောင့်ရှောက်ကုသပေးကြသော ရွှေပုစွန်ကုမ္ပဏီမိသားစု၊ မလိခရုပ်ရှင်ထုတ်လုပ်ရေး ကုမ္ပဏီပိုင်ရှင်မိသားစု၊ ပါမောက္ခ သမားတော်ကြီးများ၊ ရွှေဂုံတိုင်အထူးကု ဆေးခန်းပိုင်ရှင်နှင့်ဇနီး၊ ဆရာဝန် ဆရာမများ၊ ဝန်ထမ်းများ၊ လာရောက်မေးမြန်းကြသော တပည့်ဒါယကာ၊ ဒါယိကာမများအား ကျေးဇူးတင်ရှိပါကြောင်း။

တပည့် ဒါယကာ၊ ဒါယိကာမများ။

ကွယ်လွန်သူ ခရစ်ယာန်ဘုန်းတော်ကြီး စူဆေးစဗရီမူသူး၏ ကျန်ရစ်သောပစ္စည်းအား စီမံခန့်ခွဲမှုအတွက် အမွေဆက်ခံခွင့် အက်ဥပဒေပုဒ်မ- ၃၀၇ (၁)၊ (၂)အရ ခွင့်ပြုပါရန် လျှောက်ထားကြောင်း
အကြောင်းကြားစာ
ရန်ကုန်တိုင်းတရားရုံး
၂၀၀၄ ခုနှစ် တရားမအထွေထွေမှု အမှတ်-၁၄၀

အရူးလ်(ခ)အက်စ်အက်စ်အရူးလ် **လျှောက်ထားသူ**

ကွယ်လွန်သူ ခရစ်ယာန်ဘုန်းတော်ကြီး စူဆေးစဗရီမူသူး၏ ကျန်ရှိရစ်သော ပစ္စည်းများနှင့် ပတ်သက်သောအမှုအရေးတွင် သက်ဆိုင်သူများ သိစေလိုက်သည်။

အထက်အမည်ပါ လျှောက်ထားသူက ကွယ်လွန်သူခရစ်ယာန်ဘုန်းတော်ကြီး စူဆေးစဗရီမူသူး ကျန်ရှိရစ်သောပစ္စည်းများနှင့်ပတ်သက်၍ အမွေထိန်း လက်မှတ်စာကို ၁၆-၃-၁၉၉၈ ရက်နေ့တွင် ထုတ်ပေးပြီးဖြစ်ပါကြောင်းနှင့် လျှောက်ထားသူမှ ကွယ်လွန်သူ ခရစ်ယာန်ဘုန်းတော်ကြီး စူဆေးစဗရီမူသူး၏ ကျန်ရှိရစ်သော ပစ္စည်းများအပေါ် စီမံခန့်ခွဲမှုပြုလုပ်နိုင်ရန်အတွက် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၃၀၇ အရ လျှောက်ထားလာရာ ၎င်းလျှောက်လွှာကို ၁၀-၈-၂၀၀၆ ရက် (၁၃၆၆ ခုနှစ် ဒုတိယဝါဆိုလဆုတ် ၁၀ ရက်) နံနက် ၉:၃၀ နာရီတွင် ကြားနာရန် ချိန်းဆိုထားကြောင်းနှင့် ဆိုခဲ့သော ကွယ်လွန်သူ ခရစ်ယာန် ဘုန်းတော်ကြီး စူဆေးစဗရီမူသူး၏ ပစ္စည်းအရေးကိစ္စတွင် ပတ်သက်သူ မည်သူမဆို အထက်ဖော်ပြပါ ရုံးချိန်းရက်နေ့၌ ဤရုံးသို့ လာရောက် ကန့်ကွက် လျှောက်ထားနိုင်ကြောင်း အကြောင်းကြား သိစေလိုက်သည်။

၂၀၀၆ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

အောင်ဝင်း
တွဲဖက်တိုင်းတရားသူကြီး(၉)
ရန်ကုန်တိုင်းတရားရုံး။

တိုက်ခန်းရောင်းမည်

ရန်ကင်းမြို့နယ် ကျောက်ကုန်း ဆိတ်ငြိမ်ရပ်ကွက်၊ နေရာကောင်း၊ ၂၅ပေxပေ၇၀ (၃)လွှာ (အခန်းသစ်၊ လူမနေရသေး)။

ညှိနှိုင်းဈေးဖြင့်ရောင်းမည်။

ဆက်သွယ်ရန် ဖုန်း - ၅၅၈၀၄၉၊ ၇၂၂၄၂၀။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် သ/၃၁၁ မော်တော်ယာဉ် လက်ဝယ်ရှိသူက မော်တော်ယာဉ် မှတ်ပုံတင် စာအုပ် (ကမ-၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့် ရက်မှစ၍ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး (ရန်ကုန်)သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ရန်ကုန်တိုင်း။



စက်ရုံရောင်းမည်

မြေကွက်အကျယ် (၈၆ ပေ X ပေ ၆၀)၊ အမြင့် (၈)ပေ အုတ်ခြံစည်းရိုးအပြည့်ခတ်ပြီး၊ ၄၂ ပေ X ၆၅ ပေ နှစ်ထပ်ခွဲတိုက်(၁)လုံး၊ ၄၂ ပေ X ၂၇ ပေ တစ်ထပ်တိုက်(၁)လုံး၊ ၂၁ ပေX ၁၀ ပေ သစ်သား (၂)ထပ် ဝန်ထမ်းအိမ်ရာ(၁)လုံး၊ (20 KVA လုပ်ငန်းသုံး ပါဝါမီတာ၊ အဝီစိရေ ကောင်းသည်။ ဖုန်းတပ်ဆင်ပြီး၊ လက်ရှိ လုပ်ငန်းလည်ပတ်ဆဲ စက်ရုံ။

ဆက်သွယ်ရန် ဖုန်း- ၅၄၁၈၃၃၊ ၅၄၁၉၄၄။

ဖခင်အမည်မှန်

အထက (၅)ပြည်၊ ဒသမတန်း (A)မမြင့်သူဇာ၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဌွေ ၈/သရန(နိုင်) ၀၇၁၉၆၇ ဖြစ်ပါသည်။

အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်းလျှော်များ ရရှိစေရန် လိုက်နာဆောင်ရွက်နိုင်ပါရန် နှိုးဆော်

ယခုအခါ ဂုန်လျှော်၊ ချည်ပေါင်လျှော် စိုက်ပျိုးပြီးစီးချိန်ဖြစ်ပြီး မိုးကြိုဂုန်လျှော်၊ ချည်ပေါင်လျှော်များ စတင် ခုတ်သိမ်းနေပြီဖြစ်၍ အရည်အသွေးကောင်းနှင့် အထွက်နှုန်းကောင်းလျှော်များ ရရှိစေရန် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် နှိုးဆော်အပ်ပါသည်-

၁။ အရည်အသွေးကောင်းပြီး အထွက်နှုန်းမြင့်မားစေရန် သီးကင်းဝင်စအချိန်တွင် ခုတ်သိမ်းပြီး လျှော်ပင်များကို အရွက်ကြွေစေရန် ကွင်းထဲတွင် အရိုးပေါ်အရွက်ဖုံးထပ်၍ (၃-၄)ရက်အုပ်ထားပါ။

၂။ လျှော်စိမ်ရာတွင် ရေအနက်အနည်းဆုံး လေးပေရှိပြီး ဖြည်းညင်းစွာ စီးဆင်းနေသော ရေတွင် တစ်လွှာချင်း ဖောင်ဖွဲ့၍ ရေစိမ်ပါ။ လျှော်ဖောင်အောက်ဆုံးအလွှာကို မြေနှင့်မထိအောင်နှင့် အပေါ်ဆုံးအလွှာကို ရေတွင် ပေါ်မနေစေရန် ဂရုပြုပြီး လျှော်အမျိုးအစားကောင်းရန် ရေကြည်ရေသန့်တွင် ရေစိမ်ပါ။

၃။ လျှော်ဖောင်ဖိရာတွင် စွန်းထင်းပျက်စီးစေနိုင်သည့် အစေးထွက်သောတုံးများ မသုံးစွဲဘဲ သစ်သားတုံး၊ ဝါး စသည်တို့ဖြင့် ဖိထားပါ။

၄။ ရေစိမ်ရက် မလိုစေရန်နှင့် မလွန်စေရန် ဂရုပြုပါ။ ရေစိမ်ပြီး ရက်သတ္တပတ် တစ်ပတ်အကြာမှစ၍ နေ့စဉ် လျှော်ဖောင်အား နူး/မနူး စမ်းသပ်၍ လျှော်နူးပါက ချက်ချင်းခွာယူပါ။

၅။ ခွာယူပြီးလျှော်များကို လေသလပ်မခံဘဲ အခွံအခေါက်နှင့် အမှိုက်သရိုက်များ ကင်းစင်အောင် ရေကြည်တွင် ဆေးကြော၍ တန်းတင်အခြောက်လှန်းပါ။

၆။ ကောင်းစွာခြောက်သွေ့သော လျှော်များကို အတန်းအစားခွဲ စည်းထုံး၍ နီးစပ်ရာ အဝယ်စခန်းများတွင် ရောင်းချပါ။

၇။ နည်းပညာနှင့် အကူအညီ ရယူလိုပါက နီးစပ်ရာ မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း၊ ဒေသရုံးများနှင့် ဆက်သွယ် အကူအညီရယူပါ။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

သဃ်န်းကျွန်းမြို့နယ်(ခ)ရပ်ကွက် ကျပ်သိန်း ၁၃၀ တန် ကိုယ့်အား ကိုယ်ကိုး မင်္ဂလာလမ်း လမ်းကြမ်းခင်းခြင်း လုပ်ငန်းအတွက် ဇူလိုင် ၂၂ ရက်က (ခ)ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးခန်းတွင် ကန်ထရိုက်တာဦးထွန်းမောင်အား မင်္ဂလာလမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်လှ(မိဘမေတ္တာ)က စရန်ငွေ ကျပ်ငါးသိန်း ပေးအပ်စဉ်။ (က-ပ)

မိုးရွာစဉ် ယာဉ်မောင်းလျှင် အောက်ပါအချက်များသတိပြုပါ

၁။ လမ်းပေါ်တွင် စက်ဆီ၊ ချောဆီများ ဖိတ်စဉ်နေလျှင် လမ်းချော်နိုင်သည်။
၂။ မော်တော်ယာဉ်ဘီးများ ပန်းမရှိလျှင် လမ်းချော်နိုင်သည်။
၃။ မော်တော်ယာဉ်များ လေပေါင်ချိန်များလွန်းလျှင် လမ်းချော်နိုင်သည်။
၄။ လမ်းပေါ်တွင် ရွှံ့နွံများရှိလျှင် လမ်းချော်နိုင်သည်။
၅။ အရှိန်ပြင်းစွာ မမောင်းပါနှင့်။
၆။ ဘရိတ်ကို ရုတ်တရက် မနင်းပါနှင့်။
၇။ ကုန်တင်ယာဉ်များ ဟန်ချက်ညီမျှရန် ဂရုပြုပါ။
၈။ ရေသုတ်တံပါရှိရမည်၊ ကောင်းမွန်ရမည်။
၉။ မိုးသည်းထန်စွာရွာသွန်း၍ မြင်ကွင်းမကောင်းလျှင် ရှေ့မီးကြီးကိုဖွင့်မောင်းပါ။
၁၀။ မြေသယ်ယာဉ်၊ အုတ်၊ သဲ၊ ကျောက်သယ်ယာဉ်များ ဖိတ်စဉ်မှုမရှိစေရန် လုံခြုံစွာတင်ဆောင်ပါ။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ဧရာဝတီတိုင်း ရွှေလောင်းမြို့နေ (ဦးအစိတ်ကို-ဒေါ်ခင်စန်း)၊ ပုသိမ်မြို့နေ
(ဦးဘွန်ကျွန်း-ဒေါ်ကျူးဝါး) တို့၏မြေး၊
ရန်ကုန်မြို့ ၆-လမ်း၊ အမှတ်(၅၁) လမ်းမတော်မြို့နေ
ဦးမောင်ဝင်း-ဒေါ်သင်းသင်းမေ
(အသွင်သစ်အထည်မျိုးစုံ လက်လီလက်ကားရောင်းဝယ်ရေး) တို့၏သားထွေး
ရန်ကုန်မြို့ ၅၂လမ်း၊ အမှတ် (၁၁၅)နေ

မောင်နိုင်နိုင်ဦး

နှင့်

မုတ္တမမြို့ ဈေးစုရပ်နေ (ဦးစိန်-ဒေါ်ပြန့်မွှေး)၊ မုဒုံမြို့ လမ်းမကြီးရပ်နေ
ဦးမောင်လွင်-ဒေါ်ရွှေဆောင်တို့၏မြေး၊
ရန်ကုန်မြို့ ၄၉-လမ်း၊ အမှတ်(၉၆/၃)နေ
ဦးလှဝေ-ဒေါ်ဝင်းမြင့်လွင် (ရိုလုံရွှေဆိုင်-1)Yuzana Plaza တို့၏
တစ်ဦးတည်းသောသမီး

မလှဲ့ရည်ရှား (Final Year Law) (ရိုလုံရွှေဆိုင်-2)Yuzana Plaza

တို့သည် ၂၅-၇-၂၀၀၄ (တနင်္ဂနွေနေ့)တွင် Sedona Hotel ၌ နှစ်ဖက်သော မိဘ၊ ဆွေမျိုးများနှင့် ဂုဏ်သရေရှိ လူကြီးများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်နိုင်နိုင်ဦး-မလှဲ့ရည်ရှား။

မွေးနေ့မင်္ဂလာဆုတောင်း

ချစ်ဖေဖေ ဦးမြင့်စိုးနှင့် ချစ်မေမေ ဒေါ်မော်မော်ဝင်းတို့၏ ၁၉-၄-၂၀၀၄ ရက်တွင် ကျရောက်သော ငွေရတုမင်္ဂလာမှသည် ရွှေရတု၊ စိန်ရတုမင်္ဂလာတိုင်အောင် ဆင်နွှဲနိုင်ရန်နှင့် ချစ်ဖေဖေ ဦးမြင့်စိုး၏ ၂၉-၇-၂၀၀၄ ရက်တွင် ကျရောက်သော နှစ်(၅၀)ပြည့် မွေးနေ့မင်္ဂလာမှသည် နှစ် (၁၀၀)ကျော်တိုင် ချစ်သောမိသားစုနှင့် အတူတကွ ပျော်ရွှင်စွာဖြင့် သာသနာပြုလုပ်ငန်းများ ဆတက်တိုးပွား လုပ်ဆောင်နိုင်ပါစေကြောင်း ဆုတောင်းလျက်။

ချစ်ဇနီး-ဒေါ်မော်မော်ဝင်း
သမီးကြီး-မမြင့်မြင့်မော် BM (B.A)
သားကြီး-မောင်လွင်ဦး:Final Year English
သမီးငယ်-မစမ်းစမ်းမော် (ဒသမတန်း အထက-၁၊ ဒဂုံ)
သားငယ်-မောင်တင်ထွန်းလွင် (အဋ္ဌမတန်း အထက-၁၊ ဒဂုံ)
VOGUE & COUTURE မိသားစု။

ကျောက်ပန်းတောင်းစွန်းလွန်းဝါဆိုသင်္ကန်းကပ်ပွဲ

၁၃၆၆-ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၈ရက်၊ ၈-၈-၂၀၀၄ (တနင်္ဂနွေနေ့)၊ မွန်းလွဲ ၁း၀၀ နာရီအချိန်တွင် ကမ္ဘာအေးစွန်းလွန်းဆရာတော် အရှင်ဝိနယ အမှူးရှိသော ဝါဆိုသံဃာတော်တို့အား ယောဂီများစုပေါင်း၍ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပါမည်။

ကျောက်ပန်းတောင်းစွန်းလွန်း ပဋိပတ္တိသာသနာနုဂ္ဂဟအဖွဲ့။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး (အင်ဂျင်နီယာဌာန)

အောက်ပါသင်တန်းများ ၂-၈-၂၀၀၄ ရက်တွင် ဖွင့်လှစ်ပါမည်။ သင်တန်းသားဦးရေ ကန့်သတ်ထားပါ၍ အမြန်စာရင်းပေးသွင်းကြပါ။

အခြေစိုက်အလုပ်ရုံအမှတ်(၁)၊(၂)

၁။ အခြေခံလျှပ်စစ်သံဂဟေဆက်သင်တန်း(ဓာတ်ငွေ့ဂဟေဆက်၊ အဆင့်မြင့် TIG နှင့် MIG ဂဟေဆက်)။
၂။ အခြေခံဒီဇယ်အင်ဂျင် ပြုပြင်ထိန်းသိမ်းမှုသင်တန်း။
၃။ တွင်ခုံ/ဖောက်ခုံသင်တန်း။
၄။ ယန္တရားကိုင်တွယ်ထိန်းသိမ်းမှုသင်တန်း။
၅။ ပိုက်ဖစ်တာသင်တန်း။

တည်နေရာ

ကုန်းလမ်းပို့ဆောင်ရေး၊ အခြေစိုက်အလုပ်ရုံအမှတ်(၁) မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်။(မဟာဗန္ဓုလတံတားအနီး)။

တယ်လီဖုန်း-၀၁-၂၉၃၁၃၁၊ ၀၁-၂၉၃၁၁၄၊ ၇၂၆၅၇၂ (ရုံးချိန်အတွင်းသာ)။

ဝမ်းနည်းကြေကွဲခြင်း
ဦးသာညွန့် B.Sc., B.Ed.,M.S(Ed)
အသက်(၈၉)နှစ်

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ် (၁၅) ဇလွန်လမ်းနေ၊ ပညာတန်ဆောင် အုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်ဆရာကြီး ဦးသာညွန့် ညွှန်ကြားရေးမှူး (ငြိမ်း)၊ အခြေခံပညာဦးစီးဌာနသည် ၂၇-၇-၂၀၀၄ ရက် (အင်္ဂါနေ့) နံနက် ၆း၅၀နာရီတွင် ကွယ်လွန်ကြောင်းသိရ၍ ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဆရာကြီး မြင့်မြတ်သည့်ဘုံဘဝသို့ ရောက်ပါစေ။

ပညာတန်ဆောင်မိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဦးသာညွန့် B.Sc., B.Ed.,M.S(Ed)
အသက်(၈၉)နှစ်

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ် (၁၅) ဇလွန်လမ်းနေ၊ ပညာတန်ဆောင် အုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်ဆရာကြီး ဦးသာညွန့် ညွှန်ကြားရေးမှူး (ငြိမ်း)၊ အခြေခံပညာဦးစီးဌာနသည် ၂၇-၇-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၆း၅၀ နာရီတွင် ကွယ်လွန်ကြောင်းသိရ၍ ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဆရာကြီး မြင့်မြတ်သည့်ဘုံဘဝသို့ ရောက်ပါစေ။

အမှတ်(၁)အခြေခံပညာဦးစီးဌာန (အောက်မြန်မာပြည်)။

ဝမ်းနည်းကြေကွဲခြင်း
ဦးဝင်းဖေ
ညွှန်ကြားရေးမှူး(ငြိမ်း)၊ဆည်မြောင်းဦးစီးဌာန၊ ဥက္ကဋ္ဌ မင်းဘူးမြို့နယ်အသင်း
အသက်(၇၃)နှစ်

ဒေါက်တာ သက်ခိုင်ဝင်း-ဒေါ်မာဝင်းခိုင်တို့၏ ကျေးဇူးရှင် ဖခင်ကြီး ဦးဝင်းဖေ ညွှန်ကြားရေးမှူး(ငြိမ်း)သည် ၁၈-၇-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါကြောင်း။

ချစ်သူငယ်ချင်း
ဦးကျော်မြင့်-ဒေါ်မာမာရှိန်မိသားစု၊
(ဦးလုံးရောင်းဝယ်ရေး-ပြည်မြို့)။

တစ်လပြည့် လွမ်းဆွတ်သတိရခြင်း
ဗိုလ်မှူးအောင်မြင့် (ငြိမ်း)
ဒုတိယညွှန်ကြားရေးမှူး/စက်မှု/စက္ကူဓာတု(သာပေါင်း)

အနန္တကျေးဇူးရှင် ပါပါကြီး မိသားစုနှင့် ခွဲခွာသွားသည်မှာ (၂၉-၇-၂၀၀၄) ရက်တွင် တစ်လပြည့်ပေမယ့် မေမေနှင့်သားသမီး မိသားစုတို့ရဲ့ ရင်ထဲမှာ အမြဲသတိရလျက်ပါ။ ပါပါကြီးအတွက် ပြုသမျှကုသိုလ်ကောင်းမှု အားလုံးကို မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

အမြဲသတိရအောက်မေ့လျက်-

ချစ်ဇနီး - ဒေါ်မြင့်မြင့်ကြည်
ချစ်သားကြီး - အောင်နိုင်သူ(3rd Year Myanmar)
ချစ်သမီးကြီး - အေးမြသူ(4th Year Law)
ချစ်သားလတ် - အောင်မြင်သူ(3rd Year Computer)
ချစ်သားငယ် - အောင်ကျော်သူ(2nd Year I.R)
ချစ်သမီးငယ် - အေးငြိမ်းသူ(VIII C အထက(၂)ကမာရွတ်)။

အမည်ပြောင်း ဦးမောင်နီအောင်၏သမီး ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ အထက (၂) ဒသမတန်း (˚F) မှ မစိုးမဋ္ဌုအား မချောစုလှိုင်ဟု အမည်ပြောင်းလဲခေါ်ပါရန်။

မချောစုလှိုင်။

အများသိစေရန်ကြော်ငြာချက်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့သော ဗဟန်းမြို့နယ် ရွှေဂုန်ရိပ်မွန်အိမ်ရာရှိ တိုက်ခန်းအား အောက်ဖော်ပြပါပုဂ္ဂိုလ်မှ ရရှိထားပြီးဖြစ်ပါသည်။ ယခုအခါ အဆိုပါတိုက်ခန်းအား ဝယ်ယူထားသူမှ အဆောက်အအုံ နေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲ ပေးပါရန် လျှောက်ထားလာသည့်အတွက် အမည်ပြောင်းလဲပေးခြင်းနှင့် ပတ်သက်၍ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထား များနှင့်အတူ ကြော်ငြာသည့်နေ့မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်။

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့် အခန်းအမှတ်
	ဦးတင်မောင် ကေ/အာရ်ဂျီအင်န်-၀၂၄၃၆၃	ဦးအောင်ဇော်မိုး ၇/ကပက(နိုင်)၀၀၁၄၄၅ ဒေါ်အေးအေးအောင် ၁၃/နစန(နိုင်)၀၂၅၃၇၂	တိုက်-၆ အခန်း-၁၉ ရွှေဂုန်ရိပ်မွန် အိမ်ရာ

ဌာနမှူး
အင်ဂျင်နီယာဌာန(အဆောက်အအုံ)။

ဝမ်းနည်းကြေကွဲခြင်း
ဦးမောင်မောင်
ပါမောက္ခ၊သချ်ာဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်
(မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေး အဖွဲ့ဝင်)
အသက်(၆၁)နှစ်

ဆရာကြီး ဦးမောင်မောင် ၂၆-၇-၂၀၀၄ ရက်တွင် ကွယ်လွန်သည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပါမောက္ခချုပ်နှင့် ရန်ကုန်အဝေးသင်တက္ကသိုလ်မိသားစု။

တစ်လပြည့် လွမ်းဆွတ်သတိရခြင်း
ဦးအောင်သန်း
ဓနဗလ (ဂျိုဝါ) ဆန်စက်ပိုင်ရှင်
ဥက္ကဋ္ဌ၊ ဖျာပုံခရိုင်၊ မြို့နယ်ဆန်စက်လုပ်ငန်းရှင်များအသင်း၊ ဖျာပုံမြို့
အသက် (၆၁)နှစ်

ဖျာပုံမြို့ အမှတ် ၄၅၊ ချောင်းတွင်းလမ်းမကြီးနေ (ဦးမောင်-ဒေါ်အေး) တို့၏သား၊ ဒေါ်ကျင်မေ၏တူ၊ ဒေါ်တင်ရီ၏ ခင်ပွန်း၊ ဦးမိုးဆွေ-ဒေါ်စီစီဖိုးရ (ဆောက်လုပ်ရေးရုံးချုပ်)၊ ဒေါ်အမာကြည်၊ ဒေါ်မြင့်မြင့်ရီ၊ ဦးရွှေတိုး-ဒေါ်ခင်စန်းတို့၏ အစ်ကိုကြီး၊ ဦးကျော်အေး-ဒေါ်ခင်မျိုးအောင်(ခ) ဒေါ်ခေးခေး၊ ဦးသန့်ဇော်-ဒေါ်နုနုအောင်၊ မမြင့်မြင့်အောင်၊ ကိုသန့်ဇင်-မခိုင်ခိုင်မေဦး၊ ကိုတင်ကိုလတ်၊ မမြလေးဆင့်၊ မချောစု၊ မောင်မောင်ကျော်တို့၏ ဖခင်၊ မြေးလေးယောက်တို့၏ အဘိုး ဦးအောင်သန်း (၆၁)နှစ်သည် ချစ်လှစွာသော မိသားစုနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ခွဲခွာသွားခဲ့သည်မှာ တစ်လပြည့်ခဲ့ပြီ၊ တစ်လပြည့် လွမ်းဆွတ်သတိရခြင်းအဖြစ် ၃၀-၇-၂၀၀၄ ရက်နေ့တွင် ကောင်းမှုကုသိုလ်များ ပြုပါမည်။

နေ့စဉ် လွမ်းဆွတ်သတိရလျက်ပါ။ လှူဒါန်းခဲ့သော ကောင်းမှုဒါန အစုစုတို့အတွက် အမျှပေးဝေပါ၏။ ရောက်ရာဘုံဘဝမှ အမျှရ၍ သာဓုခေါ်ဆိုနိုင်ပြီး မြင့်မြတ်သောဘဝများသို့ တက်လှမ်းနိုင်ပါစေ။

ဇနီးဒေါ်တင်ရီနှင့်
ကျန်ရစ်သူမိသားစု။

ဦးလှဘော်
B.Sc (Engg:)
အင်ဂျင်နီယာမှူးကြီး(ငြိမ်း)
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
(စစ်တွေမြို့)
အသက်(၇၆)နှစ်

ရခိုင်ပြည်နယ်၊ စစ်တွေမြို့နေ ဦးသထော်ဦး-ဒေါ်စံခိုင်ဖြူတို့၏သားကြီး၊ ဦးစောလှဖြူ-ဒေါ်သိန်းဟန်၊ ဒေါ်စံလှဖြူ-ဦးစိန်ထွန်းတို့၏အစ်ကိုကြီး၊ ရန်ကင်းမြို့နယ်၊ တိုက်အမှတ် ၁၁၃၊ အခန်းအမှတ် ၈ နေ ဒေါ်အေးရွှေ၏ခင်ပွန်း၊ ဦးကျော်ကျော်ညွန့်-ဒေါ်ဝင်းဝင်းမာ၊ ဒေါ်သင်းသင်းမာ၊ (ယာယီခွဲမှူး၊ ဗိုလ်မှူး) ဗိုလ်ကြီးလင်းကိုကို-ဗိုလ်ကြီးဒေါ်စန်းစန်းမာတို့၏ဖခင်၊ မြသန္တာညွန့်၊ လွင်မာခိုင်ထွန်း၊ အေးအေးသက်ခိုင်၊ မျိုးသန့်ကျော်တို့၏အဘိုးသည် ၂၇-၇-၂၀၀၄ ရက်(အင်္ဂါနေ့)ညနေ ၄း၃၀နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံတွင်ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ကိုမင်းကျော်စိုး(ခ)ကိုကျော်စိုး (မြင်းခြံ)
အသက်(၄၀)

ရန်ကုန်မြို့၊ (၃၅)ရပ်ကွက်၊ အိမ်နံပါတ် ၇၊ ဗိုလ်မင်းရောင်လမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ (ဗိုလ်ကြီးခင်မောင်ကြီး)-ဒေါ်မြစန်း(ကျောင်းအုပ်ဆရာမကြီး၊ အငြိမ်းစား)တို့၏သားကြီး၊ မယဉ်ပန်းသန့်၊ ကိုမင်းကျော်မိုးတို့၏ အစ်ကိုကြီး ကိုမင်းကျော်စိုး(ခ)ကိုကျော်စိုးသည် ၂၈-၇-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) တွင် ရန်ကုန်ဦးနှောက်နှင့်အာရုံကြောဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၇-၂၀၀၄ရက် (သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ပဲခူးတိုင်း၊ သနပ်ပင်မြို့နယ်၊ ကမာစဲရွာနေ KOL Global Co., Ltd. ၏ မန်နေဂျင်းဒါရိုက်တာ ဦးတင်မောင်နိုင်-ဒေါ်ပိုက်ပိုက်တို့၏ မွေးသဖခင် ဦးပါ(ကမာစဲ) အသက်(၈၄)နှစ်သည် ၂၇-၇-၂၀၀၄ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

KOL Global Co., Ltd.
အထွေထွေမန်နေဂျာနှင့်ဝန်ထမ်းများ။

ဝမ်းနည်းကြေကွဲခြင်း

ပဲခူးတိုင်း၊သနပ်ပင်မြို့နယ်၊ကမာစဲရွာနေ Myanmar Machinery Manufacturing Co., Ltd. ၏ မန်နေဂျင်းဒါရိုက်တာ ဦးတင်မောင်နိုင်-ဒေါ်ပိုက်ပိုက်တို့၏ မွေးသဖခင် ဦးပါ(ကမာစဲ) အသက်(၈၄)နှစ်သည် ၂၇-၇-၂၀၀၄ရက်(အင်္ဂါ နေ့)တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Myanmar Machinery Manufacturing Co., Ltd.
ဒုတိယအထွေထွေမန်နေဂျာနှင့်ဝန်ထမ်းများ။

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးမြင့်ဝင်း (ပုသိမ်)
Director Ericsson Sweden (Retired)
အသက်(၆၀)

ချစ်သူငယ်ချင်း ဦးမြင့်ဝင်း အဆင်ပြေချမ်းမြေ့လှစွာသော မိသားစုမှခွဲခွာသွားသည်မှာတစ်လပြည့်ပြီဖြစ်သော်လည်း သူငယ်ချင်း ဒေါက်တာဒေါ်ခင်အေးမှု မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ငယ်သူငယ်ချင်းများ(ပုသိမ်)။

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးမြင့်ဝင်း (ပုသိမ်)
Director Ericsson Sweden (Retired)
အသက်(၆၀)

ကိုမြင့်ဝင်း ပျော်ရွှင်ချမ်းမြေ့လှစွာသော မိသားစုမှ ခွဲခွာသွားသည်မှာ တစ်လပြည့်ပြီဖြစ်သော်လည်း သူငယ်ချင်းမူမူ (ဒေါက်တာဒေါ်ခင်အေးမူ)မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒေါက်တာဝင်းနိုင်-ဒေါက်တာခင်မာဝင်း(Esther)(UK)၊
ဒေါက်တာရီရီသိန်း။

မကွေးကောလိပ် စတုတ္ထအကြိမ်အာစရိယပူဇော်ပွဲ နှိုးဆော်လွှာ

၁ ၉ ၆ ၄ - ၁ ၉ ၇ ၆ ခု နှ စ်

မကွေးကောလိပ်ကျောင်းသားကျောင်းသူ များ၏ **"စတုတ္ထအကြိမ်အာစရိယပူဇော်ပွဲ"**ကို အောက်ပါအစီအစဉ် အတိုင်း ကျင်းပမည်ဖြစ်ပါ၍ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အဆက်အသွယ်မရရှိသော ဆရာကြီး၊ ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူများ ဆက်သွယ်အကြောင်းကြားပေးပါရန် ပန်ကြားအပ်ပါ သည်။

ကျင်းပမည့်နေ့ရက် - ၃-၁၀-၂၀၀၄ (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၉ နာရီ
ကျင်းပမည့်နေရာ - မကွေးတက္ကသိုလ်ခမ္မာရုံ၊ မကွေးမြို့။

ရန်ကုန် - ဦးခင်မောင်ညွန့် ၀၁-၆၆၃၁၈၀၊ ဦးတင်မောင်သန်း ၀၉-၅၀၀၃၈၉၉၊ ဦးတင်ထွန်း ၀၉-၅၀၁၈၅၃၃၊ ဦးသိန်းတန် ၀၁-၂၄၄၁၀၅၊ ဒေါ်ခင်သန်းစိန် ၀၁-၅၃၉၇၁၄၊ ဒေါ်ကြည်ကြည်တင် ၀၉၉၉၂၅၃၄၄၊ ဒေါ်ခင်မာမာ ၅၃၅၆၂၂၊ ဒေါ်မိမိခိုင် ၀၁-၆၄၀၈၆၈။
မကွေး - ဦးခင်မောင်မြင့် ၀၆၃-၂၁၁၂၈၊ ဦးခင်မောင်အေး ၀၆၃-၂၃၂၀၇၊ ဦးအောင်ကျော်ဦး ၀၆၃-၂၃၁၉၃။
မန္တလေး - ဒေါ်ချိုချိုထွန်း ၀၂-၆၄၅၀၅။

ကျောင်းဇရပ်ဒါယကာကြီး
ဦးသာညွန့်
B.Sc, B.Ed, M.S (Ed)
ညွှန်ကြားရေးမှူး(အငြိမ်းစား)၊အခြေခံပညာဦးစီးဌာန
လက်ပံတန်းမြို့နယ်အသင်း(နာယက)
ပညာတန်ဆောင်အုပ်ချုပ်ရေး(အဖွဲ့ဝင်)
သက်ကြီးကန်တော့ခံစာပေပညာရှင်
အသက်(၈၉)နှစ်

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ ဇလွန်လမ်း၊ အမှတ် ၁၅(မြေညီထပ်)နေ (ဦးအောင်ဘွား-ဒေါ်ခင်သိန်း)တို့၏သား၊ (ဦးဘထင်-ဒေါ်နှင်းမေ)တို့၏သားသမက်၊ ဒေါ်လှလှ၏ခင်ပွန်း၊ ဦးခင်မောင်အေး (ဦးစီးအရာရှိ၊ ငါးလုပ်ငန်းဦးစီးဌာန)-ဒေါ်တင်တင်ဌေးတို့၏ဖခင်၊ မောင်တက်ထွဋ်အောင်(ပညာတန်ဆောင်)၊ မောင်သိမ်းဝေလင်း၊ မောင်ထူးနိုင်လင်း-မစုစုအောင်တို့၏အဘိုးသည် ၂၇-၇-၂၀၀၄ရက်(အင်္ဂါနေ့)နံနက် ၆း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၇-၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၄၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ကြည် (ပခုက္ကူ)
အသက်(၈၄)နှစ်

ပခုက္ကူမြို့နေ (ဦးထွန်းမင်း-ဒေါ်ပု)တို့၏သမီး၊ (ဦးအောင်ခိုင်)၏ဇနီး၊ ရန်ကုန်မြို့၊ အမှတ် ၁၅၊ ဣစ္ဆာသယလမ်း၊ ကျောက်မြောင်း၊ ကျားကွက်သစ်ရပ်ကွက်နေ ဦးစိုးမြင့်(အင်ဂျင်နီယာချုပ်၊ ပဆင)-ဒေါ်နီနီတို့၏မိခင်၊ ဒေါက်တာမောင်မောင်ဇော်လတ်-ဒေါက်တာမြတ်နီလာစိုး၊ကိုရဲမြတ်စိုး-မဖူးပွင့်စိုး၊မသီတာမြတ်စိုး၊ မောင်ကျော်မြတ်စိုးတို့၏အဘွားသည် ဿျှင်ပါကူအထူးကုဆေးခန်း၌ ၂၈-၇-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၁၅ နာရီတွင် ကွယ်လွန်သွားပြီဖြစ်ပါ၍ ၃၀-၇-၂၀၀၄ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဦးဝါရှမ်း
ပုလောမြို့နယ်အသင်း အဝေးရောက်နာယက(ပုလော)
အသက်(၇၅)နှစ်

ပုလောမြို့၊ အမှတ်(၃)ရပ်ကွက်၊ သိမ်ဝလမ်းနေ (ဒေါ်အုန်း)၏ခင်ပွန်း ဦးဝါရှမ်းသည် ၂၅-၇-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်းသိရ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **နာယကအမှုဆောင်အဖွဲ့**
ရန်ကုန်-အဝေးရောက်နာယကအမှုဆောင်အဖွဲ့(မြိတ်၊ပုလော)။

ဆရာမကြီး ဒေါ်တင်အေး (ငြိမ်း)
(ဖန်းမော်မြို့)
အသက်(၈၁)နှစ်

ဖန်းမော်မြို့၊ ညောင်ပင်ရပ်တောင်ပိုင်း၊ အမှတ် ၁၅ နေ (ဦးဘရှမ်းဆင်-ဒေါ်ဖွားမယ်)တို့၏သမီး၊ ဒေါ်အေးကြည်၊ (ဒေါ်အေးသီ)တို့၏ညီမ၊ (ဒေါ်ခင်အေး)၊ (ဦးတင်မြင့်၊ ဒုအရာခံဗိုလ်)၊ (ဒေါ်အေးရင်၊သူနာပြုဆရာမကြီး)၊ (ဒေါ်ထွေးတင်၊ ဆရာမ)၊ဦးမြသိန်း-ဒေါ်သန်းသန်းအေး၊ (ဦးတင်ရှိန်)-ဒေါ်မြရီ (စာရင်းစစ်၊ သမဦးစီး၊ မိုးကောင်း)တို့၏အစ်မသည် ၂၇-၇-၂၀၀၄ရက် နံနက် ၉း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၂း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်အေးမြင့် (ပိန်းဇလုပ်ရွာမ)
အသက်(၆၇)နှစ်

ပဲခူးတိုင်း၊ ညောင်လေးပင်မြို့နယ်၊ ပိန်းဇလုပ်ရွာမနေ (ဦးချန်ထွန်း-ဒေါ်ခင်လေး)တို့၏သမီး၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ အိမ်အမှတ် ၁၃၀ နေ(ဦးကျော်မြင့်)-ဒေါ်မြင့်မြင့်ဆွေတို့၏ညီမ၊ (ဦးဝင်းရှိန်)၊ ဦးလေးအောင်-ဒေါ်နန်းလှခင်၊ ဦးကြည်စိုး (ဘူမိဗေဒဌာန၊ W.Y.U)၊ ဒေါ်လှဆန်းကြည် (အထက၊ ပိန်းဇလုပ်)တို့၏ အစ်မ၊ ဒေါ်လွင်လွင်ဦး(D.E.P.T)၊ ဦးစိုးထိုက်အောင်(လှိုင်၊ထွေ/အုပ်)၊ မောင်အေးမင်းအောင်၊ မောင်လှဘုန်း၊ မကေသီအောင်တို့၏အဒေါ်သည် ၂၇-၇-၂၀၀၄ရက် ည ၂၀း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၇-၂၀၀၄ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကျော်ကျော် (ပြည်)
ဦးစီးအရာရှိ(ငြိမ်း)
စက်မှု၊ဆည်မြောင်းဦးစီးဌာန
အသက်(၆၃)နှစ်

ရွှေဘိုမြို့၊မုံအာတွင်းရပ်နေ(ဦးဘထီ-ဒေါ်ဒေါ်န)တို့၏သား၊ ပေါက်ခေါင်းမြို့၊ အမှတ်(၃)ရပ်ကွက်နေ (ဦးအုန်းမောင်-ဒေါ်ငယ်)တို့၏သားသမက်၊ ပြည်မြို့၊ နဝင်းကွက်သစ်၊ ပတ္တမြားလမ်း၊ အမှတ် ၃/၁၉ နေ ဒေါ်ခင်မြင့်ကြည်၏ခင်ပွန်း၊ မောင်ရဲထွန်းကျော်၊ မသိမ့်သိမ့်ကျော်၊ မအိအိကျော်၊ မောင်ခိုင်မြင့်ကျော်၊ မောင်ဇင်မြင့်ကျော်၊ မဖြူမြင့်ကျော်တို့၏ဖခင်သည် ၂၂-၇-၂၀၀၄ရက်(ကြာသပတေးနေ့) ည ၉း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄-၇-၂၀၀၄ရက် (စနေနေ့) တွင် ပြည်မြို့ ကန်သာဦးသုသာန်တွင် မီးသင်္ဂြိုဟ်ပြီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်နွဲ့နွဲ့ဦး (သပြုရွာ)
အသက်(၅၃)နှစ်

ပဲခူးတိုင်း၊ ကဝမြို့နယ်၊ သပြုရွာနေ (ဦးပါစီ)-ဒေါ်အေးကြိုင်တို့၏ သမီး၊ [ဦးညွန့်မောင်-ဒေါ်ခင်ကြည်(ခ)ဒေါ်ညို] တို့၏သမီးချွေးမ၊ ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ သွတ်ဝိုင်းကြီးရပ်ကွက်၊ မေတ္တာ ၃ လမ်း၊ အမှတ် ၁၅၁/ကနေ ဦးလှဌေး၏ဇနီး၊ မအိသီရိဌေး၏မိခင်သည် ၂၈-၇-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)တွင်ကွယ်လွန်သွားပါသဖြင့် ၃၀-၇-၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် သဃ်န်းကျွန်း စံပြဆေးရုံကြီးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဆလိုင်းအဲလ်ဂျေထန်ဘိခ်
B.Sc (Zool)
ဒဂုံတက္ကသိုလ်(၂၀၀၄)
အသက်(၂၄)နှစ်

ချင်းပြည်နယ်၊ မတူပီမြို့၊ စန်ဘောင်ရပ်ကွက်နေ(ဦးဂျေဆာကီး)-ဒေါ်ရိုင်ဇန်းတို့၏သား၊ မိုင်ရိုစီခင်၊ မိုင်လီလီခင်၊ ဆလိုင်းထန်ကီးမာန်တို့၏ မောင်/ညီ၊ မိုင်နီနီထွေး၊ မိုင်ပါရ်ဆင်း၊ မိုင်ပါရ်နန်း၊ မိုင်ငိုင်ဒိန်တို့၏အစ်ကို၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊အိမ်အမှတ် ၁၁၈၈၊ မင်္ဂလာသုခလမ်း၊ (၄၆)ရပ်ကွက်နေ ဦးဆန်နီ(Mi.Hre)၏တူသည် မတူပီမြို့၌ ၂၇-၇-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၆ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားပါသည်။ ကျန်ရစ်သူမိသားစု။

ဦးအောင်ဌေး
ကြီးကြပ်ရေးမှူး(စီမံခန့်ခွဲရေး)
မြန်မာ့စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်)
အသက်(၄၉)နှစ်

ရန်ကုန်မြို့နေ(ဦးမြင့်သန်း)-ဒေါ်ညွန့်ညွန့်တို့၏သားသမက်၊တိုက် ၁၄၊ အခန်း ၁၀၊ စက်မှု(၁)ဝန်ထမ်းအိမ်ရာ(ဗဟန်း) နေ ဒေါ်တင်မေဦး(ကုန်သွယ်/လယ်ယာရုံးချုပ်၊ စီမံဌာန)၏ခင်ပွန်း၊ ဦးစိုးအောင်(ဘဏ်ခွဲ-၆)-(ဒေါ်ဌေးဌေး)၊ ဦးတင်ထွန်းအောင်-ဒေါ်သန်းသန်းအေး၊ ဦးမြင့်သော်-ဒေါ်ရီရီသန်း (စီးပွားရေးဘဏ်ရုံးချုပ်)တို့၏အစ်ကို၊ မမေမီသွယ်(City Mart Yankin)၊ မမေဇင်ခိုင်၊ မောင်သက်အောင်၊ မဆုပြည့်အောင်၊ မယွန်းသီရိအောင်၊ မမြတ်စုအောင်တို့၏ဘကြီးသည် ၂၈-၇-၂၀၀၄ရက် နံနက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၇-၂၀၀၄ရက် (သောကြာနေ့)မွန်းတည့် ၁၂နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ ပိဋကတ်သုံးပုံ ဒါယကာကြီး
ဦးကိုကိုကြည် (မော်လမြိုင်ကျွန်း)
အသက်(၈၇)နှစ်

မော်လမြိုင်ကျွန်းမြို့နေ (ဦးပြုံးချို-ဒေါ်စောမေ)တို့၏သားကြီး၊ (ဦးမောင်ဟန် - ဒေါ်ချစ်)တို့၏ သားသမက်၊ ဦးကိုကိုရီ-ဒေါ်ကြည်၊ ဦးတင်စိန်၊ ဒေါ်စန်းရင်တို့၏အစ်ကိုကြီး၊ အခန်း ၁၈၊ လမ်း ၅၀၊ အကောက်ခွန်အိမ်ရာ၊ ဗိုလ်တထောင်မြို့နယ်နေ ဒေါ်အေးသိန်း၏ ခင်ပွန်း၊ ဒေါ်မြင့်မြင့်ဆွေ(အကောက်ခွန်)၊ ဒေါ်ညွန့်ညွန့်ဌေး-(ဗိုလ်မှူးစိုးနိုင်)တို့၏ ဖခင်၊ မဇွန်သစ်နိုင်(ဓာတုဗေဒ နောက်ဆုံးနှစ်၊ U.D. E)၊ မမြတ်သဇင်နိုင် (ဒုနှစ်၊စီးပွားရေးတက္ကသိုလ်)တို့၏အဘိုးသည် မဟာမြိုင်အထူးကုဆေးခန်း၌ ၂၈-၇-၂၀၀၄ရက် နံနက် ၇း၃၀ နာရီတွင် ကွယ်လွန်၍ ၃၀-၇-၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

မော်လမြိုင်ကျွန်းမြို့နယ်အသင်း(ရန်ကုန်)
ဦးကိုကိုကြည်
ရာသက်ပန်အသင်းဝင်
အသက်(၈၇)နှစ်

မော်လမြိုင်ကျွန်းမြို့နေ (ဦးပြုံးချို-ဒေါ်စောမေ)တို့၏သားကြီး၊ အခန်း ၁၈၊ လမ်း ၅၀၊ ဗိုလ်တထောင်မြို့နယ်နေ ရာသက်ပန်အသင်းဝင် ဒေါ်အေးသိန်း၏ ခင်ပွန်း၊ ရာသက်ပန်အသင်းဝင် ဒေါ်မြင့်မြင့်ဆွေ၊ ဒေါ်ညွန့်ညွန့်ဌေးတို့၏ဖခင် ဦးကိုကိုကြည်သည် ၂၈-၇-၂၀၀၄ရက် နံနက်တွင်ကွယ်လွန်သွားပါ၍ ၃၀-၇-၂၀၀၄ရက်(သောကြာနေ့)မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ၊ နယ်သူနယ်သားများလိုက်ပါပို့ဆောင်ပါရန်။(အထက်ပါနေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင်ထွက်ခွာပါမည်။)အမှုဆောင်အဖွဲ့။

ဦးရွှေဝင်း(ခ)ဂျင်ကျိုက်လိုင်
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၂၃၊ ၄၁ လမ်းနေ (ဂျင်ကိုဟွာ-ဒေါ်အောင်ဂေ့)တို့၏သား၊ ဂျင်တီကွန်း(ခ)ဟီးယာ(ဦးအီချွန်)၏မောင်၊ ဦးမောင်စန်း(ခ) Albert-ဒေါ်သန်းသန်း(ခ)လောင်ဂုရန်၊ ဒေါ်အကြူး(ခ)Alice-ဦးမြင့်ရွှေ၊ ဒေါ်ချိုချိုဝင်း-ဦးမောင်မောင်အေး၊ ဒေါ်အစွမ်(ခ)ဒေါ်လှဝင်း၊ ဒေါ်ခင်ချိုဝင်း(ခ) Lily-Ronald၊ ဒေါ်အယုန်း(ခ)ဒေါ်မြင့်မြင့်၊ (ဒေါ်တင်တင်လှ)၊ ဒေါ်မြမြဝင်း-ဦးအောင်စိုးသိန်း၊ ဒေါ်အေးအေးဝင်း-ဦးကျင်ယုံတို့၏ဖခင်၊ မြေး ၁၃ ယောက်တို့၏အဘိုးသည် ၂၇-၇-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၂း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၀၄ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မောင်တင်မောင်ဆွေ
CDC No.51323
O/S (MT. Setia Jaya)
Samta Shipmanagement Pte., Ltd. (Singapore)
B.A (History)
UFL (Japanese)
အသက်(၃၃)နှစ်

ရန်ကုန်မြို့နေ (ဦးထွေး-ဒေါ်မြခင်)၊ (ဦးမြိုင်-ဒေါ်စိန်မြ)တို့၏မြေး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ် ၅၆၊ ၁ လမ်း၊ ကေတုမာလာရိပ်သာ၊ (၄)ရပ်ကွက်နေ ဦးချစ်ဆွေ(လက်ထောက်ညွှန်ကြားရေးမှူး၊ အကောက်ခွန်ဦးစီးဌာန၊ နစခ-၃၊ ကော့သောင်း)-ဒေါ်တင်တင်ဝင်းတို့၏သား၊ မမာလာဆွေ(B.Sc Physics၊ M.P.A၊ သုခဆောက်လုပ်ရေး)၏အစ်ကိုသည် ၁၈-၇-၂၀၀၄ရက်တွင် သီရိလင်္ကာနိုင်ငံအနီး ပင်လယ်ပြင်တွင် တာဝန်ထမ်းဆောင်ရင်း ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။(သင်္ဂြိုဟ်မည့်နေ့ရက်ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးသာညွန့်
ညွှန်ကြားရေးမှူး(ငြိမ်း)
ပညာရေးဌာန
နာယကလက်ပံတန်းမြို့နယ်အသင်း
အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဇလွန်လမ်း၊ အမှတ် ၁၅ နေ ဆရာကြီး ဦးသာညွန့်(နာယက၊လက်ပံတန်းမြို့နယ်အသင်း)သည် ၂၇-၇-၂၀၀၄ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါ၍ ၂၉-၇-၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန် နှိုးဆော်အပ်ပါသည်။ အမှုဆောင်အဖွဲ့။

ဦးတင်ရွှေ (ဖျာပုံ)
ယခင် လယ်စိုက်ရှင်း(ငြိမ်း)
အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ခေမာသီရိလမ်း၊ အမှတ် ၄၉၈/၄၉၉ (ခေါင်းရင်းနှစ်လွှာ)နေ (ဦးဘကျော် - ဒေါ်ကျင်ရွှေ)တို့၏သား၊ (ဦးဘခိုင် - ဒေါ်တင်လှ)တို့၏ သားသမက်၊ ဦးကိုကိုကြီး-ဒေါ်စန်းတင့်၊ ဦးမောင်မောင်-ဒေါ်လှတင့်တို့၏ ညီ/မောင်၊ ဒေါ်မြသွင်၏ခင်ပွန်း၊ ဦးသူရအောင် - ဒေါက်တာတင်တင်အေး၊ ဗိုလ်ကြီးအောင်သူခိုင် - ဒေါ်မဉ္ဇူအေး၊ ဒေါ်မိမိခိုင်(P.P.B Co.,)တို့၏ဖခင်သည် ၂၆-၇-၂၀၀၄ရက် ညနေ ၄း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၇-၂၀၀၄ရက်(သောကြာနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၄၅ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးလေးမောင် (မုံရွာ)
လက်ထောက်မန်နေဂျာ(ငြိမ်း)၊
မြန်မာ့သစ်လုပ်ငန်း
လက်ထောက်မန်နေဂျာ
(သစ်တောဖက်စပ်)
မိတ္ထီလာမြို့
အသက်(၆၂)နှစ်

မုံရွာမြို့၊ အောင်ချမ်းသာရပ်၊ သီရိလမ်းနေ (ဦးလှဘော်-လက်ထောက်မန်နေဂျာ၊ ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)-ဒေါ်ခင်အေးတို့၏သား၊ အမရပူရမြို့နေ ဦးမြင့်သိန်း-ဒေါ်ခင်ရွှေတို့၏ သားသမက်၊ ဒေါ်ခင်မြင့်မြင့်ရီ၏ခင်ပွန်း၊ (ဦးအောင်သန်း-လက်ထောက် မန်နေဂျာ၊ ရောင်း/စက်၊ မုံရွာ)-ဒေါ်တင်တင်တို့၏မောင်၊ဦးသိန်းညွန့်အောင်(အထက်တန်းရှေ့နေ) - (ဒေါ်အမာ-မြို့နယ်ဥပဒေအရာရှိ၊ မုံရွာ)၊ ဦးသာဆန်း [အငယ်တန်း မန်နေဂျာ(၇၅)သစ်စက်၊ မုံရွာ]-ဒေါ်မြင့်မြင့်ဝင်း၊ ဒေါ်ကြင်ကြင် (အထပြ၊ အထက-၁၊ မုံရွာ)၊ (ဦးဝင်းမောင်-ရေ/လမ်း)-ဒေါ်အမာမြင့်တို့၏အစ်ကို၊ ကိုနေမျိုးဦး(ခ)ဘိုဘို-မသင်းသင်းကြည်၊ ကိုစိုးမိုးကျော်-မနန္ဒာမောင်တို့၏ဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၂၀-၇-၂၀၀၄ရက် (အင်္ဂါနေ့)တွင် မိတ္ထီလာမြို့၌ ကွယ်လွန်သွားပါ၍ ၂၁-၇-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် မြင်တော်ကန်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးလှထွန်း
အသက်(၅၃)နှစ်

မြောက်ဥက္ကလာပမြို့နယ်၊ (၁) ရပ်ကွက်၊ အမှတ် ၂၈၅၊ သုမိတ္တာ ၉ လမ်းနေ (ဦးစိန်လှိုင်)-ဒေါ်သိန်းမြင့်တို့၏သားကြီး၊ (ဦးတင်ရှိန်-ဒေါ်သန်းကျင်)တို့၏သားသမက်၊ကိုအောင်ကြိုင်-မညွန့်ရွှေ၊ကိုမျိုးမြင့်-မရွှေကြည်၊ကိုသိန်းထွန်း၊ ကိုငြိမ်း-မမြင့်မြင့်သန်း၊ ကိုဝင်းညွန့်၊ ကိုမြင့်ကျော်၊ မခင်စန်းလွင်၊ ကိုဝင်းသိန်း၊ မမွေးခင်၊ ကိုဝင်းငြိမ်း၊ မမွေးတင်၊ မောင်ထွန်းထွန်း၊ မောင်အောင်လွင်တို့၏အစ်ကိုကြီး၊ (မောင်ထွန်းလင်းဇော်)၊ မောင်ထက်အောင်ခိုင်၊ မောင်ညီညီထက်တို့၏ဖခင်၊ ဒေါ်လင်းလင်းစိန်(အမက-၁၊ မ/ဥ)၏ ခင်ပွန်းသည် ၂၈-၇-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၃၀-၇-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးပါ(ကမာစဲ)
အသက်(၈၄)နှစ်

ပဲခူးတိုင်း၊သနပ်ပင်မြို့နယ်၊ကမာစဲရွာနေ(ဦးမြတ်ကျော်-ဒေါ်ပို)တို့၏သား၊ အမှတ် ၉၊ သုဒဿနလမ်း၊ ဌေးကြွယ်(က)ရပ်ကွက်နေ ဒေါ်ခင်၏ခင်ပွန်း၊ ဦးနိုင်ဦးခင်-ဒေါ်သန်းသန်းအေး၊ ဦးတင်မောင်နိုင်-ဒေါ်ပိုက်ပိုက် (KOL Global Co., Ltd.)၊ (မောင်မျိုးအောင်ကျော်)၊ မဥမ္မာအောင်တို့၏ ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၂၇-၇-၂၀၀၄ရက်(အင်္ဂါနေ့) ည ၁၀း၄၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၉-၇-၂၀၀၄ရက်(ကြာသပတေးနေ့)မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(အထက်ပါနေအိမ်မှကားများ နံနက်၁၀း၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဒေါ်အေးမြင့်
(ပိန်းဇလုတ်ရွာမ)
အသက်(၆၇)နှစ်

ပဲခူးတိုင်း၊ညောင်လေးပင်မြို့နယ်၊ ပိန်းဇလုတ်ရွာမနေ (ဦးချန်ထွန်း-ဒေါ်ခင်လေး)တို့၏သမီး၊ ဒုရဲမှူးကြီးဇုတ်သိုနှင်း(ငြိမ်း)-ဒေါ်လေ့တရယ်၊ ဦးကံညွန့်(FG)-ဒေါ်ဘေဘီ၊ ရဲအုပ်အောင်မင်းကြည်-ဒေါ်ဂျာအောင်၊ ဦးစောဝဏ္ဏကြည်(Today)-ဒေါ်စိုးစိုးနွယ်၊ ရဲအုပ်ရန်နိုင်စိုး-ဒေါ်ခင်ညိုညို၊ ဦးကိုကိုဦး-ဒေါ်သက်သက်ခင်၊ မောင်စိုးမင်းသန်း(FG)၊ ဒေါ်လွင်လွင်ဦး(DEPT)၊ ဦးစိုးထိုက်အောင်(လှိုင်၊ထွေ/အုပ်)၊မောင်အေးမင်းအောင်၊ မကေသီအောင်၊ မောင်လှဘုန်းတို့၏အဒေါ်သည် ၂၇-၇-၂၀၀၄ရက် ည ၈း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၇-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူတူ၊တူမများ။

ဦးအုန်းကြည်
အသက်(၆၀)

ရန်ကုန်မြို့၊အမှတ် ၁၃၈/က၊ပါရမီလမ်း၊(၄)ရပ်ကွက်၊ကေတုမာလာရိပ်သာ၊တောင်ဥက္ကလာပမြို့နေ(ဦးမောင်ခွေး-ဒေါ်ငွေဆိုင်)တို့၏သား၊ ဒေါ်တင်တင်အေး၏ခင်ပွန်း၊ ကိုခင်မောင်အေး-မခင်သန်းသန်းမော်၊ ကိုခင်မောင်သက်၊ ကိုကိုလတ်၊ မတင်မိုးမိုးလှိုင်၊ ကိုအောင်မင်းဦးတို့၏ဖခင်သည် ၂၅-၇-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၁း၃၀နာရီတွင် မဟာမြိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၀၄ရက် (အင်္ဂါနေ့)မွန်းလွဲ ၂ နာရီတွင်ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၃၁-၇-၂၀၀၄ရက်(စနေနေ့)နံနက်တွင် သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းကပ်လှူဒါန်းမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးအောင်ဌေး
မင်းလှမြို့၊ပဲခူးတိုင်း
ကြီးကြပ်ရေးမှူး(စီမံခန့်ခွဲရေး)
မြန်မာ့စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်)
အသက်(၄၉)နှစ်

ပဲခူးတိုင်း၊ မင်းလှမြို့နေ (ဦးတင်မောင်-ဒေါ်တင်ညွန့်)တို့၏သား၊ရန်ကုန်မြို့နေ (ဦးမြင့်သန်း)-ဒေါ်ညွန့်ညွန့်တို့၏ သားသမက်၊ မင်းလှမြို့နေ ဦးဝင်းစိန်-ဒေါ်ရီရီမြင့်၊ ဦးဝင်းထိန်-ဒေါ်မြမြထွေး၊ ဦးဝင်းမြင့်-ဒေါ်ပြုံး၊ ဦးအေးသောင်း-ဒေါ်ပိုင်၊ ဒေါ်စန်းစန်းမြင့်၊ ဦးမြင့်ဌေး-ဒေါ်ကေသီ၊ (ဦးလှတိုး)-ဒေါ်ကြည်ကြည်ဝင်း၊ ဦးကျော်ဝင်း-ဒေါ်ဌေးဌေးလှိုင်၊ ဦးကျော်ထွန်း-ဒေါ်အေးအေးမော်တို့၏ ညီ/မောင်/အစ်ကို၊ ရန်ကုန်မြို့၊ တိုက် ၁၄၊ အခန်း ၁၀၊ စက်မှု(၁) ဝန်ထမ်းအိမ်ရာနေ ဒေါ်တင်မေဦး (ကုန်သွယ်/လယ်ယာရုံးချုပ်၊ စီမံဌာန)၏ ခင်ပွန်းသည် ၂၈-၇-၂၀၀၄ရက် နံနက်တွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၃၀-၇-၂၀၀၄ရက် (သောကြာနေ့)မွန်းတည့် ၁၂နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချီ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ **R. 488**

ကျောက်ပန်းတောင်းမြို့နယ်၌ တောင်ရေရေလှောင်တမံ ဖွင့်လှစ် တမံကန့်ပြည့်ရေလှောင်ပမာဏ ဧကပေ ၃၄၃၀ရှိ ကြက်မောက်တောင်ရေလှောင်တမံသို့ ရေကူးရေဖြည့်ပေးသွားမည်

ရန်ကုန် ဇူလိုင် ၂၈

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)က တာဝန်ယူ တည်ဆောက်ခဲ့သည့် မန္တလေးတိုင်း မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် တည်ပင်တဲကျေးရွာအနီး တောင်ရေချောင်းပေါ်၌ ဆောက်လုပ်ပြီးစီးသွားသော တောင်ရေ ရေလှောင်တမံဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် အဆိုပါရေလှောင်တမံအနီးရှိမဏ်လာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တက်ရောက်အမှာစကားပြောကြားပြီး မော်ကွန်းကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

စာမျက်နှာ ၅ ကော်လံ ၁

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးတက်မည်

ရန်ကုန် ဇူလိုင် ၂၉

ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာသက်ဆင်ရှင်နာဝပ်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မကြာမီ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ကျင်းပမည့် ပထမအကြိမ် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်မည်ဖြစ်သည်။

(သတင်းစဉ်)



လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)က တာဝန်ယူတည်ဆောက်ခဲ့သည့် မန္တလေးတိုင်း မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် တည်ပင်တဲကျေးရွာအနီး တောင်ရေချောင်းပေါ်ရှိ တောင်ရေ ရေလှောင်တမံကို ဖွင့်လှစ်အပြီး တွေ့ရစဉ်။

(သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- * စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- * အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြင်းခြံခရိုင်တစ်ခုတည်းမှာပင် ရေလှောင်တမံ ၁၅ခုက ဆည်ရေသောက်ဧရိယာ ၃၈၃၀၃ ဧက ဆည်ရေပေးဝေနေ

မြင်းခြံခရိုင်တစ်ခုတည်းမှာပင် တည်ဆောက်ပြီးသည့် ရေလှောင်တမံများအနေဖြင့် မြင်းခြံမြို့နယ်၌ စွန်းလွန်း ရေလှောင်တမံ၊တောင်ပင်လယ်နှင့် မြောက်ပင်လယ်ရေလှောင်တမံ၊ တောင်သာမြို့နယ်၌ ကျောက်တလုံးရေလှောင်တမံ၊ ဆင်တဲဝ(သမက္ကူ)ရေလှောင်တမံ၊ စွန်ကန်ရေကာတာ၊ တောင်သာရေလှောင်တမံ၊ ဝဲလှောင်ရေလှောင်တမံနှင့် ကျောက်တလုံးရေကူးရေလှောင်တမံ၊ နွားထိုးကြီးမြို့နယ်၌ ဇီးတောရေလှောင်တမံ၊ ငါန်းဇွန်မြို့နယ်၌ မြို့သာရေလှောင်တမံ၊ ဖောင်းကတောရေလှောင်တမံနှင့် နတ်သားတောရေလှောင်တမံ၊ ကျောက်ပန်းတောင်းမြို့နယ်၌ ပင်းချောင်းရေလှောင်တမံနှင့် ယနေ့ဖွင့်လှစ်သည့် တောင်ရေရေကူးပေးရေလှောင်တမံတို့ဖြစ်သည်။ ယင်း ရေလှောင်တမံ ၁၅ ခုမှနေ၍ ဆည်ရေသောက်စုစုပေါင်းဧရိယာ ၃၈၃၀၃ ဧက ဆည်ရေပေးဝေလျက်ရှိသည်။